# NetGuidE

IT, Electronics & Communication Journal

VOL : 4, ISSUE : 51 | 10 SEPTEMBER 2016, SATURDAY



TRUSTED BY SYNNEX

Phone Number 09 973859332, 09 73040604

Synnex Myanmar








The smartwatch has come full circle



Intel's 7th-gen chips inspire new laptops



Quantum dots are hottest technologies




It rained mid-range phones at IFA



Every laptop is a 2 in 1



• SPECIAL COLLECTION



## Article

အိန္ဒိယဈေးကွက်သို့ ထိုးဖောက်ဖို့ ပြင်ဆင်နေတဲ့ Gionee . . .

## Article

အင်တာနက်ကို Offline သုံးသည့်အခါ . . .





## Article

အားသွင်းရင် ဒါတွေ စဉ်းစား . . .

### LAPTOP, ELECTRONIC, AUDIO, RELATED & MORE

- MSI မှ Geforce GTX10 Series Gaming Laptop များအား စတင်မိတ်ဆက်
- ကင်မရာအထူးကောင်းမွန်သော Meizu MX6 ဖုန်းအား မြန်မာနိုင်ငံဈေးကွက်တွင် စတင်ဝယ်ယူနိုင်
- ထပ်ဆောင်းဝန်ဆောင်မှုအချို့ကြောင့် သက်ရောက်ခံခဲ့ရသည့် သုံးစွဲသူများအား MPT မှ ဖုန်းငွေပြန်ဖြည့်ပေး
- တိုကျိုဂိမ်းပြပွဲတွင် မြန်မာနိုင်ငံမှ စတုတ္ထအကြိမ်အဖြစ် ပါဝင်ပြသမည်
- Huawei မှ ကိုယ်စားလှယ်တော်များသည် မြန်မာအစိုးရနှင့်အဖွဲ့အား ဘေဂျင်းတွင် ညှိနှိုင်းတွေ့ဆုံမှု ပြုလုပ်ခဲ့
- မန္တလေးမြို့တွင် ဝန်ဆောင်မှုအသစ် ထပ်မံစတင်လိုက်သည့် shop.com.mm
- Asus မှ ROG PC Gaming Gear အသစ်များကို ပြသခဲ့
- TP-Link မှ Neffos X1 နှင့် Neffos X1 Max စမတ်ဖုန်းများအား ပြသခဲ့
- Intel မှ Laptop များအတွက် သတ္တမမျိုးဆက် Kaby Lake Core CPUs များကို ဖြန့်ချိခဲ့





ပြတ်သားကြည်လင်တဲ့
အမြင်
တွေကိုပိုင်ဆိုင်စေဖို့
iiCARE
Lutein & Bilberry Extract
မျက်စိညောင်းခြင်း
မျက်ကြောတင်းခြင်း
မျက်စိကျိန်းခြင်း
အမြင်မှုန်ဝါးခြင်း
မျက်စိခြောက်သွေ့ခြင်း
မျက်ရည်ပူကျခြင်းများအတွက်...
အိုင်းကဲ
မနက်တစ်လုံး ညတစ်လုံး (သို့)
ဆရာဝန်ညွှန်ကြားသည့်အတိုင်း
အစာစားပြီးသောက်ရန်
MEGA We care
iiCARE
Bilberry Extract
Bilberry သီး၊ လူတင်း၊ ဘီတာကယ်ရိုတင်းတို့ ပေါင်းစပ်ပါဝင်တဲ့ သဘာဝမျက်စိအားဆေး ဖြစ်ပါတယ်။
MEGA
We care
Human Wellness


မြန်မာနိုင်ငံတွင် ပထမဆုံး MOBILE SERVICE ပညာရှင်များစဉ်ဆက်မပြတ်မွေးထုတ်ပေးနေသော SAYAR KOSAI ဦးစီးသင်ကြားသည့်
MOBILE DOCTOR
MANDALAY
Training & Service Centre
မြန်မာနိုင်ငံ၏ ပထမအကောင်းဆုံး ဖုန်းပြုပြင်ခြင်းသင်တန်းကျောင်း
HARDWARE COURSES
Electronic အခြေခံပစ္စည်းများ၏အလုပ်လုပ်ပုံများ။
Integrated Circuit (IC) များ၏အလုပ်လုပ်ပုံများနှင့်အခြေခံသဘောတရားများ။
မီတာတိုင်းတာနည်းများနှင့်ပြစ်ချက်များရှာဖွေနည်းများ။
Schematic Diagram နှင့်Component Diagram များကိုလွယ်ကူလျင်မြန်စွာဖတ်ရှုနည်းများနှင့် လက်တွေ့အသုံးချနည်းများ။
No Power, Short Circuit ပြစ်ချက်များအား လွယ်ကူလျင်မြန်စွာ ဖြေရှင်းနည်းများ။
Jumper ပြုလုပ်ရာတွင်ခက်ခဲသည့်IC ခြေထောက်အောက်မှကြိုးထုတ်၍ Jumper ကျော်နည်းများ။
ဖြုတ် / တပ်ပြုလုပ်ရာတွင်အလွယ်တကူပျက်စီးနိုင်သောကော်ပါသည့် Socket များ၊ Connector များကို အပျက်အစီးမရှိစေဘဲ လွယ်ကူစွာဖြုတ် / တပ်ပြုလုပ်နိုင်မည့်နည်းလမ်းများ။
ခဲပြန်ဖော်ရန်ခက်ခဲသည့်မည်သည့် IC, CPU အမျိုးအစားများမဆိုလွယ်ကူလျင်မြန်စွာခဲပြန်ဖော်နိုင်မည့် နည်းလမ်းများ။
မည်သည့်IC, CPU အမျိုးအစားများမဆိုBGA စက်၊ Inferred Gun များအသုံးမပြုဘဲအပျက်အစီးမရှိ ကျွမ်းကျင်ပိုင်နိုင်စွာဖြုတ် / တပ်ပြုလုပ်နိုင်မည့်နည်းလမ်းများ။
iPhone Advance သင်တန်း Hardware Only
Service သမားများ ဆိုင်ဖွင့်ပြီး ကိုယ့်ကိုယ်ကို အားမရဖြစ်နေပါသလား ?
Circuit Diagram ဖတ်ပြီး နားမလည် ရှုပ်ထွေးနေပါသလား ?
iPhone, iCloud, Error Solution
၁၀ ရက်လောက်အချိန်ပေးလိုက်ပါ
သင့်အတွက် အားရကျေနပ်သွားစေဖို့ အာမခံပါသည်။
1.10.2016 မှ 10.10.2016 အထိ ⇨ 3:00 PM to 6:00 PM
"နယ်မှသင်တန်းသားများအတွက် အဆောင် အခမဲ့ နေထိုင်ခွင့်ပေးပါသည်။"
[ Batch - 5 ] 10:00 AM to 12:00 PM (စနေ.+တနင်္ဂနွေ) 12.9.2016
Branch (3) - အမှတ် (21)၊ 31 လမ်း၊ 74 × 75 ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့ ဆေးကျောင်းအနောက်ဘက်။
Ph : 09 795402377, 09 795402388, 09 795402399, 09 450009877


A Leading Thermal Receipt Printer Manufacturer in Mainland China
RT
RONGTA
RPP 300
Portable printer
RP 76III
Impact printer
RP 80VI
Label printer
RP 327
Thermal receipt printer
RP 820
Mini thermal printer
300mm/s high printing speed
RP 400
Thermal transfer barcode printer
203dpi and 300dpi for optional
RP 850
Mini thermal printer
Optional light and beep sound alerts
RP 835
24-pin dot matrix printer
Good replication capacity: 1original + 6copies
RLS 1000/1100
Label scale
15KG/30KG FOR OPTIONAL
SUPPORT 10000PLU
Xiamen Rongta Technology Co.,ltd
Tel:(86-592)5666129 Fax:(86-592)5659169
E-mail:sales@rongtatech.com www.rongtatech.com
Factory:3/F Bldg.E, Gaoqi Industrial Area,195 Gaoqi Beisan Rd.,Dianqian,Huli,Xiamen, Fujian 361006,China
RA
Authorized Distributor(Myanmar)
Royal Ayeyarwaddy Co.,Ltd www.royal-ayeyarwaddy.com
Yangon:Tel:394494,389366,384850,09-7310 2727
ISO 9001:2008 REACH
CE FC CB


www.facebook.com/marcusmyanmar
မိုးရာသီအထူး Promotion အနေနဲ့ 2.9.2016 မှ 16.9.2016 အထိ . . .
marcus
Connect Everyone, Everywhere
ယခင် - 250,000/-
ယခု - 150,000/-
သင့်ရဲ့လုပ်ဆောင်ချက်တိုင်းကိုပြည့်ဆည်းပေးမယ့်
Pantech V 950
CPU မြန်နှုန်း : Octa Core Processor 1.4 GHz
ဝင်ဆံ့နိုင်မှုပမာဏ : 16 GB ROM (up to 64 GB), 2 GB RAM
မြင်ကွင်း : (5") 300 ppi
လုပ်ဆောင်မှုစနစ် : Android 5.1 (Lollipop)
ကင်မရာ : 13 MP (4160 x 3120 px)
: 5 MP (2592 x 1944 px)
ကွန်ရက်စနစ် : 4G (LTE)
ဘက္ထရီ : 3200mAh, Li-Polymer
ဆင်းကတ် : Dual Micro Sim
WARRANTY 1 YEAR WARRANTY
Show Room & Service Centre
အမှတ် (၁၅၉)၊ ၄၅ လမ်း နှင့် ၄၆ လမ်းကြား၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၀၀၄၇၆၊ ၀၉ ၂၅၄၂၈၁၈၁၂
E-mail : mobilesales@scptotal.com
Pantech V 955
ယခင် - 300,000/-
ယခု - 175,000/-
CPU မြန်နှုန်း : Octa Core Processore 1.4 Ghz
ဝင်ဆံ့နိုင်မှုပမာဏ : 16 GB ROM (up to 64 GB), 2 GB RAM
မြင်ကွင်း : (5.5") 275 ppi
လုပ်ဆောင်မှုစနစ် : Android 5.0 (Lollipop)
ကင်မရာ : 13 MP (4160 x 3120 px)
: 5 MP (2592 x 1944 px)
ကွန်ရက်စနစ် : 4G (LTE)
ဘက္ထရီ : 2500mAh, Li-Polymer
ဆင်းကတ် : Dual Micro Sim
EXTENDED 1 YEAR WARRANTY
SCP Total Myanmar Co.,Ltd
အမှတ် (၄၀၇)၊ ၄ - လွှာ၊ သီရိကွန်ဒို(အေ)၊ (၉) မိုင်၊ အိုးရှင်းရှော့ပင်စင်တာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၁၆၆၅၇၃၊ ၀၉ ၉၆၀၀၀၂၇၇၅၊ ၀၉ ၄၂၀၀၈၃၄၄၂
Website : www.marcusspace.com


NET NINE PROFESSIONAL
NETWORK SYSTEM & ACCESSORIES
No.210, Seikkanthar Street (Middle Block), Kyauktada Tsp, Yangon. Ph: 01- 378171
Rack
4U, 6U, 9U, 18U, 27U, 42U
4U
6U
9U
18U
27U
42U
Network System
CATV System
Fire Alarm System
Access Control System
CCTV System
PA System
PABX System
Computer Sale


TECLAST 台电
No.1 Brand Of Dual OS Tablet PC From China
Tbook 11
Showroom & Service Center
Yangon : No.86, 37th Street, Kyauktada Township
Phone : 01-245805,248257,385052,385673,391327
Mandalay : No. B2-6G, 32 Street (Between 77 x 78), Chan Aye Thar San Township
Phone : 09-442262901, 785556542, 973944277, 977970963
Authorized Distributor
ICB Co.Ltd
အမြို့မြို့အနယ်နယ်ရှိ Teclast Dealer ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
A78t (43,000 MMK)
WiFi
Rockchip RK3126
Quad Core 1.3GHz
7" (1024 x 600)
512MB RAM
8GB NAND
Andriod 4.4
2000mAh Li-on battery
X80 Pro (113,000 MMK)
WiFi / BT 4.0
Intel Atom x5-Z8300
Quad Core 1.84GHz
8" IPS screen (1920 x 1200)
2GB RAM
32GB eMMC
Andriod 5.1 / Window 10 Home Edition
3800mAh Li-on battery
X70 R (64,000 MMK)
WCDMA, GSM / Dual Sim
Intel Atom x3-C3230RK
Quad Core 1.10GHz
7"IPS screen (1024 x 600)
1GB RAM
8GB ROM
Andriod 5.1
3000MAh Li-on battery
X80 Plus (104,000 MMK)
WiFi, BT 4.0
Intel Atom x5-Z8300
Quad Core 1.84GHz
8" IPS screen (1280 x 800)
2GB RAM
32GB eMMC
Andriod 5.1 / Window 10 Home Edition
3800MAh Li-on battery
Tbook 11 (229,000 MMK)
WiFi, BT 4.0
Intel Atom x5-Z8300
Quad Core 1.84GHz
10.6" IPS screen (1920 x 1080)
4GB RAM
64GB eMMC
Andriod 5.1 / Window 10 Home Edition
7500AMh Li-on battery
Tbook 10 (224,000 MMK)
WiFi, BT 4.0
Intel Atom x5-Z8300
Quad Core 1.84GHz
10.1" IPS screen (1920 x 1200)
4GB RAM
64GB eMMC
Andriod 5.1 / Window 10 Home Edition
6500AMh Li-on battery
X16 Plus (149,000 MMK)
WiFi, BT 4.0
Intel Atom x5-Z8300
Quad Core 1.84GHz
10.6" IPS screen (1920 x 1080)
2GB RAM
32GB eMMC
Andriod 5.1
7300AMh Li-on battery
X89 Kindow (83,000 MMK)
WiFi, BT 4.0
Intel Atom Z3735F
Quad Core 1.83GHz
7.5" IPS screen (1440 x 1080)
2GB RAM
32GB eMMC
Andriod 4.4 / Window 10 Home Edition
3500MAh Li-on battrey
Facebook Page
www.facebook.com/TeclastMyanmar
Office hours: 9:15AM-6:15PM (Closed on Sunday and Public Holidays)
Website
www.teclast.com/en/

# ရုပ်ရှင်အခြေခံ (Filmmaking Basic) အပိုင်း (၁၃) Cinematography (Lighting)

ဆောင်းပါးရှင် – ဖြိုးဖဲ

ယခင်အပါတ်မှ အဆက်

## Qualities of Light

Light ရဲ့ Quality ဆိုတဲ့ အလင်းရဲ့ အရည်အသွေးမှာ အပိုင်းနှစ်မျိုးခွဲ လို့ရပါတယ်။ ပထမဆုံးတစ်ခုကတော့ အလင်းရဲ့အရောင်ပါ။ Color of Light ပါ။ ရုပ်ရှင်သုံးမီးတွေမှာ အရောင်နှစ်မျိုးရှိပါတယ်။ အဲ့ဒါကတော့ အလွယ်ပြောရရင် အဖြူရောင်နဲ့ အဝါရောင်ပါ။ White Balance အခန်းမှာရေးခဲ့တဲ့ Color Temperature ပေါ်မှာပြန်ပြီး အခြေခံပါတယ်။ Film Lighting တွေကို ပြောကြတဲ့အခါမှာ အလွယ်အနေနဲ့ အဖြူ အဝါဆိုပြီးပြောတတ်ကြပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လဲ စတင်ရိုက်ကူးချိန်ကဆို အဖြူ အဝါဘာယူမလဲဆိုရင် ဘာလုပ်ရမှန်းမသိဖြစ်တတ်ပါတယ်။ ဒါ့ကြောင့် ဒီ Color of light နဲ့ သူ့ရဲ့ Usage တွေကို သိရှိထားရပါမယ်။

## Color of light

အဖြူရောင်ဖြစ်တဲ့ Lighting ကိုတော့ Day Light Balance လို့ခေါ်ပါတယ်။ ဘာလို့လဲဆိုတော့ အဖြူရောင်ဟာ White Balance အခန်းမှာရေးခဲ့တဲ့အတိုင်း သူဟာ Day Light Color ဖြစ်လို့ပါ။ ဆိုတော့ အဖြူကို ဘယ်အချိန်မှာသုံးကြမလဲဆိုပြီးရှိပါတယ်။ ပထမဆုံးရိုက်မယ့်အချိန်ကို တွေးရပါမယ်။ အဲ့ဒီနောက်မှာတော့ ရိုက်ကူးမယ့်နေရာပါ။ Outdoor မှာ နေ့ခင်းဘက်ရိုက်ကူးမယ်ဆိုရင် သေချာတာကတော့ မီးအဖြူ Daylight Balance ကိုပဲသုံးရမှာပါ။ ဒါမှပဲ အပြင်မှာတကယ်ရှိနေတဲ့ Color temperature နဲ့ Lighting က ထွက်လာတဲ့ Temperature က တူညီမှာပါ။ အဲ့ဒီအခါမှသာ Camera က White Balance ချိန်ညှိတဲ့အခါ တစ်ပြေးညီတည်းရရှိမှာပါ။ Outdoor တိုင်း Daylight Balance Color တော့မဟုတ်ဘဲ နေ့ရက်ရဲ့အချိန်နဲ့ ရာသီဥတုပေါ်ကို မူတည်ပါသေးတယ်။ Indoor မှာရော ဘယ်အချိန်မှာ Daylight Balance တွေ သုံးမလဲဆိုတာလဲရှိပါတယ်။ ဒါကတော့ အပြင်ဘက်ကို မြင်နေရတဲ့အနေအထား (ဥပမာ ပြတင်းပေါက်နားမှာရိုက်တဲ့ အနေအထားတွေ)မှာဆို Daylight Balance Light တွေသုံးရပါမယ်။ အပြင်ကို မြင်ရတာမျိုးမဟုတ်ဘဲ အတွင်းခန်းမှာ မှုရင်းရှိနေတဲ့ Light တွေဟာ Daylight Balance မီးလုံးတွေဆိုရင်လဲ သုံးလို့ရပါတယ်။ အဓိက Concept က Camera ကနေ White Balance ချိန်တဲ့အခါ Shot ထဲမှာမတူညီတဲ့ Color Temperature တွေပါလာရင် အထဲမှာပါလာတဲ့ အလင်းတချို့ဟာ Color Cast တွေဝင်ကုန်မှာပါ။

Day Light ရဲ့ Color Temperature ကတော့ 5600K(Kelvin)ဖြစ်ပါတယ်။



နောက် အဝါရောင်ဖြစ်တဲ့ Lighting ကတော့ Tungsten Light လို့ခေါ်ပါတယ်။ ဒီ Tungsten Lighting ကို အများအားဖြင့် Indoor တွေမှာ အသုံးများပါတယ်။ အထူးသဖြင့် မီးအဝါတွေဆင်ထားတဲ့ Indoor တွေ (အများအားဖြင့် စားသောက်ဆိုင်နဲ့ Highly decorated home တွေဟာ မီးအဝါပြပြလေးတွေကို သုံးတတ်ပါတယ်) ဒီလိုနေရာတွေမှာ ရိုက်ကူးကြမယ်ဆိုရင် နေရာမှာရှိပြီးသားဖြစ်တဲ့ ဒီမီးရောင်တွေနဲ့ Color Temperature တူစေရန်အတွက် Tungsten Lighting တွေကို သုံးရပါတယ်။ ဒါမှပဲ Camera ကနေ White Balance ကို ချိန်ဖို့အတွက် အဆင်ပြေမှာပါ။ အကယ်လို့များ Day time မှာ Indoor ကို ပြတင်းပေါက်ပါတဲ့အနေအထားဆို အတွင်းပိုင်းကို Day Light Balance Lighting ပဲပေးရပါမယ်။ ဒါမှသာ Camera က White balance ချိန်တဲ့အခါ ပြတင်းပေါက်အပြင်နဲ့ အတွင်း Color ညီမှာဖြစ်ပါတယ်။



Quality of Light မှာ Color of Light ပြီးရင် နောက်တစ်ခုကတော့ Size of Light ပါ။ Light Source ရဲ့ အရွယ်စားပါ။ဒီအရွယ်အစားကြောင့် Hard Light နဲ့ Soft Light ဆိုပြီး နှစ်မျိုးခွဲနိုင်ပါတယ်။ Light Source ရဲ့ Size သေးငယ်ရင် Hard Light ဖြစ်စေပါတယ်။ Hard Light ဖြစ်ရင် အလင်းကြောင့်ဖြစ်လာတဲ့ Shadow တွေ ကြမ်းပါတယ်။ Highlight နဲ့ Shadow တွေဟာ Smooth gradient မဖြစ်ပါ။ Hard Edge Shadow ကို ဖြစ်စေပါတယ်။ ဒါ့ကြောင့် ပုံရိပ်တွေဟာလဲ Contrast များတတ်ပါတယ်။



## Hard Light - Harsh Shadow

Light Source ရဲ့ Size ကြီးမားတဲ့အခါမှာတော့ Soft Light ကို ဖြစ်စေပါတယ်။ Soft Light ဟာ Highlight Shadow တွေ Smooth ဖြစ်ပြီး အရိပ်ပိုင်းတွေဟာလဲပြေပြစ်ပါတယ်။ မဖြစ်ပါ။ Soft Edge Shadow ကို ဖြစ်စေပါတယ်။ တစ်ခါတစ်လေမှာ Shadow edge ကို လုံးဝမသိသာလိုက်တဲ့အခြေအနေတွေလဲရှိပါတယ်။ Soft Light မှာ Contrast လဲ နည်းပါးပါတယ်။



## Soft Light - Soft Shadow

Soft Light Hard Light ရွေးချယ်မှုဟာ ဇာတ်လမ်းရဲ့ Storytelling Purpose ပေါ်ကို အဓိကမူတည်ပါတယ်။ ဒါပေမဲ့လည်း များသောအားဖြင့်တော့ Soft Light Lighting မှာ လူတွေဟာ ကြည့်အကောင်းဆုံးပါပဲ။ နောက်တစ်ခုကတော့ ကျွန်တော်တို့လူမျက်လုံးဟာ High Contrast ဖြစ်တဲ့နေရာတွေကို အလိုလို Attention ရောက်တတ်ကြပါတယ်။ Hard Light အသုံးပြုရင် High Contrast သာဖြစ်တာမို့ မိမိလိုချင်တဲ့ပုံစံကို သေချာတွေးပြီးမှသာ ဆုံးဖြတ်ရပါမယ်။ နောက်တစ်ခုက လူတွေကိုရိုက်ကူးတဲ့အချိန်မှာ Soft Light ဟာ မျက်နှာပေါ်က အရေးအကြောင်းနဲ့ အဖုအထစ်လေးများကို ပြေပြစ်သွားစေပါတယ်။ ဒါဟာ Shadow ပြေပြစ်မှုကြောင့်ဖြစ်တာပါ။ Hard Light မှာတော့ Light က အရမ်း Specific Focus ဖြစ်တာကြောင့် ရိုက်နေစဉ် လှုပ်ရှားမှုကလဲ Soft Light လို freedom မဖြစ်ပါဘူး။

Lighting Equipment တွေမှာတော့ Hard Light ကို ဖြစ်စေတဲ့ Lighting Equipment တွေရော Soft Light ကို ဖြစ်စေတဲ့ Lighting Equipment တွေရောရှိပါတယ်။ Hard Light ကိုလဲ Diffuser စတဲ့ Modifier သုံးပြီးတော့လဲ Soft Light ဖန်တီးကြပါတယ်။

Hard light – Soft light ကို ဥပမာပေးရရင် အနီးစပ်ဆုံးကောင်းကင်နဲ့ပေးလို့ရပါတယ်။ ကောင်းကင်မှာ တိမ်တွေမရှိပဲ နေပဲရှိနေချိန်မှာ ကျွန်တော်တို့ မျက်နှာမှာရှိတဲ့ အရိပ်နဲ့နေကို တိမ်တွေဖုံးနေတဲ့အချိန် တိမ်ပေါ်ဖြန့်ပြီးမှ ကျလာတဲ့ lighting မှာ ဖြစ်တဲ့အရိပ်ကို ကြည့်ပြီးတော့ Hard Light-Soft Light ကို လေ့လာနိုင်ပါတယ်။

## Lighting Equipment

အခုကတော့ Lighting Equipment အကြောင်းပဲ ဖြစ်ပါတယ်။ Lighting Equipment လို့ပြောရင် ကိုယ်ရိုက်မယ့်အရာနဲ့ ကိုက်ညီမယ့် Lighting ကိုယ်တတ်နိုင်မယ့် Budget နောက် Portability စတဲ့ အချက်များစွာကို ထည့်တွက်ရပါမယ်။ အရေးကြီးဆုံးကတော့ အပေါ်က Quality of Light မှာရေးခဲ့ပြီးဖြစ်တဲ့ ကိုယ်လိုချင်တဲ့ Light Quality ကို ပေးနိုင်ဖို့ပဲဖြစ်ပါတယ်။ Lighting Equipment အနေနဲ့ Rental မှာတင်ဈေးနှုန်းအမျိုးမျိုးကွဲပြားပါတယ်။နောက်ပြီးတော့ Power Consumption တွေလဲ အမျိုးမျိုးကွဲပြားပါတယ်။ ဒါကလဲကိုယ့် Production Size နဲ့ ပြန်ချိန်ညှိစဉ်းစားရပါ။ ရုပ်ရှင်သုံး 4000W HMI မီးတွေဟာ Generator နဲ့ Power ပေးရပါတယ်။ အဲ့ဒီအတွက် အလုပ်ပိုအချိန်ပို Budget ပိုသွားတဲ့အရာတွေ အများကြီးရှိပါတယ်။ Lighting ရွေးချယ်မှုဟာ Camera ရွေးချယ်ရသလို စဉ်းစားစရာအချက်တော်တော်များတယ်ဆိုတာ အမှန်ပါပဲ။ ဒီနေရာမှာတော့ ဒီမှာအသုံးများတဲ့ Equipment တချို့ကိုသာ ရွေးချယ်ရေးပေးလိုက်ပါတယ်။

ပထမဆုံး Lighting ကတော့ Fluorescent ပါ။





ဒီ မီးကွေးလေးတွေကိုတော့ အိမ်သုံးရော လမ်းမီးအနေနဲ့ပါ တွေ့ဖူးကြမှာပါ။ သူ့ရဲ့ Color temperature ကတော့ အဖြူရောင် Daylight balance ပါ။ ဒီမီးတွေကိုယ်တိုင်ကိုက Soft ဖြစ်ပြီးသားပါ။ အပေါ်က Soft Box နဲ့ပါအသုံးပြုတဲ့အခါအလင်းကတော်တော်လေး Soft ဖြစ်ပါတယ်။ ဒါ့ကြောင့်ပါတဲ့ Subject ကို ပိုပို ကြည့်ကောင်းစေပါတယ်။ အလင်းပြင်းအားအရတော့ ဒီ Fluorescent Light ဟာ Powerful မဖြစ်ပါဘူး။ Fluorescent light တွေဟာ Watt အမျိုးမျိုးနဲ့ရှိပြီး ပြင်းအားပိုများချင်ရင် Watt ပိုများတာတို့ Multiple Light Bulb ပါတာတို့နဲ့ အသုံးပြုနိုင်ပါတယ်။ Fluorescent Light ရဲ့ အကြီးမားဆုံးအားသာချက်ကတော့ ဈေးသက်သာတာပဲဖြစ်ပါတယ်။





နောက်ထပ် Lighting ကတော့ လူသုံးများပြီး အတွေ့ရအများဆုံးပါ။ အဲ့ဒါကတော့ LED Light ပါ။



ဒီမှာတော့ တော်တော်လေးနေရာအတော်များများတွေ့ရတဲ့ Lighting ဖြစ်ပါတယ်။ LED Lighting အနေနဲ့ ရွေးစရာ Option တွေအများကြီးရှိပြီး ဈေးနှုန်းလဲအမျိုးမျိုးရှိပါတယ်။ LED အများစုကတော့အဖြူရောင် Daylight Balance ဖြစ်ပါတယ်။ LED တွေဟာ Softbox မလိုလောက်အောင်ဘဲ သူကိုယ်တိုင်ကိုက Soft ဖြစ်ပြီးသားတွေပါ။ တချို့ LED Lighting တွေမှာ Color Temperature နှစ်မျိုးလုံးပါတဲ့အတွက် Daylight ရော Tungsten ပါ အသုံးပြုနိုင်ပါတယ်။ နောက်ပြီး LED တွေမှာ မီးအား output ကို Dim လုပ်လို့ရပါတယ်။ဒါ့ကြောင့် ရိုက်တဲ့အချိန်မှာ Subject ပေါ်ကျမယ့် Amount of light ကို Control လုပ်နိုင်ပါတယ်။ Lighting ကိုက Soft ဖြစ်ပြီးသားဖြစ်တာကြောင့် Shape လုပ်လို့ အရမ်းကောင်းတဲ့အနေအထားတော့မဟုတ်ပါဘူး။



နောက်တစ်ပတ်ဆက်လက်ဖော်ပြပါမည်။













NetGuide တွင် ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း-၂၂၄၇၁၁၊ ၀၉-၇၃၀၃၂၇၂၆ သို့ ဆက်သွယ်နိုင်ပါသည်။

# PRODUCTS REVIEW

## Mirascreen

**Harrier Mobile**
**Ph : 09-979987611**

မိမိဖုန်းတွင်ရှိသော Facebook ဓာတ်ပုံများ၊ Video များကို မိသားစု၊ မိတ်ဆွေများကို အတူတကွကြည့်ရှုရန် တီဗီ screen တွင်ပြသလိုတယ်ဆိုရင် Mirascreen က ကူညီပေးပါမယ်။ ဖုန်းထဲရှိ TV Screen ပေါ်တွင် ဆော့ကစားလိုတယ်ဆိုရင် Mirascreen က ကူညီပေးပါမယ်။ ဖုန်းထဲရှိ Presentation များ၊ Project များ၊ Document များကို TV/Projector တွင် Wireless ပြသလိုတယ်ဆိုရင် Mirascreen က ကူညီပေးပါမယ်။ မည်သည့် Application မှ သွင်းရန်မလို Android Version 4.3 နှင့်အထက် IOS 6.0 အထက်အသုံးပြုနိုင်ပါသည်။ 3 in 1 Version ဖြစ်ပြီး Android ဖုန်းများအတွက် Miracast, DLNA, Apple (iPhone, iPad) များအတွက် AirPlay စနစ် အသုံးပြုနိုင်ပါသည်။ Airplay, Mircast Mirror Screen စနစ်အသုံးပြုရန်အတွက် တန်ဖိုးမြင့်မားတဲ့ Smart TV, Apple TV Box မလိုအပ်တော့ပါ။ Features Miracast Mode Wifi Direct ကိုအသုံးပြုပြီး Android ဖုန်းတွင်ပေါ်သည့်အတိုင်း TV Screen သို့ ပုံတူ (Mirroring) ကြည့်ရှုနိုင်ပြီး ဖုန်းတွင် မိမိကြည့်ရှုလိုသော Application, Gallery, Game, Video ဖွင့်သည်နှင့် TV ပေါ်တွင် Full High Definition (1920 x 1080) and 5.1 Audio Quality ပို့ဆောင်ပေးမယ့် Protocol တစ်ခုဖြစ်ပါသည်။ Android Version 4.2.2 အထက်တွင် Built-in ပါဝင်ပြီး ဖုန်း Setting ထဲရှိ Cast Screen, Screen Mirroring, Wi-Fi Display, etc တွင် Mirascreen ကိုရွေးချယ်ပြီးအသုံးပြုနိုင်ပါသည်။ Airplay Mode iPhone, iPad များတွင် TV နှင့် Wireless Mirroring ချိတ်ဆက်ပေးသော Protocol တစ်ခုဖြစ်ပြီး iPhone, iPad မှ Retina Resolution ဖြင့် Quality မြင့် Video , 5.1 Audio Quality ကို TV သို့ကြိုးမဲ့ထုတ်လွှင့်အသုံးပြုနိုင်ပါသည်။




## HP Pavilion X360

**HP Service Center**
**Ph : 01-371262, 378564**

ယခုတစ်ပတ်မိတ်ဆက်ပေးမှာကတော့ Royal Smart မှတင်သွင်းထားသော HP ၏ Pavilion series ထဲမှ X360 နှင့် မိတ်ဆက်ပေးမှာဖြစ်ပါသည်။ Tablet ကဲ့သို့သုံးနိုင်ရုံသာမက Stand ကဲ့သို့လည်း အသုံးပြုနိုင်ပါသည်။ Tablet အဖြစ် အသုံးပြုမည်ဆိုပါက Screen ပေါ်တွင် keypad ဖော်၍ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ CPU အနေဖြင့် Intel Pentinum ကို အသုံးပြုထားသောကြောင့် ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်မှာဖြစ်ပါသည်။ Screen Size အားဖြင့်လည်း 11.6" လက်မရှိသောကြောင့် ပေါ့ပါး၍သယ်ဆောင်ရန်လွယ်ကူစေမှာဖြစ်ပါသည်။ ဆွဲဆောင်မှုရှိသောအရောင်နှင့်တကွ အထိအတွေ့ကအစ စိတ်ကျေနပ်မှုကိုပေးမည့် Tourch Screen နှင့်အတူ Window 8 Lincese ပါရှိသည့်အပြင် အကောင်းဆုံးသောအသံကိုပေးစွမ်းနိုင်သော Beat Audio ပါဝင်သော ပတ်ပတ်လည်ခေါက်၍ လွယ်ကူစွာသယ်ယူနိုင်သည့် HP ၏ Pavilion X360 ကိုဝယ်ယူရရှိနိုင်ပြီဖြစ်ပါသည်။




## HP Pavilion 14-ac111TX (i3)

**HP Service Center**
**Ph : 01-371262, 378564**

မြန်မာပြည်၏ တရားဝင်ဖြန့်ချိခွင့်ရရှိထားသော Royal Smart Co., Ltd. မှ အသစ်ထပ်မံတင်သွင်းလိုက်သော hp pavilion series အသစ်လေးဖြင့် မိတ်ဆက်ပေးပါရစေ။ Intel ၏ နောက်ဆုံးပေါ် 6th Generation (Skylake Processor) အသုံးပြုထားတဲ့ hp pavilion 14-ac111TX (i3) model အသစ်လေးပါ။ Performance မြင့်မားတဲ့ Core (i3) 6100U (2.3 GHz) ကို အသုံးပြုထားပြီး Graphic အနေဖြင့် AMD Radeon R5 M330 2GB နဲ့ Memory 4GB DDR3L SDRAM ပါဝင်တဲ့အတွက်ကြောင့် Design ပိုင်းဆိုင်ရာနဲ့ Game ကြီးကြီးမားမား ဆော့လိုသူများအတွက် သင့်လျော်ပါသည်။ Storage အားဖြင့်လည်း 500GB ပါဝင်သောကြောင့် Data တော်တော်များများကိုလည်း သိမ်းဆည်းပေးနိုင်ပါသည်။ အသံပိုင်းဆိုင်ရာအနေဖြင့်လည်း ကြည်လင်ပြတ်သားတဲ့ရုပ်ထွက်နဲ့အသံကို ထောက်ပံ့ပေးနိုင်မည့် HDMI Port, Data ကူးယူမှုကို ပုံမှန်ထက် ဆယ်ဆမြန်ဆန်စေမည့် USB 3.0 နှင့် Bluetooth 4.0 တို့လည်း ပါဝင်ပါသည်။ Battery ပိုင်းကိုလည်း 4cells သုံးပေးထားလို့ အဆင်ပြေနိုင်ပါသည်။ ပေါ့ပါးလှပပြီး သေသပ်တဲ့ Design နှင့် Performance ကောင်းကောင်းသုံးချင်သူများအတွက် Royal Smart Trading Co., Ltd. မှ တင်သွင်းဖြန့်ချိလိုက်သော hp pavilion 14-ac111TX (i3) ကို hp ၏ Reseller ဆိုင်ကြီးများတွင် Global Warranty အာမခံသက်တမ်း ၁ နှစ်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




## USB Charger 8 Port Switch With 2 Socket

**Thein Minn**
**Ph : 09-73033888, 09-458028999**

လူကြီးမင်းတို့၏ Phone, Tablet, Laptop များကိုတစ်ပြိုင်နက်တည်း အားသွင်းနိုင်ပြီး LCD Indicator ပါရှိသည့်အတွက် မိမိတို့ phone, Tablet များ၏ အားဝင်ရောက်မှုအခြေအနေကို တိကျစွာသိရှိနိုင်သည်။ ထို့ပြင် ပလက်ပေါက် ၂ ပေါက် အပိုပါသည့်အတွက် Laptop နှင့်အခြား Electronic ပစ္စည်းများအသုံးပြုနိုင်သည်။ ဝယ်ယူလိုပါက အမှတ်–၄၇၊ ၁၈ လမ်း၊ လသာအောက်ဘလောက်သို့ ဆက်သွယ်နိုင်ပါသည်။




## Flexible Wireless Mobile Keyboard

**Harrier Mobile**
**Ph : 09-979987611**

Mobile နှင့် Tablet များနှင့်တွဲဖက်၍ ကွန်ပျူတာတစ်လုံးကဲ့သို့ အသုံးပြုနိုင်သော Flexible bluetooth Mobile keyboard လေးပဲဖြစ်ပါတယ်။ ခေါက်လိပ်၍သွားလေရာသယ်သွားနိုင်ပြီး ရောက်ရာနေရာတွင် စားပွဲပေါ်တွင် ဖြန့်ခင်း၍ Mobile နှင့်ချိတ်ဆက်ကာ စာစီစာရိုက်ပြုလုပ်နိုင်ပါတယ်။




## Acer Aspire Switch Alpha 12

**Shwe Lamin Nagar**
**Ph : 01-2301797, 01-2301798, 01-227781**

ခုတစ်ပတ်တော့ Tablet လိုရော NetBook လိုပါနှစ်မျိုးသုံးလို့ရမယ့် Model လေးနဲ့ မိတ်ဆက်ပေးပါရစေ။ Acer Switch ဟာဆိုရင်ဖြင့် Window Tablet လည်းဖြစ်နေတာကြောင့် စာရင်းဇယားသုံးချင်တယ်ဆိုရင်လည်း အဆင်ပြေစေမယ့် ပစ္စည်းလေးတစ်မျိုးပဲဖြစ်ပါတယ်။ Acer Switch Alpha 12 မှာသုံးထားသော CPU u Intel Core i5 ကိုမှ 6200U Processor အမျိုးအစားဖြစ်ပြီး data လုပ်ဆောင်ချက်ကို 2.3GHz မှ Turbo Boost 2.3GHz နဲ့ လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ Memory 4GB ကိုတပ်ဆင်ပေးထားပြီး Data ကို သိုလှောင်သိမ်းဆည်းဖို့အတွက် SSD 256GB ကိုလည်းတပ်ဆင်ပေးထားပါသေးတယ်။ Tablet ရဲ့ screen မျက်နှာပြင်ကို IPS နည်းပညာပါသော Screen မျက်နှာပြင်ကိုသုံးထားပေးတဲ့အတွက် ပုံရိပ်ကို ကြည်လင်ပြတ်သားစွာမြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။ Acer Aspire Switch Alpha 12 ရဲ့ ထူးခြားချက်ကတော့ 3G မပါဝင်သော်လည်း Rounder များနှင့်လည်း တွဲသုံးလို့ရမှာဖြစ်ပါတယ်။ External Device များနှင့်တွဲသုံးစေရန် micro USB, USB 3.0, Card Reader (Micro SD) port များကိုလည်း ထည့်သွင်းပေးထားပါသည်။ Original Keyboard ပါဝင်တဲ့အတွက် External Keyboard ကို ထပ်မံဝယ်သုံးစရာမလိုအပ်တော့ပါ။ ၎င်း Switch Alpha 12 ကို အာမခံသက်တမ်း Part & Service ၁ နှစ်ပေးထားပါတယ်။




## Tripod Universal Stand (Life)

**Harrier Mobile**
**Ph : 09-979987611**

မည်သည့်ပစ္စည်း Digital Device မဆို တင်၍ အနိမ့်အမြင့်လိုသလို ချိန်ကာထားနိုင်သော professional tripod stand လေးပဲဖြစ်ပါတယ်။ Mobile Phone, Projector, Camera များကိုတပ်ဆင်ကာ အနိမ့်အမြင့် အဆစ် ၃ ဆစ်ဖြင့်ပြုလုပ်နိုင်ပြီး Level ညီမညီကြည့်ရန် ရေချိန်ပါဝင်ကာ အားလုံးပြီးလျှင် tripod အားခေါက်၍ အိတ်ထဲထည့်ကာ လွယ်သွားနိုင်သော portable ပုံစံပဲဖြစ်ပါတယ်။ Tripod သီးသန့်ဝယ်ချင်သူများအတွက်လည်း အဆင်ပြေပါတယ်။




## Acer Aspire VN7-591G (i5)

**Shwe Lamin Nagar**
**Ph : 01-2301797**

ဒီတစ်ပတ်မှာတော့ Performance ကောင်းကောင်းဖြင့် Graphic design ဆွဲချင်သူများ၊ Game ဆော့ချင်သူများ၊ performance မြင့်မြင့်သုံးချင်သူများအတွက် Acer Aspire VN7-591G (i5) Black Edition ကို မိတ်ဆက်ပေးလိုက်ပါတယ်။ Acer VN7-591G (i5) ရဲ့ body cover ကို matte Plastic နဲ့ပြုလုပ်ထားပြီး Lighting Rubber ဖုံးအုပ်ထားတဲ့အတွက် ပွန်းရာခြစ်ရာဒဏ်မှခံနိုင်တဲ့ပုံစံဖြင့် ပြုလုပ်ပေးထားပါတယ်။ ၎င်း VN7 Corei5 တွင် Intel CPU Ivy Bridge Core i5-4501H ကိုတပ်ဆင်ထားပြီး CPU Speed ကတော့ 2.9GHz မှ Turbo Boost ပါတဲ့အတွက် လိုအပ်သော speed ကို 3.5GHz ထိမြှင့်တင်ပေးသွားမှာဖြစ်ပါတယ်။ Memory 8GB ပါဝင်ပြီး Data အချက်အလက်တွေကို လုံလောက်စွာသိမ်းဆည်းထားဖို့အတွက် Hard Disk ကို 1TB ကိုထည့်သွင်းပေးထားပါတယ်။ NvidiaGeforce GTX 860M 2GHz ပါဝင်သောကြောင့် Graphic Designer တွေရဲ့ စိတ်ကူးပုံရိပ်ကို အပီအပြင် ဖော်ဆောင်ပေးမှာသေချာပါတယ်။ GTX 860 2GB ဖြစ်တဲ့အတွက် Design အတွက်သာမက Game Crazy တွေလည်း သုံးနိုင်မှာဖြစ်ပါတယ်။ Acer ရဲ့ ကိုယ်ပိုင်နည်းပညာတစ်ခုဖြစ်တဲ့ Acer Confy View ကလည်း Notebook အချိန်ကြာကြာသုံးစွဲသောသူတွေအတွက် အမြင်အာရုံထိခိုက်မှုမှ ကာကွယ်ပေးထားတဲ့အပြင် မျက်နှာပြင်ကိုလည်း သုံးစွဲသူတွေအဆင်ပြေဖို့အတွက် 15.6" သုံးပေးထားပါတယ်။ Acer Crystal Eye Webcam ကလည်း သင်တို့၏ပုံရိပ်ကို ကြည်လင်ပြတ်သားစွာမြင်တွေ့နိုင်ပါတယ်။ VN7 Core i5 ရဲ့ ထူးခြားချက်ကတော့ wireless platform ကို 5th Generation Acer Nplify 802.11 a/c နဲ့ဖြစ်ပြီး လူမှုကွန်ယက်ချိတ်ဆက်မှုကလည်း 802.11b/g/n ထက်ပိုမြန်တဲ့ ချိတ်ဆက်မှုကိုပေးစွမ်းနိုင်ပါတယ်။ External Device နဲ့တွဲသုံးနိုင်တဲ့ USB, GBLAN, HDMI နဲ့ Card Reader တို့လည်းပါဝင်ပါတယ်။ Battery ကိုလည်း li-polymer ကိုသုံးထားပေးတဲ့အတွက် Graphic ဆွဲရင်ဖြစ်ဖြစ်၊ Game ဆော့ရင်ပဲဖြစ်ဖြစ် အချိန်ကြာရှည်စွာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ရုံးသုံး၊ အိမ်သုံး၊ Graphic Design ဖြစ်ဖြစ်၊ Game ဆော့ချင်တာပဲဖြစ်ဖြစ် စွယ်စုံသုံးလို့ရတဲ့ Acer Aspire VN7-591H (i5) ကို အာမခံသက်တမ်း ၂ နှစ်ဖြင့် ဝယ်ယူရရှိနိုင်ပါတယ်။




ငွေဖြည့်လိုက်တိုင်း
facebook နဲ့ Viber
စိတ်ကြိုက်
ဓါတ်ပုံ / ဗီဒီယိုအပါအဝင်
free*
telenor
စာရင်းသွင်းခပေးရန်မလိုဘဲ အခမဲ့
ပုံသေမြန်နှုန်းမြင့်အင်တာနက် speed
ဓါတ်ပုံ၊ ဗီဒီယိုတွေ စိတ်ကြိုက်တင်၊ စိတ်ကြိုက်ကြည့်
sticker, emoji တွေနဲ့ စိတ်ကြိုက် CHATTING
အခုပဲစာရင်းသွင်းဖို့
*365*3#
ကိုဖုန်းခေါ်ဆိုပါ။
*အသေးစိတ်အချက်အလက်များနှင့် လိုက်နာရမည့်သတ်မှတ်ချက်များကို www.telenor.com.mm တွင် ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်

# Websites စာမျက်နှာများ

အင်တာနက်ဆိုတာ လူတချို့အတွက် လေ့လာစရာတွေ မကုန်ခမ်းနိုင်တဲ့ နည်းပညာပဒေသာပင်ကြီးလို့ ခေါ်ဆိုနိုင်သလို အသုံးမချတတ်တဲ့သူတွေအတွက်တော့ အချိန်တွေသာ ကုန်ဆုံးသွားတယ် ဘာမှမရလိုက်ပါဘူး။ ဒါဟာ အွန်လိုင်းမှာ လေ့လာစရာဝက်ဘ်ဆိုက်တွေကို အသေးစိတ် မရှာဖွေနိုင်လို့ပါ။

အင်တာနက်အသုံးပြုတဲ့သူတွေ အကျိုးရှိစွာ အသုံးချနိုင်စေဖို့အတွက် အင်္ဂလိပ်စာအဘိဓာန် လေ့လာခွင့်ရမယ့်ဝက်ဘ်ဆိုက်၊ ဓာတ်ပုံများစွာကို ကြည့်ရှုနိုင်မယ့်ဝက်ဘ်ဆိုက်၊ အားကစားနည်းတွေကိုမှ စိတ်ဝင်စားတဲ့ သူများအတွက် အားကစားသတင်းတွေကို တစ်ဝကြီး ဖတ်ရှုခွင့်ရမယ့် ဝက်ဘ်ဆိုက်များနဲ့ အခြားသောဝက်ဘ်ဆိုက်တွေကို လေ့လာနိုင်အောင် ဖော်ပြပေးလိုက်ပါတယ်။




## http://www.globalone.tv

စီးကရက်သောက်ခြင်းက ကျန်းမာရေးကို ထိခိုက်စေနိုင်တယ်ဆိုတာ သောက်သုံးသူသာမက မသောက်သုံးတဲ့သူတွေလည်း အသိပဲဖြစ်ပါတယ်။ ဒါဆို ဘာကြောင့်များ စီးကရက်ကို သောက်နေကြတာလဲ။ ဒီလိုသွားမေးရင် ကောင်းကောင်းဖြေပေးမယ့်လူတွေ ရှိသလို၊ သိချင်ရင် ကိုယ့်ဘာသာ သောက်ကြည့်ပါလားဆိုပြီး ဘုတောမယ့်သူတွေလည်း ရှိပါတယ်။ ဒါကြောင့် စီးကရက် ဘာကြောင့်သောက်ရသလဲဆိုတာကို လွယ်လွယ်ကူကူ သိဖို့မလွယ်တာအမှန်ပါပဲ။ ဒါဆိုရင် အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်တဲ့ စီးကရက်သောက်ခြင်းကို ရပ်လိုက်ရင် ဘာတွေဖြစ်လာမလဲဆိုတာတော့ သိပ်ပြီးသိကြမယ် မထင်ပါဘူး။ ဒါကြောင့် စီးကရက်သောက်သူ အချင်းချင်း လက်တို့တယ်လို့ပဲ ပြောရမလား globalone.tv/profiles/blogs/what-happens-to-your-body-if ကို တစ်ချက်လောက် ဝင်ကြည့်ကြပါလို့ တိုက်တွန်းပေးလိုက်ချင်ပါတယ်။




## http://www.2-clicks-coins.com

လူတစ်ကိုယ် စရိုက်တစ်မျိုးစီဆိုသလို ထူးထူးခြားခြား အကြွေစေ့စုဆောင်းတာကိုမှ ဝါသနာပါသူတွေအတွက်ကတော့ 2 Clicks Coins (www.2-clicks-coins.com) ဆိုတဲ့ ဝက်ဘ်ဆိုက်လေးက တော်တော်လေး အသုံးဝင်စေမှာဖြစ်ပါတယ်။ ရွှေအကြွေစေ့နဲ့ ငွေအကြွေစေ့တွေကိုသာမက ရှေးဟောင်းအကြွေစေ့နဲ့ ရှားပါးအကြွေစေ့တွေကိုပါ အတော်လေး စုံစုံလင်လင်ဖော်ပြပေးထားသလို ဒါတွေနဲ့ပတ်သက်တဲ့ ရည်ညွှန်းချက်တွေကိုလည်း တွေ့ရှိနိုင်ဖို့ စီစဉ်ပေးထားပြီး အကြံပေး ရေးသားချက်တွေကိုပါ တွေ့မြင်ရဦးမှာပဲဖြစ်ပါတယ်။ ဒါ့အပြင် မိမိမှာရှိတဲ့အကြွေစေ့တန်ဖိုးက ဘယ်လောက်တောင်လဲဆိုတာ သိလိုသူတွေအတွက်လည်း Value of coins ဆိုတဲ့ ကဏ္ဍကို စီစဉ်ပေးထားလို့ အဲဒီကလမ်းညွှန်ချက်တွေကို ဖတ်သားပြီး ဘယ်လိုတန်ဖိုးဖြတ်ရမလဲဆိုတာကို သိမြင်လာစေမှာပဲဖြစ်ပြီး ရောင်းဝယ်လိုသူတွေအတွက်လည်း post တင်ပြီး ရောင်းဝယ်နိုင်စေမှာ ဖြစ်ပါတယ်။




## http://www.ranker.com

ကျွန်တော်တို့ မြင်တွေ့နေရတဲ့ ဝက်ဘ်ဆိုက်တော်တော်များများက သိပ်ပြီးထူးခြားမှု မရှိကြပါဘူး။ အကြောင်းအရာတွေ တင်ပြပေးမယ်၊ အဲဒီထဲကမှ ကိုယ်ကြိုက်ရာကို ဝင်ရောက်ဖတ်ရှုနိုင်မယ့် ဒီလောက်ပါပဲ။ အချို့ဝက်ဘ်ဆိုက်တွေဆိုရင်တော့ ဆရာကြီးတွေလိုတောင် ပြောရမှာဖြစ်ပြီး ကောင်းမွေညွှန့်မွေဆိုတဲ့ အကြောင်းအရာတွေကို ခေါင်းစဉ်လေးတွေနဲ့ link လေးတွေပဲ ဖော်ပြပြီး ဖတ်ရှုလေ့လာချင်ရင်တော့ သူ့ရဲ့မူရင်းဝက်ဘ်ဆိုက်ကို ပို့ပေးလိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် www.ranker.com ကို တစ်ချက်လောက် ဝင်ရောက်လေ့လာဖို့ မိတ်ဆက်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ သူ့မှာတော့ အကြောင်းအရာတွေကို ကဏ္ဍခွဲပြီး ဖော်ပြပေးထားသလို ကျွန်တော်တို့သိချင်တဲ့ အကြောင်းအရာတွေကိုလည်း အကောင်းဆုံးနဲ့ အဆိုးဆုံးဆိုပြီး စုဖွဲ့ဖော်ပြပေးထားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ အနေနဲ့ သူတို့ရဲ့တင်ဆက်မှုကို vote လုပ်ပေးနိုင်တာပဲ ဖြစ်ပါတယ်။

# facebook စာမျက်နှာများ

ဒီနေ့ခေတ် အွန်လိုင်းသုံးစွဲသူတွေကို အကြီးအကျယ် ဆွဲဆောင်ထားနေတဲ့ လူမှုကွန်ရက်ဝက်ဘ်ဆိုက် Facebook ဟာ သတင်းများ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ခြင်း၊ သူငယ်ချင်းများနဲ့ အလွယ်တကူ ဆက်သွယ်နိုင်ခြင်း၊ ဓာတ်ပုံ၊ ဟာသ၊ ကာတွန်းအစုံကို ဖတ်ရှုနိုင်ခြင်း၊ ဂိမ်းကစားနိုင်ခြင်းနဲ့ အခုနောက်ပိုင်းမှာ ခေတ်စားလာတဲ့ အွန်လိုင်းရှော့ပင်း ပြုလုပ်နိုင်ခြင်း စတဲ့အချက်တွေကြောင့် တွင်တွင်ကျယ်ကျယ် သုံးစွဲမှုတွေရှိနေတာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလိုစာမျက်နှာတွေကို ဘယ်လိုသွားရောက် လေ့လာရမလဲဆိုတာကို မသိရှိကြတဲ့သူများအတွက် Facebook မှာရှိနေတဲ့ စာမျက်နှာပေါင်း များစွာထဲကမှ အသုံးဝင်မယ့် ကောင်းနိုးရာရာ Facebook Page များကို စုစည်းပြီး NetGuide ပရိသတ်ကြီးအတွက် ရွေးချယ်တင်ဆက်ပေးလိုက်ပါတယ်။




## www.facebook.com/healthyholisticliving

ကျန်းမာရေးလိုက်စားတတ်တဲ့ ဖေ့ဘုတ်အသုံးပြုသူတွေအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတတွေကို မျှဝေပေးနေတဲ့ Healthy Holistic Living ဖေ့ဘုတ်စာမျက်နှာကောင်းလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီစာမျက်နှာမှာ သင့်ကျန်းမာရေးကို အထောက်အကူဖြစ်မယ့် အစားအသောက်တွေအကြောင်း၊ ဘဝမှာ ဘယ်လိုကျန်းမာပျော်ရွှင်အောင် နေထိုင်ရမယ်ဆိုတဲ့အကြောင်းတွေ၊ ဘယ်လိုလေ့ကျင့်ခန်းအမျိုးအစားတွေက သင့်ခန္ဓာကိုယ်အတွက် ဘယ်လိုကောင်းမွန်စေနိုင်တယ် ဆိုတာတွေကို သေချာရှင်းလင်း ရေးသားဖော်ပြပေးထားပြီး ဓာတ်ပုံတွေနဲ့တကွ ပြသပေးထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် ဘဝမှာ လူတွေနဲ့ အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံနေထိုင်တဲ့အခါ ဆောင်ရန် ရှောင်ရမယ့် အချက်တွေကိုလည်း တစ်ခါတစ်ရံ တင်ပေးထားတတ်ပါသေးတယ်။




## www.facebook.com/Autocar-88466919022

ဒီ Auto Car ဖေ့ဘုတ်စာမျက်နှာဟာ အပတ်စဉ်ထွက်ရှိနေတဲ့ Auto Car ဂျာနယ်က တရားဝင်ဖွင့်လှစ်ပေးထားတာဖြစ်ပြီး ကားအကြောင်းတွေကို စုံစုံလင်လင် သိရှိစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ကမ္ဘာ့နောက်ဆုံးပေါ် ကားအကောင်းစားတွေ၊ အံ့မခန်းလောက်အောင် ကောင်းမွန်တဲ့ကားတွေရဲ့အကြောင်းတွေကို တင်ပြပေးထားပြီး ကားဓာတ်ပုံတွေနဲ့အတူ အသေးစိတ်သိရှိနိုင်တဲ့ အချက်အလက်တွေကို ဝင်ရောက်ကြည့်ရှုနိုင်ဖို့အတွက် သက်ဆိုင်ရာ ဝက်ဘ်ဆိုက်လင့်တွေကိုလည်း ထောက်ပံ့ပေးထားပါတယ်။ ကားတွေနဲ့ပတ်သက်တဲ့ သတင်းတွေကိုလည်း ရံဖန်ရံခါ ဖော်ပြပေးလျက်ရှိပါသေးတယ်။ ကားတွေကို နှစ်သက်တဲ့စာဖတ်ပရိသတ်တွေကတော့ မဖြစ်မနေ like လုပ်ထားသင့်တဲ့ ဖေ့ဘုတ်စာမျက်နှာကောင်းတစ်ခုပဲ ဖြစ်ပါတယ်။




## www.facebook.com/MissGoldenLandMyanmar

Miss Golden Land Myanmar ဆိုတဲ့ ဖေ့ဘုတ်စာမျက်နှာမှာ မြန်မာနိုင်ငံမှ Miss ရထားတဲ့သူတွေရဲ့လုပ်ဆောင်ချက်တွေနဲ့ Miss ပြိုင်ပွဲအစီအစဉ်တွေကို ရေးသားဖော်ပြပေးထားပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ အလှမယ်တွေရဲ့အကြောင်းအရာတွေကို အသေးစိတ်ဖတ်ရှုနိုင်မှာဖြစ်ပြီး ၎င်းတို့ဘာတွေလုပ်နေတယ်၊ ဘယ်တွေသွားနေတယ်၊ အနာဂတ်မှာ မြန်မာနိုင်ငံအတွက် ဘယ်လိုတွေအကျိုးပြုသွားမလဲဆိုတာတွေကို တင်ပြပေးထားပါတယ်။ ဒါ့အပြင် ကျင်းပပြုလုပ်မယ့် Miss ပြိုင်ပွဲတွေရဲ့ အစီအစဉ်တွေကို တိတိကျကျဖော်ပြပေးထားပြီး ပါဝင်ယှဉ်ပြိုင်မယ့်အလှမယ်လေးတွေရဲ့ ဓာတ်ပုံတွေကိုလည်း ပြသပေးထားပါတယ်။ ပြိုင်ပွဲပြီးဆုံးသွားပြီဆိုရင်လည်း ပြိုင်ပွဲရလဒ်တွေကို ထုတ်ဖော်ကြေညာပေးမှာဖြစ်ပြီး ဆုရရှိသူတစ်ယောက်ချင်းစီရဲ့ လှပတဲ့ဓာတ်ပုံလေးတွေကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။

# အင်တာနက်ကို Offline သုံးသည့်အခါ



ဆောင်းပါးရှင် – ဖေသက် (ဖြိုးမနဒစ်ဂျစ်တယ်တတ်ပုံ)

အင်တာနက်ဆိုသည်မှာ လိုင်းချိတ်ထားမှ သုံး၍ရသော အရာဖြစ်သည်။ Webpage များသိမ်းထားပြီး ပြန်ခေါ်ကြည့်လျှင် Offline ကြည့်၍ရသော နည်းလမ်းရှိသည်။ သို့သော် အချို့ browser များတွင် Offline ဟူသော mode ရှိသည်။ ထို mode ဖြင့် အချို့သော web content များကို Offline ကြည့်ကြပါမည်။

## Chrome Browser

Chrome Browser တွင် Offline mode က built in ပါဝင်ပြီး ဖြစ်သည်။ သို့သော် အကြောင်းမသိလျှင် မည်သည့်နေရာ၌ ရှာရမှန်းပင်သိမည်မဟုတ်။ Offline mode ကို activate လုပ်ရန် ဦးစွာကြိုးစားကြပါမည်။ ထိုသို့ပြုလုပ်ရန် Chrome browser ကို ဦးစွာခေါ်တင်ပါမည်။ ပြီးလျှင် address bar နေရာ၌ Chrome://flags ကို ရိုက်ထည့်ပြီး enter ခေါက်ပါမည်။ Show saved copy button entry ကို ရှာပါမည်။ ပြီးလျှင်ကျလာသော drop-down menu မှနေ၍ Enable : Primary ကို ရွေးပါမည်။ ပြီးလျှင် Relaunch now ကို ရွေးချယ်ပြီး chrome ကို restart လုပ်ပါမည်။

နောက်အချိန်တွင် အင်တာနက်အသုံးပြုသူ Offline ဖြစ်ရှိနေသည့်အခါ ယခင်သွားခဲ့ဖူးသော Website ကို ပြန်ကြည့်ရန်ကြိုးစားနိုင်သည်။ ထိုကိစ္စအတွက် show saved cpoy button ကို တွေ့အောင်ရှာရပါမည်။ ယင်း button ကို ကလစ်နှိပ်လိုက်လျှင် Chrome သည် Cache ထဲတွင် သိမ်းဆည်းထားသော ယခင် Website အဟောင်းကို ဆွဲတင်လာပါမည်။ ထိုသို့အသုံးဝင်မှုရှိသည့်အတွက် Offline mode ကိုသုံးမည်ဆိုလျှင် Windows built in tool ဖြင့်ဖြစ်စေ C Cleaner ဖြင့်ဖြစ်စေ Cache ကိုရှင်းထုတ်လိုက်လျှင် webpage များကို browser က ပြန်လည်ခေါ်တင်နိုင်သည့် အခွင့်အရေးဆုံးသွားပါမည်။ Offline ကြည့်ခြင်းနှင့် saved page ကြည့်ခြင်း၏ ကွာခြားချက်မှာ Offline mode သည် အမြဲတစေ webpage အင်္ဂါအပြည့်အစုံကို ကြည့်နိုင်ခြင်းဖြစ်ပါသည်။

Offline mode ကိုသုံးသည့်နည်းတူ Offline Auto-Reload mode ကို အသုံးပြုခြင်းသည်လည်း အကျိုးရှိပါသည်။ ယင်း mode သည်လည်း chrome browser တွင် built-in ပါဝင်လာပါသည်။ ယင်းကိုလည်း Chrome flags မှတစ်ဆင့်သွားနိုင်ပါသည်။ ထိုအခါတွင် browser ပြန်ဖွင့်လိုက်ပါက offline load မပေးနိုင်သော webpage များ အလိုအလျောက် တက်လာပါမည်။ reloaded page များ အလွန်တရာရှုပ်ပွနေခြင်းမှ ကာကွယ်ရန် only Auto-Reload Visible tabs ကို ရွေးချယ်ပေးထားရပါမည်။

## Firefox

Chrome မှာကဲ့သို့ပင် Firefox သည်လည်း webpage များကို cache ထဲတွင် သိမ်းဆည်းထားနိုင်သည်။ ထိုသို့သိမ်းဆည်းထားသော web-page များကိုပြန်လည်ဆွဲတင်ပြီး မူရင်းအတိုင်းပြသပေးနိုင်သည်။ Work Offline mode ကို on ထားမည်ဟုဆိုလျှင် အင်တာနက်ပိတ်လိုက်ချိန်၌ပင်လျှင် ယခင်သွားခဲ့ဖူးသော webpage များကို မူရင်းအတိုင်း ကြည့်နိုင်ပါသည်။ ယင်း mode ကို on မည်ဟုဆိုလျှင် browser ၏ အပေါ်ညာဘက်ထောင့်တွင်ရှိသော မျဉ်းကြောင်းသုံးကြောင်းထပ်ထားသည့် button တွင် ခလုတ်နှိပ်ပါ။ ပြီးလျှင် developer button ကို ရှာ၍ ကလစ်နှိပ်ပါ။

Menu ဖွင့်လာလျှင်အောက်ခြေပိုင်းတွင် Work offline ဟူသော option ကို တွေ့ရပါမည်။ Offline ဖြစ်ရှိနေချိန်တွင် ယင်း option ကို ရွေးချယ်ပါ။ မိမိယခင်က ဝင်ထွက်သွားလာဖူးသော website ရှိသည့်အခါ ယင်းကို Firefox က သိမ်းဆည်းထားသည့် မူရင်းပုံစံအတိုင်းပြသပေးပါမည်။ ထိုသို့ webpage များကို offline ပြန်ခေါ်တင်မည်ဆိုလျှင် cache က အရေးကြီးပါသည်။ Firefox ၏ offline mode ကိုအသုံးပြုမည်ဟု စိတ်ကူးရှိပါက Chrome browser မှာကဲ့သို့ပင် browser cache များကို ရှင်းလင်းမပစ်ရန် လိုအပ်ပါသည်။



## Wikipedia

Wikipedia သည် အသေးစိတ်နိုက်နိုက်ချွတ်ချွတ်ရေးထားသော ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးသန်းချီ၍ စုဝေးတည်ရှိသည့်နေရာဖြစ်သည်။ မည်သည့်ပညာရပ်နှင့်သက်ဆိုင်သည်ဖြစ်စေ မိမိလိုသော အကြောင်းအရာတစ်ခုကို ရှာမတွေ့ဆိုသည်မှာ အလွန်ရှားသည်။ Android အတွက်ပေးထားသော အွန်လိုင်းစွယ်စုံကျမ်း Android Wikipedia app နောက်ဆုံးထွက် version တွင် ဆောင်းပါးများကို သိမ်းဆည်းထားနိုင်သော save option ကို ထည့်ပေးထားပါသည်။ ယင်းက မိမိ offline ဖတ်ရှုလိုသော ဆောင်းပါးများကို offline ပြန်လည်ဖတ်ရှုနိုင်ရန် သိမ်းထားခွင့်ပြုပါသည်။ Download ချသည့်သဘောဖြစ်ပါသည်။

ရိုးရိုး download နှင့် ကွာခြားသည့်အချက်မှာ ဆောင်းပါးများအား သက်ဆိုင်ရာဘာသာရပ်အလိုက်တစ်စုတစ်စည်းတည်းသိမ်းဆည်းထားနိုင်ခြင်းဖြစ်ပါသည်။ Reading list ခေါင်းစဉ်ဖြင့် သိမ်းဆည်းထားနိုင်သော အကြောင်းအရာများတွင် Technology, Entertainment history နှင့် အခြားခေါင်းစဉ်များစွာ ပါဝင်ပါသည်။ ထို့ကြောင့် ယာဉ်ကြောကြပ်၍ ကားပေါ်တွင်ပိတ်မိနေသည့်အခါတွင်ဖြစ်စေ၊ မိုဘိုင်းဖုန်းလိုင်းမမိ၍ အင်တာနက်မရသည့်အခါဖြစ်စေ ပျင်းရိနေရန် အကြောင်းမရှိတော့ပါ။ Andorid ဖုန်းထဲမှမိမိစိတ်ဝင်စားသည့် Wikipedia ဆောင်းပါးတစ်ပုဒ်ကို ကောက်ဖတ်နေရုံသာရှိပါတော့သည်။

## Andorid

မိမိ၏ Android ဖုန်း (သို့မဟုတ်) တက်ဘလက်ထဲတွင် Webapge များအား သိမ်းဆည်းဖတ်ရှုရေးသည် browser တိုင်းတွင် အခွင့်အလမ်းမရှိပါ။ အင်တာနက်က နှေးပြီး လိုင်းမငြိမ်သည့်အခါ webpage များကို တွေ့ရဖို့ ခက်ခဲပါသည်။ Webpage များကို သိမ်းပြီးကြည့်လိုလျှင် Opera နှင့် Opera mini browser များရှိသည်။ ယင်းအပြင် Webpage များကို offline တွင်ဖတ်ရှုနိုင်ရန် offline browser ကလည်း အထောက်အကူပေးနိုင်သည်။

Offline browser ကိုအသုံးပြုရသည်မှာ အလွန်လွယ်သည်။ ယင်း app က တောင်းဆိုသည့် permission ထဲတွင် မိမိ၏ Photo, media နှင့် ဖိုင်များအား access လုပ်ခွင့်ပါဝင်သည်။ ယင်းမှာလည်း အွန်လိုင်း content များကို မိမိ device ထဲတွင် နေရာတကျ သိမ်းဆည်းပေးနိုင်ရန်အတွက် သာဖြစ်ပါသည်။ ယင်း app က နောက်မှလိုက်ပြီး သိမ်းဆည်းပေးမည့် link အရေအတွက်ကို မိမိက ရွေးချယ်နိုင်သည်။ မိမိ၏ data ပမာဏကို ချွေတာနိုင်ရန်အတွက် ယင်းသည်ကြော်ငြာများ၊ ဗီဒီယိုများနှင့် social media widget များကို download တွင်ချန်လုပ်ထားခဲ့ပါမည်။ သက်ဆိုင်ရာဆောင်းပါးနှင့် သက်ဆိုင်ရာပုံများကိုသာ သိမ်းဆည်းပေးပါမည်။

Offline browser ကိုသုံးမည်ဆိုလျှင် ယင်းကို Android ဖုန်း (သို့မဟုတ်) တက်ဘလက်တွင် intstall လုပ်ပြီးနောက် ခေါ်တင်ရပါမည်။ မည်သည့်အရာကိုမှ သိမ်းထားခြင်းမရှိသေးသဖြင့် blank screen ကို မြင်ရပါမည်။ အစိမ်းရောင်+လက္ခဏာလေးအား နှိပ်လိုက်ပါက မိမိ offline ကြည့်လိုသော webpage ကို ပေါင်းထည့်ပေးပါမည်။ မိမိသိမ်းလိုသော page လိပ်စာကို ရိုက်ထည့်ပေးပါ။ ပြီးလျှင် ခေါင်းစဉ်အမည်တစ်ခုပေးပါ။ Image များထည့်ပြီး သိမ်းမည်၊ မသိမ်းမည်ကို ရွေးပေးပါ။ Link မည်မျှအထိ တစ်ပြိုင်တည်းချိတ်ပြီး သိမ်းမည်ကို ရွေးပေးရပါမည်။ အမြန်နှုန်းကောင်းလျှင် Link အများဆုံး ငါးခုအထိ ရွေးခြင်းက download မြန်စေပါသည်။ ပြီးလျှင် အစိမ်းရောင်ဖြင့် ပေါ်လာသော save ကို နှိပ်ပေးရပါမည်။ မိမိသိမ်းလိုသော website တိုင်းအတွက် တစ်ကြိမ်စီ ဤသို့ပြုလုပ်ပေးရန် လိုပါသည်။

## ဈေးကွက်အတွင်းမှာ ထိုင်းနိုင်ငံထုတ် ရေခဲသေတ္တာကို လက်လီလက်ကားဝယ်ယူနိုင်

အီလက်ထရောနစ် ပစ္စည်းမျိုးစုံကို ဖြန့်ချိရောင်းချနေသော MULTI GENERATION ELECTRONICS WHOLESALES CENTER မှ မော်ဒယ် R-64V-4 အမျိုးအစား ONE DOOR ရေခဲသေတ္တာကို ကျပ် ၂၀၀၀၀၀/- ဖြင့် လက်လီ/လက်ကားရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေခဲသေတ္တာတွင် ''ဝင်ဆန့်နိုင်သော အရွယ်အစားမှာ (၁၈၅)လီတာဝင်ဆန့်ပါတယ်။ SEMI AUTOMATIC DEFROST SYSTEM အမျိုးအစားဖြစ်ပြီး၊ အိုဇုန်းလွှာကို ပျက်စီးစေသော CFC (CHLOROFLUOROCARBONS) မပါရှိသောကြောင့် သဘာဝပတ်ဝန်းကျင်နှင့်လျှော်ညီစွာ စိတ်ချလက်ချအသုံးပြုနိုင်ပါတယ်။ ထူးခြားချက်မှာ အစားအစာများကို ထားရှိရန် TEMPERED GLASS မှန်အမျိုးအစားဖြင့် တည်ဆောက်ထားသောကြောင့် အကြမ်းခံပြီး တာရှည်စွာ အသုံးပြုနိုင်ပါတယ်။ ဟင်းသီးဟင်းရွက်များကို သိုလှောင်ထားရှိရန် ကျယ်ဝန်းသော BIG VEGETABLE COMPARTMENT ဖြင့် ဖွဲ့စည်းထားပါတယ်။ ECO THERMO SENSOR ပါရှိသောကြောင့် မီးအားစားသက်သာစေမှာပါ။PCM COATED COLOR DOOR ဒီဇိုင်းဖြင့် တည်ဆောက်ထားသောကြောင့် ဧည့်ခန်းအတွင်း ခန့်ညားထည်ဝါစေမှာဖြစ်ပြီး ထိုင်းနိုင်ငံထုတ် အမျိုးအစားဖြစ်ပါတယ်''ဟုအရောင်းဆိုင်တာဝန်ရှိသူမှ ပြောကြားခဲ့သည်။ ဝယ်ယူသူများအနေဖြင့် အမှတ် (၉၀၈-၉၁၂) သရဖီကွန်ဒိုကုန် သည်လမ်းမပေါ် (ဆိပ်ကမ်းသာလမ်းထောင့်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း 09-73240123 သို့ ဆက်သွယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

တင်မျိုးသွင်

## Hisense အမှတ်တံဆိပ် ရေခဲသေတ္တာများနှင့် အဝတ်လျှော်စက်များကို အထူးဈေးနှုန်းများဖြင့် Ocean Super Center တွင် ဝယ်ယူရရှိနိုင်

Hisense Product များကို တစ်စိုက်မတ်မတ် အစဉ်အမြဲဝယ်ယူအားပေးခဲ့ကြသည့် Customer များကိုကျေးဇူးတုံ့ပြန်တဲ့အနေဖြင့်Hisense ကုမ္ပဏီမှ ၎င်းတို့ရဲ့ Hisense Refrigerator (ရေခဲသေတ္တာများကို (9.9.2016) မှ (22.9.2016) ထိလည်းကောင်း၊ Hisense Washing Machine (အဝတ်လျှော်စက်) ကို (23.9.2016) မှ (6.10.2016)ထိလည်းကောင်း အထူးဈေးနှုန်းများနဲ့ Ocean Super Center၌ Promotion ပြုလုပ်၍ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ 9.9.2016 မှ 22.9.2016 ရက်အထိ Hisense အမှတ်တံဆိပ် ရေခဲသေတ္တာများဖြစ်သည့် RS-13DR4 SA (100 Liter) အမျိုးအစား 142,000/- ကျပ်ကို 125,000/- ကျပ်ဖြင့်လည်းကောင်း၊RS-20 DR4 SH (152 Liter ) အမျိုးအစား 172,000/- ကျပ်ကို 165,000/- ဖြင့်လည်းကောင်း အထူးလျှော့ဈေးနဲ့ ဝယ်ယူနိုင်မည့်အပြင် 23.9.2016 မှ 6.10.2016 ရက်အထိ Hisense အဝတ်လျှော်စက်ဖြစ်သည့် XPB-100 SXD14 (10.0 kg, Semi Auto) အမျိုးအစား 156,000/- ကျပ်ကို 151,000/- ကျပ်ဖြင့်လည်းကောင်း၊ ရေခဲသေတ္တာ RS-13DR4SA(100 Liter) အမျိုးအစား 142,000/- ကျပ်ကို125,000/- ကျပ်ဖြင့်လည်းကောင်း နှစ်ကြိမ် Promotion ပြုလုပ်၍ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တင်မျိုးသွင်

ဇာတွေ့လက်တွေ့အတတ်သင်

လုပ်ငန်းခွင်မှ ကျွမ်းကျင်သော ဝါရင့်ဆရာများက ဇာတွေ့လက်တွေ့ အတတ်သင်ကြားပေးမည်။

Software - ၁ သိန်း, Hardware - ၁ သိန်း

EPi ဖုန်း ပြုပြင်နည်းသင်တန်း

ကြိုတင် အပ်နှံသူများ 10 % Dis

iPhone, SAMSUNG, Sony, Lenovo, Huawei, Coolpad, Xiaomi, OPPO, JavaPhone, Clone Phone, Tablet & Etc..

- ဖုန်းများတွင်ပါဝင်သော အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံကိုနားလည်ပြီး ကောင်း မကောင်းစမ်းသပ်၍ အစားထိုးလဲလှယ်နည်း။ Touch, LCD, Speaker လဲတတ်ရုံမျှမက Power IC မှ CPU IC အထိ စနစ်တကျ အောင်မြင်စွာလဲလှယ်နည်းများကို အခြေခံမှစ၍ သင်ကြားပေးသည့်ပြင် ဆားကစ်ကြိုး (Circuit) ကို ပြုပြင်နိုင်ရန် သင်ကြားပေးမည်။
- Android OS, iOS နှင့် အခြား Mobile OS များအကြောင်းနားလည်ပြီး Firmware ရေးခြင်း၊Root & Jailbrake လုပ်ခြင်း၊မြန်မာစာထည့်ခြင်း၊ Network ပိုင်းပြုပြင်ခြင်း၊ROM Backup & Restore, Insecure / Super Boot ပြုလုပ်ခြင်းစသော ဖုန်းပြင်သူတစ်ဦး သိသင့်သည်များကို အခြေခံမှစ၍ သင်တောက်ကျ အပြည့်အစုံဖြင့် သင်ကြားပေးမည်။
- Box များသုံးပြီး eMMC Program ပြန်ရေးခြင်းစသော Box သုံးနည်းများကိုပါ သင်ကြားပေးခြင်းဖြင့် လုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်စေမည်။
- ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းနည်းကိုပါ အခမဲ့ သင်ကြားပေးမည်၊ Data 2000 GB ပေးမည်၊
- ဆိုင်ဖွင့်လိုသူများကို အစစအရာရာ ကူညီပံ့ပိုးပေးမည်၊ အလုပ်လုပ်လိုလျှင် အလုပ်ရှာပေးမည်၊ သင်တန်းချိန် ညှိနှိုင်းတက်ရောက်နိုင်သည်၊
- နယ်သင်တန်းသားများအတွက် တည်းခိုရန် အဆောင် အခမဲ့ စီစဉ်ပေးမည်၊ အချိန်ပြည့် အမြန် ၁ လ တန်းခွဲရှိသည်၊ သင်တန်းသားဦးရေ ကန့်သတ်ထားသည်၊
- သင်တန်းပြီးသွားပြီးနောက် ထပ်မံတက်ရောက်လိုပါက နောက်ကပ်ရပ်တန်းခွဲတွင် အခမဲ့ တက်ရောက်နိုင်သည်၊သင်တန်းချိန်အပြည့် တက်ရောက်ရမည်၊

အမှတ် (၁၃၂)၊ ဒုထပ်(ဓါ)၊ (၃၇)လမ်း(လယ်ဘာလောက်)၊ ထိရုံးဘေး။ အောင်ပြည့်ပြီးထမင်းဆိုင်နှင့် နမ့်ခမ်းစားသောက်ဆိုင်ကြား၊လှေကား။ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

09 25 4040 200
09 300 47 422

## ကင်မရာအထူးကောင်းမွန်သော MEIZU MX 6 ဖုန်းအား ဈေးကွက်တွင်စတင်ဖြန့်ချိ

သတ္တုကိုယ်ထည်ဖြင့်ပြုလုပ်ထားပြီး မြန်ဆန်စွာအားသွင်းနိုင်သည့် ကင်မရာအထူးကောင်းမွန်သော MEIZU MX 6 ဖုန်းအား ကျပ် ၃၃၉,၀၀၀ ဖြင့် မြန်မာဈေးကွက်တွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

''မြန်မာနိုင်ငံ စမတ်ဖုန်းဈေးကွက်မှာ ကုန်ပစ္စည်းစုံစုံလင်လင်ရရှိနိုင်ရေးကို ကျွန်တော်တို့ ရည်ရွယ်ထားတဲ့အတိုင်း MX 6 အဆင့်မြင့် စမတ်ဖုန်းကို မိတ်ဆက်ပေးနိုင်တဲ့အတွက်ကျွန်တော်တို့အရမ်းပဲဝမ်းသာမိပါတယ်။

အခုလို မိတ်ဆက်ပေးလိုက်တဲ့အတွက် ဖုန်းလောကကို တစ်ဖန်လှုပ်ခတ်စေသလို စမတ်ဖုန်းဒီဇိုင်းနဲ့ စွမ်းဆောင်ရည်ကို စံထားတဲ့ဈေးကွက်တစ်ခုကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ လုပ်ငန်းသဘောတရားနဲ့အကောင်းဆုံး ဆက်လက်ရပ်တည်ဖို့ရာ အကောင်းဆုံးဒီဇိုင်း၊ အစွမ်းထက်တဲ့ အသေးစိတ်လုပ်ဆောင်ချက်တွေနဲ့ သင့်တင့်သောဈေးနှုန်းတွေနဲ့ MEIZU ဟာ အသုံးပြုရလွယ်ကူတဲ့ စမတ်ဖုန်းနဲ့ တီထွင်မှုတွေကိုတော့ အဓိကထား ဆက်လက်ဆောင်ရွက်သွားမှာပါ'' ဟု MEIZU Technology ၏ Country Manager ဖြစ်သူ Mr.Li Xiao မှ ပြောကြားခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် MEIZU M 35 စမတ်ဖုန်းအမျိုးအစားကိုလည်းမိတ်ဆက်ပေးခဲ့ပြီး အဆိုပါစမတ်ဖုန်းတွင် RAM 2G နှင့် 3G ပါဝင်ကာ သိုလှောင်မှုပမာဏ 16GB နှင့် 32GB စသည်ဖြင့် မြန်မာပြည်ဈေးကွက်တွင် ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သန်းထိုက်အောင်



# အိန္ဒိယဈေးကွက်သို့ ထိုးဖောက်ဖို့ ပြင်ဆင်နေတဲ့ Gionee



ဆောင်းပါးရှင် – မိုးမခ

တရုတ်နိုင်ငံရဲ့ ရှင်ကျန်ဒေသမှာအခြေစိုက်ထားတဲ့ Gionee ကုမ္ပဏီဟာ အိန္ဒိယဈေးကွက်မှာ ဈေးကွက်ဝေစုရဖို့ ပြင်ဆင်အားယူနေပြီ ဖြစ်ပါတယ်။ သူနဲ့ ပြိုင်ရမယ့်ကုမ္ပဏီကြီးတွေကတော့ ကမ္ဘာ့စမတ်ဖုန်း ဘီလူးနှစ်ကောင်ဖြစ်တဲ့ အက်ပဲလ်နဲ့ ဆမ်ဆောင်းတို့ပဲ ဖြစ်ပါတယ်။ အိန္ဒိယဟာ စမတ်ဖုန်းဈေးကွက်မှာ အမြန်ဆန်ဆုံး ဖွံ့ဖြိုးတိုးတက်လာတဲ့နိုင်ငံဖြစ်ပါတယ်။

ရှင်ကျန်မှာအခြေစိုက်ထားတဲ့ Gionee ဟာ အိန္ဒိယဈေးကွက်ရဲ့အလားအလာကောင်းမွန်မှုကို ရှေးရှုပြီး ဈေးကွက်ရဲ့တွင်ဖို့ ကြိုးစားခဲ့တာ ဖြစ်သလို မိမိတို့တရုတ်နိုင်ငံဈေးကွက်မှာလည်း ဈေးကွက်ဝေစုတွေ မြင့်မားလာတာ ဖြစ်ပါတယ်။

အိန္ဒိယဈေးကွက်ဟာ အလားအလာကောင်းတွေ ဖွင့်လန်းနေသလို အိန္ဒိယပြည်တွင်းမှ ဈေးချိုသာတဲ့ မိုဘိုင်းပစ္စည်းတွေ ဘယ်လောက်ပင်ပေါများနေပေမယ့် Gionee ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းအမြင့်မားနေမှုကို စိုးရိမ်ရန်မရှိကြောင်း Gionee ရဲ့ အိန္ဒိယကိုယ်စားလှယ်အကြီးအကဲ အာဗင်ဗိုရာက ပြောဆိုခဲ့ပါတယ်။

Gionee ဟာ သူ့ရဲ့ဈေးနှုန်းထက် သူ့ရဲ့သွင်ပြင်လက္ခဏာသစ်တွေ စီစဉ်ခင်းကျင်းထားပုံအား သုံးစွဲသူတွေရဲ့လိုအင်တွေကို အပြည့်အဝဖြည့်ဆည်းပေးထားတာဖြစ်ကြောင်း၊ ဈေးနှုန်းအရ ယှဉ်ပြိုင်မယ်ဆိုရင်လည်း အိန္ဒိယပြည်တွင်းလုပ် Micromax, Lava နဲ့ Maxx Mobile တို့ကို ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဆမ်ဆောင်းကိုပင် ပခုံးချင်းယှဉ်နိုင်ကြောင်း ကိုယ်စားလှယ်ကြီး အာဗင်ဗိုရာက ရှင်းလင်းပြောဆိုခဲ့တာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ ဈေးကွက်ဝေစုအဖြစ် ၂၀၁၂ ခုနှစ်မှာ ၁.၅ ရာခိုင်နှုန်းသာ ရထားတဲ့ Gionee ဟာ ၂၀၁၅ ခုနှစ်မှာ ဝေစု ၄.၇ ရာခိုင်နှုန်းသို့ တိုးမြှင့်လာတာ ဖြစ်ပါတယ်။ တရုတ်ဈေးကွက်မှာ ဆမ်ဆောင်းနဲ့ အက်ပဲလ်ဟာ မနှစ်က သူတို့ရဲ့ ပုံမှန်ဝေစုတွေကနေ ကျဆင်းလာတာဖြစ်ပါတယ်။

အိန္ဒိယစမတ်ဖုန်းဈေးကွက်ကို နောက်ဆုံးဝင်ရောက်လာတဲ့ Gionee အနေနဲ့ ဆမ်ဆောင်း၊ မိုက်ခရိုမက်နဲ့ ကာဘွန်းတို့လို နေရာရပြီးသားကုမ္ပဏီကြီးတွေနဲ့ အကျိတ်အနယ် ယှဉ်ပြိုင်နေရပေမယ့် အောင်မြင်မှုရလိမ့်မယ်ထင်ကြောင်း၊ အိန္ဒိယသုံးစွဲသူတွေအပေါ် ယုံကြည်မှုအပြည့်ရှိကြောင်း၊ အဆိုပါ ထိပ်တန်းမိုဘိုင်းလုပ်ငန်းကြီးသုံးခုဟာ အိန္ဒိယစမတ်ဖုန်းဈေးကွက်ရဲ့ဝေစုကို ၆၀ ရာခိုင်နှုန်း ချုပ်ကိုင်ထားကြောင်း ပြီးခဲ့တဲ့ သုံးလပတ်အတွင်းမှာ အိန္ဒိယရဲ့စမတ်ဖုန်းရောင်းချမှုဟာ အလုံးရေ ၁၁ သန်းရှိခဲ့ကြောင်း ဈေးကွက်ဒေတာများကို သုတေသနလုပ်နေတဲ့ Cyber-media က ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်ပါတယ်။

Gionee ဟာ တရုတ်နိုင်ငံမှာ လူသိများထင်ရှားတဲ့စမတ်ဖုန်း အမည်တစ်ခုဖြစ်ပေမယ့် လောလောဆယ် အိန္ဒိယမှာ ဖြန့်ဖြူးမှုအားနည်းချက်တွေ ရှိနေတဲ့အတွက် ဈေးကွက်ဝေစုဟာ ၁ ရာခိုင်နှုန်းသာ ရှိနေတာဖြစ်ပါတယ်၊

အိန္ဒိယမှာဖြန့်ဖြူးပုံ စနစ်မကျသေးတဲ့အတွက် တခြား Brand တွေကို စိန်ခေါ်နိုင်စွမ်း မရှိသေးကြောင်း၊ သုံးစွဲသူတွေရဲ့ ဝေဖန်သုံးသပ်ချက်အရ တရုတ်ပစ္စည်းတွေဟာ ဈေးချိုသော်လည်း အရည်အသွေးနိမ့်ကျနေကြောင်း၊ သူတို့အနေနဲ့ အိန္ဒိယဈေးကွက်မှာ ဦးဆောင်နိုင်တဲ့အနေအထားမျိုး မရှိသေးကြောင်း၊ ဒီနေရာမှာ မေးစရာတစ်ခုပေါ်လာရာ အိန္ဒိယစမတ်ဖုန်းတွေရော တရုတ်နိုင်ငံတွင် အောင်မြင်နိုင်ခြေရှိရဲ့လားဆိုတဲ့ မေးခွန်းပင်ဖြစ်ကြောင်း၊ Maxx Mobile ရဲ့ လုပ်ငန်းဆောင်ရွက်ရေးအရာရှိချုပ် ခရစ်စနားဆင်းက ဝေဖန်သုံးသပ်ပြောဆိုခဲ့တာ ဖြစ်ပါတယ်။

အိန္ဒိယမှာတော့ Maxx Mobile နဲ့ Karbonn တို့ဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ ဈေးကွက်ဝေစုပိုမိုရရှိရေးအတွက် ထူးထူးခြားခြားကြိုးပမ်းနေကြတာ ဖြစ်ပါတယ်။ အိန္ဒိယရဲ့ မြို့ငယ်လေးတွေမှာ ဈေးချိုတဲ့စမတ်ဖုန်းတွေရဲ့ ရောင်းအားဟာ သိသိသာသာမြင့်တက်လာတာ ဖြစ်ပါတယ်။

Gionee အနေနဲ့ အိန္ဒိယမှာ ဖြန့်ဖြူးရေးကိုယ်စားလှယ် ၇ ဦးကို ခန့်ထားပြီး အရောင်းဆိုင်ပေါင်း ၁၅၀၀ ခန့်မှာ တင်သွင်းရောင်းချနေတာဖြစ်ပါတယ်၊ အထူးသဖြင့် အဓိကမြို့ကြီးသုံးမြို့ဖြစ်တဲ့ ဘယ်လ်ကွမ်၊ ဘတ်စဝါဒါနဲ့ အန်နန်တို့မှာ ရောင်းအားကောင်းတဲ့ မြို့များဖြစ်ပါတယ်။

Convergence Catalyst ရဲ့ ပူးတွဲတည်ထောင်သူနဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဂျာယန်ကိုလာရဲ့အဆိုအရ Gionee ဟာ သင့်တော်ကောင်းမွန်တဲ့အချိန်ကာလတစ်ခုမှာ ဝင်ရောက်လာတဲ့အတွက် အခြေအနေ ကောင်းမှာဖြစ်ကြောင်း၊ လောလောဆယ် ဘလက်ဘယ်ရီ၊ နိုကီယာနဲ့ HTC တို့ဟာ ရောင်းအားကျဆင်းလာတဲ့အတွက် Gionee ရဲ့အလားအလာဟာ အလွန်ကောင်းမွန်နေကြောင်း ဂျာယန်ကိုလာက ပြောဆိုခဲ့တာဖြစ်ပါတယ်။

Gionee ဟာ လာမယ့် ၃ နှစ်မှ ၅ နှစ်လောက် ကာလအတွင်းမှာ အိန္ဒိယဈေးကွက်ထဲကို ထိုးဖောက်ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားနေကြောင်း ကုမ္ပဏီက ၎င်းရဲ့ရည်မှန်းချက်ကို ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ကုမ္ပဏီအနေနဲ့ ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာကို သေချာစွာ တွက်ချက်လုပ်ကိုင်ဖို့လိုအပ်ပြီး အိန္ဒိယနဲ့သင့်တော်မယ့် အင်္ဂါစုံပါဝင်တဲ့ အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ရမှာဖြစ်ပါတယ်။ ထို့အတူ ဒေသတွင်းမှာလည်း ဈေးကွက်ဖြန့်ချိမှုဆိုင်ရာ အင်အားစုတွေကိုလည်း အင်ပြည့်အားပြည့်နဲ့ လုံလောက်အောင် တည်ဆောက်ပေးထားရမှာ ဖြစ်ပါတယ်။

ဈေးကွက်သုတေသနလုပ်ငန်းတစ်ခုဖြစ်တဲ့ Cyber Media ရဲ့ သုတေသီတစ်ဦးဖြစ်တဲ့ ဖိုင်ဆယ်ကာစူဆာကပြောဆိုရာမှာ Gionee အနေနဲ့ အိန္ဒိယဈေးကွက်အခြေအနေကို လေ့လာသုံးသပ်ပြီး ဈေးကွက်တစ်ခုလုံးကို လွှမ်းခြုံနိုင်တဲ့ မဟာဗျူဟာမြောက် ရည်မှန်းချက်တစ်ခုကို ချမှတ် လုပ်ဆောင်သင့်ကြောင်း၊ ဒီလိုလုပ်ဆောင်ရာမှာ မိမိတို့ကုန်ပစ္စည်းကို ဖြန့်ကျက်နိုင်မယ့်ဒေသဆိုင်ရာ နယ်နိမိတ် အကျယ်အဝန်းနဲ့ အရွယ်အစားကို ချင့်ချိန်ဖို့လိုအပ်ကြောင်း၊ အိန္ဒိယဈေးကွက်မှာ ဈေးသက်သာတဲ့ Micromax လိုစမတ်ဖုန်းများနဲ့ ပထမဦးစွာ ယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်းသင့်ကြောင်း၊ လက်ရှိအားဖြင့် HTC တို့ Sony တို့ Panasonic တို့လို ဈေးနှုန်းသက်သာတဲ့ စမတ်ဖုန်းများစွာရှိနေကြောင်း ဈေးမြင့်သော်လည်း ရောင်းအားကောင်းနေတဲ့ ဆမ်ဆောင်းကဲ့သို့ ထိပ်တန်းကုမ္ပဏီကြီးတွေလည်း ရှိနေကြောင်း၊ သို့ဖြစ်၍ Gionee အနေဖြင့် ဒေသနဲ့ လိုက်လျောညီထွေဖြစ်မယ့် အလုပ်လုပ်နိုင်စွမ်းရှိတဲ့ ကျစ်လျစ်သိပ်သည်းတဲ့ အဖွဲ့အစည်းတစ်ခုကို ခိုင်ခိုင်မာမာ တည်ဆောက်ပြီး ဇွဲရှိရှိနဲ့ ကြိုးစားခြင်းဖြင့် တစ်ချိန်ချိန်တွင် Gionee ရဲ့ပစ္စည်းများဟာ အိန္ဒိယတစ်ဝန်းမှာ ထိုးဖောက်အောင်မြင်ကာ ထင်ရှားကျော်ကြား လူသုံးများလာမှာဖြစ်ကြောင်း သုတေသီဖိုင်ဆယ်ကာစူဆာက ရှင်းလင်းစွာ ဝေဖန်သုံးသပ် ပြောဆိုသွားတာ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာ ဈေးသက်သာတဲ့စမတ်ဖုန်းတွေဟာ ရောင်းအားကောင်းတာ မှန်ပေမယ့် Display နဲ့ Features ပိုင်းမှာ များစွာလိုအပ်ချက်တွေ ရှိနေကြောင်း Gionee ဝင်ရောက်လာခြင်းဟာ ဒီလိုအပ်ချက်တွေကို အထိုက်အလျောက် ဖြေရှင်းပေးနိုင်ဖွယ်ရာရှိကြောင်း Gionee ရဲ့ အိန္ဒိယဆိုင်ရာ လုပ်ငန်းဌာနအကြီးအကဲ အာဗင်ဗိုရာက ပြောဆိုခဲ့တာဖြစ်ပါတယ်။

Gionee M5 နဲ့ Gionee S 5.1 တို့ ထွက်ပြီးနောက်မှာ ထပ်မံထွက်ပေါ်လာမယ့် Gionee M6 နဲ့ Gionee M6 Plus တို့ကို မကြာခင်မှာ ရောင်းချတော့မှာဖြစ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်ပါတယ်။ ယခုထွက်လာမယ့် M6 နှင့် M6 Plus တို့မှာ ပိုမိုကောင်းမွန်တဲ့လုံခြုံရေးစနစ်များ ပါဝင်လာတဲ့အတွက် Data များလုံခြုံမှုကို အကာအကွယ်ပေးနိုင်ပြီး စွမ်းရည်မြင့်မားတဲ့ ဘက်ထရီများကို အသုံးပြုထားကြောင်း၊ ထူးခြားချက်ကတော့ ဒီဖုန်းအမျိုးအစားများဟာ တခြားဖုန်းများကိုလည်း အားသွင်းပေးနိုင်စွမ်း ရှိတဲ့အတွက် အိန္ဒိယဈေးကွက်မှာ ပိုမိုယှဉ်ပြိုင်နိုင်ဖွယ်ရာရှိကြောင်း Gionee ရဲ့ အိန္ဒိယဈေးကွက်ဖြန့်ချိရေး လုပ်ငန်းဌာနအကြီးအကဲ အာဗင်ဗိုရာက ပြောဆိုခဲ့တာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

## 2017 ခုနှစ် ဇန်နဝါရီလကျောင်းဖွင့်ချိန်အတွက် MSI မှ အမေရိကန် Webster တက္ကသိုလ်၏ကျောင်းလခ ၁၀၀% ပညာသင်ဆုအကြောင်း ဆွေးနွေးပွဲကြီး ကျင်းပပြီးစီးခဲ့

ထိုင်းနိုင်ငံ အခြေစိုက် ဘန်ကောက်မြို့နှင့် Chan-Am/ Hua-Hin အမေရိကန် တက္ကသိုလ်ကျောင်းခွဲဖြစ်သော Webster University မှ အမေရိကန်ပညာရေးနှင့် ကျောင်းလခ (၁၀၀) % အပြည့်အဝ ကင်းလွတ်ခွင့်အကြောင်း ပညာရေးဆွေးနွေးပွဲကို ''ရန်ကုန်မြို့ရှိ Novotel Hotel ၊ Mandalay Meeting Room တွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၂၇) ရက် (စနေနေ့) နေ့လည် (၁) နာရီမှ မွန်းလွဲ (၃)နာရီအထိ လည်းကောင်း၊ မန္တလေးမြို့ Sedona Hotel ၊ Meeting Room တွင် ၊ ဩဂုတ်လ (၂၈) ရက် (တနင်္ဂနွေနေ့) နေ့လည် (၁) နာရီမှ မွန်းလွဲ (၄ ) နာရီအထိလည်းကောင်း (၂) ရက်ဆက်တိုက် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် Webster တက္ကသိုလ်၏ တာဝန်ရှိသူ Ms. Jaswani (International Enrollment Manager - Marketing and Recruitment Department) မှအဓိက Main Campus တည်ရှိရာ အမေရိကန်နိုင်ငံ ၊ စိန့်လူးဝစ်ပြည်နယ်၊ မစ်ဆူရီမြို့ရှိ Webster တက္ကသိုလ်တွင် သင်ယူရရှိနိုင်သည့် ဘာသာရပ်များအကြောင်း ၊ Webster တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားခွင့်ရရှိမည့် ကျောင်းသား/သူများ၏ ပညာရေးဆိုင်ရာ လေ့လာမှတ်သင့်သည့် အချက်အလက်များ၊ ကျောင်းပြီးသည့်နောက် ကျောင်းသား/ ကျောင်းသူများ၏ လုပ်ငန်းခွင်ဆိုင်ရာ အခွင့်အလမ်းများ၊ (၁၀၀) ရာခိုင်နှုန်း ပေးအပ်ချီးမြှင့်မည့် အမေရိကန် ပညာသင်ဆုကို ရွေးချယ်ပေးမည့်ပုံ အဆင့်ဆင့်များ ၊ ၎င်းတက္ကသိုလ်မှ ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ရသည့်အကြောင်းရင်းများ ၊ မြန်မာနိုင်ငံရှိ အမေရိကန်ပညာသင်ဆုလျှောက်ထားလိုသည့် ကျောင်းသား/ သူများအတွက် လိုအပ်သည့်ပညာရေးဆိုင်ရာရှိထားရမည့် အချက်အလက်များစသည့်တို့ကို အသေးစိတ်ရှင်းလင်းသွားခဲ့သည်။

၎င်းပညာသင်ဆု ဆွေးနွေးပွဲသို့ (၁၀) တန်း ၊ IGCSE , GCE "O" level , GCE "A" Level, International School များမှ ကျောင်းသား/ သူများ၊ မြန်မာအစိုးရတက္ကသိုလ်များတွင်သင်ယူနေသော ကျောင်းသား/သူများ ၊ နိုင်ငံတကာပညာရေးကို စိတ်ဝင်စားသောသူများ ကျောင်းလခ (၁၀၀) % အပြည့်အဝကင်းလွတ်ခွင့် ပညာသင်ဆုအကြောင်းကို လာရောက်လေ့လာဆွေးနွေးကြသည်။ ပညာရေးဆွေးနွေးပွဲသို့ လာရောက်ကြသည့် ကျောင်းသား/ သူများအတွက် Myanmar Search International (MSI) နိုင်ငံခြား ပညာရေးဝန်ဆောင်မှု၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်မှလည်း ပွဲတက်ရောက်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံမှ Webster တက္ကသိုလ်၏ အဓိက တရားဝင်ကိုယ်စားလှယ်ဖြစ်သော MSI တွင် လာရောက် လျှောက်ထားရယူနိုင်ကြောင်းနှင့် လိုအပ်သောအချက်အလက်များ ၊ MSI မှ ဝန်ဆောင်မှုပေးသည့် "One – Stop Quality Services" များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ (၂၀၁၇) ပညာသင်ဆုများ၊ အမေရိကန် ပညာရေးကို စိတ်ဝင်စားသော ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံခြားပညာရေးကိုစိတ်ဝင်စားသူများ၊ (၂၀၁၇) ခုနှစ်အတွင်း ပညာသင်ဆုလျှောက်ထားချင်သူများအနေဖြင့် အမှတ်(၂၃၄)၊ ဒုတိယထပ်(ညာ) ၊ ရွှေဘုံသာလမ်း(အလယ်ဘလောက်)၊ ပန်းဆိုးတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ MSI ရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း 01-420037616၊ 01-250929၊ 09-5103915 သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။ **တင်မျိုးသွင်**

## 50% ပညာသင်ထောက်ပံ့ကြေးပေးမည့် စီးပွားရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာဘာသာရပ်ကို စင်ကာပူနိုင်ငံတွင် Nov 2016 Intake အတွက် ဝင်ခွင့်စတင်ခေါ်ယူ



အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် နိုင်ငံတကာ စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဒီပလိုမာတစ်ခုရရှိလိုသူများအတွက် DIMENSIONS International College, Singapore မှ ပေးအပ်မည့် Diploma in Business(8 months) သင်တန်းကို 50% ပညာသင်ထောက်ပံ့ကြေးဖြင့် ယခုလာမည့် Nov 2016 Intake ကျောင်းဖွင့်ချိန်တွင် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာများ လာရောက်တင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ၅၀% ပညာသင်ထောက်ပံ့ကြေးသည် မြန်မာနိုင်ငံမှ ကျောင်းသူကျောင်းသားများအတွက် Nov 2016 ကျောင်းဖွင့်ချိန်အတွက်သာ ပေးအပ်မည့် အထူးအစီအစဉ်တစ်ရပ် ဖြစ်ပါသည်။ လျှောက်ထားသူများအနေဖြင့် မြန်မာပြည်ရုံးခွဲတွင် October လ ၂၀ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားရမည်ဖြစ်သည်။

| ☆KB412P1E2GC730908☆ | ☆KB411P102GC603545☆ | ☆KB411P102GC605011☆ | ☆KB411PMF2GC044073☆ | ☆KB412P1E2GC734534☆ |
| ☆KB411P102GC605079☆ | ☆KB412P1E2GC720476☆ | ☆KB411P102GC604173☆ | ☆KB412P1E2GC734859☆ | ☆KB412P1E2GC734849☆ |
| ☆KB411P102GC604797☆ | ☆KB411P102GC235562☆ | ☆KB411P102GC604013☆ | ☆KB411P102GC605430☆ | ☆KB411P102GC604933☆ |

### 4TH PRIZE O31 Plus Smartphone (၃၉)လုံး

| | | | | |
|---|---|---|---|---|
| ☆KB411P102GC604343☆ | ☆KB411P102GC605597☆ | ☆KB411P102GC605152☆ | ☆KB411PMF2GC044254☆ | ☆KB412P1E2GC734930☆ |
| ☆KB411P102GC605569☆ | ☆KB411PMF2GC044270☆ | ☆KB411P102GC235621☆ | ☆KB411P102GC235661☆ | ☆KB411P102GC604742☆ |
| ☆KB411P102GC604700☆ | ☆KB411P102GC604923☆ | ☆KB411PMF2GC044230☆ | ☆KB412P1E2GC730758☆ | ☆KB412P1E2GC734607☆ |
| ☆KB412P1E2GC734627☆ | ☆KB411P102GC235654☆ | ☆KB411P102GC605228☆ | ☆KB411PMF2GC038585☆ | ☆KB411P102GC604720☆ |
| ☆KB411P102GC604346☆ | ☆KB411PMF2GC044248☆ | ☆KB411P102GC604479☆ | ☆KB411P102GC604873☆ | ☆KB411P102GC603577☆ |
| ☆KB411P102GC604294☆ | ☆KB412P1E2GC730892☆ | ☆KB412P1E2GC734868☆ | ☆KB412P1E2GC734938☆ | ☆KB412P1E2GC720096☆ |
| ☆KB411P102GC605108☆ | ☆KB411P102GC604811☆ | ☆KB412P1E2GC730631☆ | ☆KB411PMF2GC044047☆ | ☆KB412P1E2GC734894☆ |
| ☆KB412P1E2GC720466☆ | ☆KB412P1E2GC734521☆ | ☆KB412P1E2GC734889☆ | ☆KB412P1E2GC734892☆ | |

အသေးစိတ် သိရှိလိုပါက www.facebook.com/kenbocycle၊ Kenbo Myanmar Page နှင့်
website : www.kenbomotorcycle.comသို့ ဝင်ရောက် လေ့လာ နိုင်ပါသည်။

ဆုမဲများအား ကံစမ်းမဲဖွင့်သည့်ရက်မှ (နှစ်လ) အတွင်း ဆက်သွယ်ထုတ် ယူခြင်း မရှိပါက ပေါက်မဲအဖြစ်မှ ပယ်ဖျက်မည်ဖြစ်ပါသည်။

မှတ်ချက်။ ။အငြင်းပွားမှု ဖြစ်ပေါ်လာခဲ့ပါက Aung Kan Bo Trading Co.,Ltd. ၏ ဆုံးဖြတ်ချက်သာလျှင် (တရားဝင်)အတည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

Hot Line : 09-250093882 , 09-440048898

# KENBO

# The Whole Myanmar Special Lucky Draw Promotion

## ကံထူးရှင်များ


ဦးမျိုးဝင်း (ပင်လည်ဘူး)


ဦးကျော်ဇေလှိုင် (ပင်လည်ဘူး)


ဒေါ်သိန်းယု (ပင်လည်ဘူး)


ဒေါ်ကြည်ကြည်ဆွေ (ပင်လည်ဘူး)


မလှိုင်ဝေမိုး (လယ်ဝေးမြို့)


ကိုလှမင်းသူ (မြစ်ကြီးနားမြို့)


ကိုနေမင်းနိုင် (မိုးကုတ်မြို့)


မသီရိမောင်မောင်တင်
(အမှတ်-၄၊ဓမ္မစေတီလမ်းမြင်းခြံမြို့)


ကိုအောင်ဌေး
(ကျောက္ကာကျေးရွာ၊ရေစကြိုမြို့နယ်)


ကိုလွှမ်းမိုးနိုင် (တံခွန်းရပ်ကွက်၊ပေါက်)


မဝင်းဝင်းလှိုင်
(အောင်ချမ်းသာရပ်ကွက်၊ပေါက်)


ကိုစံထောင်း (ဟားခါးမြို့)


ကိုဇင်ကို
(ဖေဖောင်ကန်၊ပခုက္ကူ)


ကိုရဲထက်
(ဒက္ခိဏသီရိမြို့နယ်၊လယ်ဝေးမြို့)


ကိုမိုးဝင်း
(သဲတောကြီး၊လယ်ဝေးမြို့)


ကိုနေဝင်းအောင် (တောင်တွင်းကြီး)

Hot Line: 09-250093882 , 09-440048898

Ks 19,000



### 1. Capdase Flexi Sport Car Mount

- Innovative springloaded phone holder specially designed for invehicle use
- 360# rotatable joint for optimal viewing
- Quick release and lock buttons for instant access
- Cushioned holder with expandable legs and arms
- Ultrapowerful suction lock that sticks like glue to textured surfaces
- Remove without residue

Phone : 09-73024327

Ks 53,000



### 2. Capdase POSH6-USB Charging Port

- Rated Input Voltage : AC 100-240 V50-60Hz
- Rated Output Power : DC 5V / 6A (30W)
- LED Power Indicator
- Changeable plugs (EU, US, UK, AU)
- Dimension : Adaptor : 95 x 38 x 49mm
- Hub : 28 x 67 x 10mm, Cord : 1.5m
- Accessory included : Travelling Case, Accessories Bag, Cable Holder

Phone : 09-73024327

Ks 52,000



### 3. Belkin AC Anywhere Power Inverter with USB Charging - 200W

- Converts - 12 volts DC Power to 220 volts AC
- Fits - All Standard Cigarette Lighter Sockets
- Power - Portable Electronic Devices
- Convenient - Power Two Device through AC socket and USB Simultaneously

Phone : 09-73024327

Ks 9,000



### 4. Energea Compactdrive Duo USB Ultra Compact Car Charger

- AC Input : 12 to 24VDC
- USB Output : 5VDC / 1A & 2.1A
- Output overcurrent
- Protection : 4A Max
- Port : 2USB Ports
- Socket : Cigarette Lighter
- Weight : 22g

Phone : 09-73024327

Ks 89,000



### 5. Huawei Mobile WiFi E5577

- Form : LTE Mobile WiFi
- Speed : LTE FDD 150Mbps / LTE TDD 112Mbps
- Display : 1.45" TFT LCD
- Battery : 150mAh
- microSD card slot : Supported
- External Antenna Interface : Supported (Two)
- Wi-Fi Protocol : IEEE 802.11a / b/ g/ n

Phone : 09-73024327

USD 18



### 6. Trendnet PCI TEW-703PI WiFi Adapter

- TEW-703PI is a Windows based PCI Adapter
- High performance wireless n connectivity for a desktop computer
- LED indicator conveys connection status, Detachable antenna
- Maximum reliability, throughput , and connectivity with Automatic Data Rate Switching
- Windows 7 (32 / 64-bit) . Vista (32 / 64-bit), XP (32 / 64-bit), Windows 8

Phone : 09-73085188

USD 54



### 7. Trendnet TEG-ECTX Gigabit PCIe Nic Adapter

- 1 x 10 / 100 / 1000Mbps Auto-MDIX WNA port
- PCI Express 1.0 a compliant
- Wake-On-LAN (WOL)
- TCP segmentation / large send offload
- IEEE 802.3x full-duplex Flow Control
- SNMP v 1 supported
- jumbo Frames up to 7K

Phone : 09-774266830

USD 55



### 8. Aztech WL559E WiFi Repeater

- Wireless-N Data speeds of up to 300Mbps
- 1 Ethernet Port
- Wireless ON / Off Indicator
- Wi-Fi Protected Setup (WPS)
- Connect Multiple Networking Devices

Phone : 09-262600418

USD 109



### 9. UBIQUITI NanoStation M2 150Mbps

- High-powered 2.4GHz 150Mbps + WiFi access point with a range up to 13+ km.
- One (1) Gigabit Ethernet port and one(1) Gigabit PoE pass-through port
- Power over Ethernet (Passive PoE) powered from included injector
- Access Point mode, client or WDS with Traffic shaping and QoS.

Phone : 09-73085188

USD 180



### 10. Mikrotik RB2011U Series

- CPU nominal frequency : 600MHz
- SFP DDMI : Yes
- Size of RAM : 128MB
- Wireless standards : 802.11b / g/ n
- Wireless chip model : AR 9344
- Supported input voltage : 8 V - 30V
- Dimensions : 214mm x 86mm for PCB
- Storage size : 128MB

Phone : 09-774266830

# RELATED COLLECTION

### 1. HDMI Dongle WiFi Display Receiver Multi-screen interactive by pushing only one button

- WiFi : IEEE 802.11b/ g/ n
- Wireless Display : Photo / video / music / office file / website / camera
- Office File Display : Word / Excel / PPT/ PDF
- HD video decoder : 1080 p @ 60fps
- iOS 6.0 and higher
- Windows XP / Vista / 7 / 8
- Power Supply : DC 5V



Phone : 09-73024327

Ks 23,000

### 2. HDMI Repeater Deluxe Computer Accessory

- Main Features : Extends 1080p / UXGA up to 40 meter transmission distance
- Specifications : HDMI is Compliant with HDMI 1.3
- HDMI HDCP is compliant with HDCP 1.1
- Downward compatible with DVI 1.0 and HDCP 1.0
- Operation frequency : Up to 165MHz
- HDMI data rate : 1.65G bps (Single link)
- Input / Output resolution
- Dimensions : 27 x 15 x 50mm
- Net Weight : 17g



Phone : 09-73024327

Ks 8,500

### 3. Mini Display port to VGA Adapter

- Use the Mini Display Port to VGA Adapter to connect your Mac to a device
- Connect your Mac to a standard analog monitor, projector , or LCD that uses a VGA connector or cable
- Use the Mini DisplayPort to VGA Adapter to connect your Mac to a standard analog monitor, projector or LCD that that uses a VGA connector or cable
- Compatible only with Mac computers with Mini Display Port

Phone : 09-73024327



Ks 9,000

### 4. CyberPower Notebook Surge Protector Phone + Network Communication Port Protection

- Protect your notebook PC from costly damage that can occur during Power surge and spike.
- Support two prong and three prong notebook PC AC adapter
- Phone / Fax / Modem communication protection ports.
- ideal for traveling - compact, light , portable and easy to use



Phone : 09-73024327

USD 22

### 5. Logitech M325 Wireless Mouse

- Mouse Dimensions (height x with x depth) : 57mm (2.24 in) x 94.7mm (3.73 in) x 39.1mm (1.54in)
- Mouse weight (including battery ) : 93 g (3.28oz)
- Receiver Dimensions (height x width x depth) : 14.4mm (0.57in) x 18.7mm (0.74 in) x 6.1 mm (0.24in)
- Receiver Weight : 1.8g (0.06 oz)
- Sensor Resolution : 1000
- Number of buttons : 5
- Battery type : 1 AA battery



Phone : 09-73024327

USD 21

### 6. HDMI Extender Over Single By Cat-5e/ 6 Cable full HD 1080p up to 60m Receiver

- One pair as a full functional module, no need of setting
- Support HDMI 1.2, 1.3b , 1.4
- Support 3D
- Support highest video resolution 1080P @ 60Hz
- Support 225MHz / 2.25Gbps per channel (6.7 Gbps all channel) band width
- Support 12bit per channel (36bit all channel) deep color



Phone : 09-73024327

Ks 65,000

USD 485



### 11. Palit GTX 1070 8GB DDR5

- Memory Amount : 8G
- Memory Interface : 256bit
- DRAM Type : GDDR5
- CUDA Cores : 1920
- Memory Bandwidth (FB / sec) : 256
- Open GL : 4.5
- Bus Support : PCI-E 3.0 x 16
- Display Port : DP 1.4 x 3

Phone : 09-262600418

USD 215



### 12. Palit GTX 960 2GB

- Powered by NVIDIA GeForce GTX 960GPU, pre-overclocked
- Semi-fanless GPU cooler pre-installed
- Features two DVI, HDMI 2.0 and Display Port
- Core Clock : Base / Boost clock : 1203 / 1266 MHz
- G3D benchmark rating : 6005

Phone : 09-73085188

Ks 13,000



### 13. TP-Link TG-3468 Gigabit PCIe

- Support 10 / 100 / 1000 Mbps throughput
- Support Wake-on-LAN
- Auto-Negotation and Auto MDI / MDIX
- Support IEEE 802.3 x Flow Control for full-duplex Mode and backpressure for Half-duplex Mode
- Support IEEE 802.1p Layer 2 Priority Encoding and IEEE 802.1q VLAN tagging

Phone : 09-774266830

Ks 60,000



### 14. TP-Link CPE510 Outdoor CPE

- Built-in 13dBi 2 x 2 dual-polarized directional MMO antenna
- Adjustable transmission power from 0 to 23dBm/ 200mw
- System -level optimizations for more than 15km long range wireless transmission
- TP-Link Pharos MAXtream TDMA (Time - Division Multiple-Access) technology improves product performance in throughput, capacity and latency performance ideal for PTMP applications

Phone : 09-262600418

Ks 140,000



### 15. TP-Link Archer MR200 AC750 4G LTE Router

- Shares your 4G LTE network with multiple Wi-Fi devices and enjoy download speeds of up to 150 Mbps
- Powerful, integrated antennas provide stable wireless connections and better coverage
- Requires no configuration, just insert a SIM card and turn it on to enjoy a fast wireless connection

Phone : 09-73085188

တစ်ပတ်အတွင်း ဈေးနှုန်းများဖြစ်ပြီး အပြောင်းအလဲများရှိနိုင်ပါသည်။

NETGUIDE'S SPECIAL

# Buying Guide

OUR SELECTED MARKET COLLECTIONS

Laptop Collection | Mobile Collection | Electronic Collection | Related Collection




## Smart Sensor AS803 Luxmeter

17,800/-

အမျိုးမျိုးသော အလင်းအားများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလင်းအခြေနေများ၊ Decoration ဆိုင်ရာ လုပ်ဆောင်ချက်များအတွက် တိုင်းတာရာတွင် အထောက်ကူပြုရစေနိုင်မယ့် Lux meter လေးပါ။ Lux range 0 x 200000Lux ထိ အသုံးပြုနိုင်ပါတယ်။ အသုံးပြုပုံကလည်း လွယ်ကူရိုးရှင်းပါတယ်။ Lux meter ကို power ဖွင့်လိုက်တာနဲ့ Sensor ကဖမ်းယူရရှိတဲ့ အလင်းအားကို LCD display မှာပြပေးမှာပါ။ အာရုံခံနိုင်စွမ်းမြင့်မားမှုကြောင့်လည်း Lighting room ထဲမှာ Lux meter ကို ကိုင်ဆောင်ရွေ့ရှားနေတာနဲ့တင် အလင်းမညီတဲ့နေရာ ရောက်ရင်ချက်ချင်းသိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် Temperature range ကိုလည်း တစ်ပါတည်းပြပေးလို့ အခန်းရဲ့ အပူချိန်ကိုပါ တစ်ခါတည်းသိရှိနိုင်ပါတယ်။ အလင်းအားနည်းတဲ့ နေရာတွေကို စမ်းဖို့အတွက်ဆိုရင်လည်း Display light on ထားလို့ရလို့ တိုင်းတာမှုကို အနှောင့်အယှက်မဖြစ်စေဘဲ ကောင်းမွန်စွာ အလုပ်လုပ်နိုင်ပါတယ်။ Power ပိုင်းမှာ AAA battery သုံးလုံးထည့်သုံးရမှာပါ။ AAA battery ဖြစ်တဲ့အတွက် ဆိုင်တိုင်းမှအလွယ်တကူဝယ်လို့ရလို့ Battery အတွက်ပူပင်စရာလည်း မလိုတော့ပါဘူး။ အရွယ်အစားမှာလည်း လက်တစ်ကိုင်စာကွက်တိဖြစ်ပြီး Lux sensor ကို meter ရဲ့ထိပ်ပိုင်းမှာ ၁၈၀ ဒီဂရီလှည့်နိုင်တဲ့ ခေါင်းရှင်နဲ့ ထည့်ပေးထားလို့ အလုပ်လုပ်ရာမှာအဆင်ပြေသလို ကိုယ်နဲ့ သယ်ဆောင်သွားရာမှာလည်း အဆင်ပြေစေပါတယ်။ power ဖွင့်ထားပြီး အသုံးအပြုသေးဖြစ်ရင် ၅ မိနစ်အကြာမှာ သူ့အလိုလို power ပြန်ပိတ်ပေးမှာဖြစ်လို့ power consumption ပိုင်းမှာမလိုအပ်ဘဲ မကုန်နိုင်တော့သလို meter အတွက်လည်း safe ဖြစ်စေပါတယ်။

F @ X | 01-252627, 09 91039206



## Display Port to HDMI / VGA / DVI Adapter

13,800/-

Display port ကနေ ရုပ်ထွက် အရည်အသွေးမြင့်တဲ့ HDMI out အပြင် အခြား DVI, VGA အဆင်ပြေနှစ်သက်ရာကို ပြောင်းပြီးသုံးလို့ရမယ် Adapter လေးပဲဖြစ်ပါတယ်။ Display port ကို HDMI , DVI , VGA output သို့ ပြောင်းပေးမှာဖြစ်လို့ မည်သည့် LCD, LED နှင့်မဆို အဆင်ပြေစွာ တွဲဖက်အသုံးပြုနိုင်ပါပြီ။ Power ပေးစရာလည်းမလို Driver တင်စရာလည်းမလိုဘဲ plug & play အသုံးပြုနိုင်လို့ အလုပ်မရှုပ်စေဘဲ ချက်ချင်းလက်ငင်းအသုံးပြုနိုင်မယ့် ပစ္စည်းလေးပဲဖြစ်ပါတယ်။ HDMI, DVI, VGA တို့ကို အသုံးပြုနိုင်အောင် convert လုပ်ပေးပြီး ထွက်ပေါ်လာမယ့် Video resolution ကလည်း 480i မှ 1080p အထိရလို့ photo/ video editing လုပ်ရာမှာဖြစ်စေ 3D design များ ရေးဆွဲရာတွင်ဖြစ်စေ entertainment အတွက်ဖြစ်စေ ကဏ္ဍအသီးသီးမှာ professional ကျကျအသုံးပြုနိုင်တဲ့အတွက် သုံးစွဲသူများအနေနဲ့လည်း တကယ့်ကိုပဲ ကျေနပ်နှစ်သက်နိုင်မှာဖြစ်ပါတယ်။

F @ X | 09 73013836, 09 91039206

## The best we've tested Mobiles, Electronics gear, Gadgets, Computer & more




## ULTRA HDTV 4K Adapter 3260

11,800/-

GalaXy Note 4 , Xperia Z2 / 3 နှင့် အခြား HML support လုပ်သော mobile phone , tablet များအားလုံး တွဲဖက်အသုံးပြုနိုင်မယ့် MHL 3.0 Adapter လေးပဲဖြစ်ပါတယ်။ ဒီ Adapter လေးမှ HDMI output ပြန်လည်ထုတ်ပေးတာမို့ Phone ရဲ့ Screen ကို ကြည့်တာအား မရသူအဖို့ HDTV , monitors , projectors အကြီးများနဲ့ တွဲဖက်ကာ ရုပ်ထွက်များကို 1080p အပြည့် resolution အပြင် 4K ထိကို ထစ်ငေါ့ခြင်းမရှိစေနိုင်ဘဲ အပြည့်အဝ ခံစားကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Dolby (7.1 sound audio ) အသံထွက်ကိုလည်း တစ်ပါးတည်း ပူးတွဲနားဆင်နိုင်မှာပါ။ ဖုန်းမှာပေါ်တဲ့ Screen အတိုင်းကို TV မှာ မြင်တွေ့နိုင်တာမို့ Photo / movies/ game / Internet , etc... စတဲ့ အရာများကို Screen အကြီးပေါ်မှာမြင်တွေ့နိုင်ပြီး စိတ်ကျေနပ်စွာအသုံးပြုနိုင်မည့် Adapter လေးပဲဖြစ်ပါတယ်။

F @ X | 01-252627, 09 91039206



## Duo Series DTDUO3C

Duo Series တစ်ခုဖြစ်တဲ့ DTDUO3C နဲ့မိတ်ဆက်ပေးချင်ပါတယ်။ မျက်နှာပြင်နှစ်ဖက်ပါရှိပြီး Flash Drive အနေနဲ့ရော Macbook အတွက်ပါ External HDDလို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ User တွေ အတွက်အသုံးဝင်ပြီးလှပတဲ့ Design နဲ့ ထုတ်လုပ်ထားတာကြောင့် Macbook Users တွေအတွက်ရော Other Devices Users တွေအတွက်ပါ သင့်တော်တဲ့ OTG ( Duo) တစ်ခုဖြစ်ပါတယ်။ အရွယ်စားအနေနဲ့လက်မဝက်ခန့်ရှိပြီး သတ္တုကိုယ်ထည်နဲ့အဖြူရောင် FIBER အဖုံးတို့ရဲ့ပေါင်းစပ်မှုက ရိုးရိုးရှင်းရှင်းနဲ့ ဆွဲဆောင်မှုအပြည့်ရှိနေပါတယ်။ Memory Stick တစ်ခုအနေနဲ့ဆိုရင် Window 8.1, Window 8Window 7 ( SP1 ) ထိအသုံးပြုနိုင်ပြီး Mac အတွက်ဆိုရင်တော့ Mac OSXv.1o.7.x+ ထိ အသုံးပြုလို့ရပါတယ်။ USB က ၃.၀ ဖြစ်ပြီး အသုံးပြုရင်တော့ ၂.၀ ရော ၃.၀ ရော Support လုပ် ပေးပါတယ်။ Capacity အနေနဲ့ 16GB နဲ့ 32GB နှစ်မျိုးရနိုင်ပါတယ်။ Warranty 5years ပါရှိပြီး Warranty သက်တမ်းအတွင်း Physical Damage မဟုတ်ဘူးဆိုရင်တစ်ခုအသစ်ပြန်လဲပေးပါတယ်။

MQ Asia | 01 - 386488




## Micro USB Cable (Neatly Stylish Charger and Connect)

5,700/-

ခေါင်းကိုအပေါ်အောက်ရွေးစရာမလိုဘဲ အသုံးပြုနိုင်သောကြောင့် လွယ်ကူအဆင်ပြေစေပါတယ်။ အရောင်မျိုးစုံရရှိနိုင်သောကြောင့် သင့်စတိုင်နှင့်လိုက်ဖက်မည့်အရောင် ကိုရွေးချယ်ဝယ်ယူနိုင်ပါတယ်။ အားသွင်းခြင်းနှင့် data သွားနှုန်းကိုလည်း အမြန်ဆုံးစွမ်းဆောင်ပေးနိုင်ပါတယ်။ Wire ပေါ်မှ PVC Jacket, ၎င်းအပေါ်မှ Nylon braided jacket ကို ထပ်မံအုပ်၍ ပြုလုပ်ထားသောကြောင့် ကြိုးခေါက်ခြင်း၊ ကြိုးလိမ်သွားခြင်းတို့ကြောင့် အတွင်းမှ Wire ထိခိုက်ပြီးပျက်စီးခြင်းကို ကာကွယ်ထားပြီးဖြစ်ပါသည်။ Android Smart Phone , Android Tablet နှင့် Micro USB ဖြင့် အသုံးပြုရသော ပစ္စည်းများနှင့် တွဲဖက်အသုံးပြုနိုင်ပါသည်။

Micro Computer | 01-294503




## ADATA UV210 Memory Stick

8GB = 5,600/- , 16GB = 7,300/- , 32GB = 11,600/-

Zinc Alloy Body ဖြင့်ပြုလုပ်ထားပြီး COB Technology ကို အသုံးပြုထားသောကြောင့် အဖုံးလဲမလို၊ ရေစိုခံ၊ လွတ်ကျခံ၊ အကြမ်းခံတဲ့ ဒီဇိုင်းမျိုးရှိတဲ့ Memory Stick လေးဖြစ်ပါတယ်။ အသုံးပြုသူ လူကြီးမင်းများကို စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်မယ့် ဒီဇိုင်းမျိုးလေးပါ။ ဘယ်ကို သယ်သွားသွားသေးငယ်ပေါ့ပါးလို့ စတိုင်ကျစေမှာအမှန်ပါပဲ။ တစ်သက်တာ အာမခံပေးထားတဲ့ Model အသစ်ဒီဇိုင်းအသစ် Memory Stick လေးဖြစ်ပါတယ်။

Micro Computer | 01-294503

# Phone Shop

## GRAND Mobile Showroom

(Mobile Accessories Sales & Service)



မယုနန္ဒာဝင်း (အရောင်းတာဝန်ခံ)



တည်နေရာ – အမှတ် (၁၉၈–A)၊ အနော်ရထာလမ်းနှင့် ဘုန်းကြီးလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Ph : 01-210950, 09-5112648

### GRAND Mobile Showroom အကျဉ်းချုပ်

Grand Mobile Showroom ကို ၂၀၁၀ ခုနှစ်၊ ၆ လပိုင်း ၁ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး Model မြင့် မိုဘိုင်းဟန်းဆက်မျိုးစုံ၊ Keypad ဖုန်းအမျိုးမျိုး၊ ၎င်းတို့နှင့်ဆက်စပ်သော Accessories မျိုးစုံတို့ကို ရရှိနိုင်မယ့်အပြင် မိဘပြည်သူများ ကံစမ်းနိုင်မည့် သိန်းထီလက်မှတ်များ၊ Bluetooth Speaker များ၊ Dryer များ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ လူသုံးကုန် အလှကုန် ပစ္စည်းအမျိုးမျိုး၊ ငွေအမျိုးမျိုးကို လဲလှယ်နိုင်မည့် Money Exchange နှင့် Keychain များကိုပါ ဝယ်ယူနိုင်ပါတယ်။ MPT, Telenor, Ooredoo SIM Card မျိုးစုံနှင့် Top-Up Card မျိုးစုံတို့ကို ထပ်မံဝယ်ယူရရှိနိုင်မှာ ဖြစ်ပါတယ်။

### GRAND Mobile Showroom တွင် ဝယ်ယူရရှိနိုင်သော Handset အမျိုးအစားများ

Grand Mobile Showroom မှ အရည်အသွေးကောင်းမွန်ပြီး စိတ်ချယုံကြည်စွာ အသုံးပြုလို့ရရှိနိုင်သော မိုဘိုင်းဟန်းဆက်များဖြစ်သည့် Hello, Huawei, Samsung, Excellence, Vo-com, TEENO, Asus, LG, Xiaomi အစရှိသော Smartphone များနှင့် Portable Keypad ဖုန်းများကိုလည်း မှန်ကန်သောတရားဝင် ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ဖို့အတွက် ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။

### GRAND Mobile Showroom ၏ ဝန်ဆောင်မှုများ

Grand Mobile Showroom မှ မိုဘိုင်းဟန်းဆက်များကို ဝယ်ယူအားပေးသော Customer များကို ဖုန်းတစ်လုံးဝယ်တာနဲ့ လိုအပ်တဲ့ Software မှန်သမျှကို ထည့်သွင်းပေးသွားမည့်အပြင် SIM Card နှင့် Update ဖြစ်တဲ့ Software များကိုပါ ထပ်မံထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Grand Mobile မှ မိုဘိုင်းဟန်းဆက်များကို လာရောက်ဝယ်ယူသည့် Customer များ အနေဖြင့် မည်သည့် Smartphone ကိုမဆို Service Warranty 1 Year ဖြင့် ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။

### GRAND Mobile Showroom မှ Customer များအတွက် ပေးချင်သော Message

Grand Mobile Showroom မှ Customer များအတွက် ယုံကြည်စိတ်ချရသည့် Mobile, Computer & Accessories ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို မှန်ကန်သောဈေးနှုန်းများဖြင့် ရောင်းချပေးနေပါတယ်။ Customer များရဲ့လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ရန်အတွက် Showroom နှင့် Service Center တို့ကို တစ်နေရာတည်းတွင် တွဲဖက်၍ဖွင့်လှစ်ထားခြင်းကြောင့် Customer များရဲ့လိုအပ်ချက်များကို အချိန်တိုအတွင်း အတတ်နိုင်ဆုံး၊ အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်တယ်။ Grand Mobile Showroom တွင် ဝယ်ယူလို့ပဲဖြစ်ဖြစ်၊ လေ့လာလို့ပဲဖြစ်ဖြစ် လာရောက်နိုင်မှာဖြစ်ပြီး လာရောက်လေ့လာတဲ့မိဘပြည်သူများကိုလည်း နွေးထွေးသောဝန်ဆောင်မှုများဖြင့် အရောင်းဆိုင်မှဝန်ထမ်းလေးများက နွေးထွေးပျူငှာစွာ ကြိုဆိုသွားမှာ ဖြစ်ပါတယ်။

# Point Mobile Phone Training Center မှ Office Manager ဖြစ်သူ မဝေနှင်းဖွန်နှင့် တွေ့ဆုံခြင်း



မဝေနှင်းဖွန် (Office Manager)
Point Mobile Phone Training Center

**မေး – မင်္ဂလာပါ အစ်မ။**

ဖြေ – ဟုတ်ကဲ့၊ မင်္ဂလာပါ။

**မေး – Point Mobile Phone Training Center အကြောင်း ပြောပြပေးပါ။**

ဖြေ – ကျွန်မတို့ရဲ့ Point မိုဘိုင်းဖုန်းဆိုင်ရာ Software and Hardware လက်တွေ့အသုံးချ အထူးပြုပြင်နည်းသင်တန်းကျောင်းကို စတင်တည်ထောင်ခဲ့တာ ၃ နှစ်နီးပါးခန့် ရှိခဲ့ပါပြီ။ စာတွေ၊ လက်တွေ့ပေါင်းစပ်ပြီး Mobile Technician တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့အထိ သင်ကြားပေးလျက်ရှိတဲ့ သင်တန်းကျောင်းတစ်ခုဖြစ်ပါတယ်။ သင်တန်းကျောင်း တည်နေရာကတော့ တိုက် (၁)၊ အခန်း (၁၉)၊ ရန်ကုန်–အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်၊ ကမာရွတ်မြို့နယ်ဖြစ်ပြီး အသေးစိတ် သိရှိလိုတာတွေကို ဖုန်း ၀၉–၄၀၁၅၄၀၉၁၆၊ ၀၉–၄၅၀၀၁၄၁၁၄ နဲ့ ၀၉–၅၀၀၈၀၃၇ သို့ ဆက်သွယ်စုံစမ်း မေးမြန်းလို့ရပါတယ်။

**မေး – အစ်မတို့ဆီမှာက သင်တန်းကြေးနဲ့ သင်တန်းကာလတွေကို ဘယ်လိုမျိုး သတ်မှတ်ပေးထားပါသလဲ။**

ဖြေ – သင်တန်းကြေးတွေကိုတော့ Mobile Software Course ကို ငွေကျပ် ၂၀၀,၀၀၀၊ Mobile Hardware Course ကို ငွေကျပ် ၂၀၀,၀၀၀ ဆိုပြီး သတ်မှတ်ပေးထားပါတယ်။ သင်တန်းကာလကတော့ (၂) လ ဖြစ်ပါတယ်။ တန်းခွဲတစ်ခုမှာ သင်တန်းသားဦးရေ (၁၀) ဦးအထိ လက်ခံသင်ကြားပေးလျက် ရှိပါတယ်။ နှစ်ဘာသာပေါင်းတက်ရင် 20% Discount ရရှိပါမယ်။

**မေး – သင်တန်းသားတွေကို ဘယ်လိုမျိုး သင်ကြားမှုပုံစံတွေနဲ့ သင်ကြားပေးလျက် ရှိတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ – Hardware ပိုင်းအတွက်ဆိုရင် Circuit ပိုင်းမှာ Circuit Diagram တွေ၊ Using Power Supply and Heat Gun, Block Diagram, Schematic Diagram, Layout Diagram စတာတွေနဲ့ Electronic အခြေခံကိုပါ စာတွေ၊ လက်တွေ့ သင်ကြားပေးပါတယ်။

Software ပိုင်းဆိုရင်လည်း iOS, Android OS, Symbian OS, Windows OS တွေအကြောင်းနဲ့ Error မျိုးစုံ ဖြေရှင်းနည်းတွေ နောက်ပြီးတော့ CDMA 450, CDMA 800 Handset တွေမှာ Flashing and Installation Firmware ပြုလုပ်ခြင်း စတာတွေကိုပါ သင်တန်းသားတွေ လေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။ Up to Date ဖြစ်တဲ့ Mobile Hardware နဲ့ Software ပိုင်းဆိုင်ရာတွေကိုလည်း သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် သင်ကြားပေးလျက် ရှိပါတယ်။

**မေး – စက်တင်ဘာလထဲမှာရော သင်တန်းအပတ်စဉ်အသစ်ကို ထပ်မံဖွင့်လှစ်ပေးဖို့ စီစဉ်ထားပါသလား။**

ဖြေ – ဟုတ်ကဲ့၊ စက်တင်ဘာလ ၂ ရက်နေ့မှာ တန်းခွဲသစ်ကို ထပ်မံဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ လစဉ်လတိုင်းလည်း တန်းခွဲအသစ်ဖွင့်လှစ်နေကျ ဖြစ်ပါတယ်။ နယ်ကနေလာတက်တဲ့ သင်တန်းသားတွေကိုတော့ နေထိုင်ဖို့ အဆောင်စီစဉ်ပေးသွားပါမယ်။

**မေး – သင်တန်းသားတွေကို သင်တန်းပြီးဆုံးတဲ့အခါမှာ ဘယ်လိုမျိုး ပံ့ပိုးပေးမှုတွေ ပြုလုပ်ပေးပါသလဲ။**

ဖြေ – သင်တန်းကာလ ၂ လ ပြီးသွားရင်တော့ ပုံမှန် On-Job ပုံစံမျိုး Training တစ်လ စီစဉ်ပေးပါတယ်။ သင်တန်းသားက တစ်လထက်ပိုပြီးလေ့လာချင်တယ်ဆိုရင်လည်း Training ကာလကို တိုးမြှင့်ပေးပါတယ်။ Training ကာလပြီးသွားလို့ Technician အဖြစ် အလုပ်လုပ်ချင်တယ်ဆိုရင်လည်း အစ်မတို့နဲ့ ချိတ်ဆက်ထားတဲ့ဖုန်းဆိုင်တွေနဲ့ ဆက်သွယ်ပေးပါတယ်။ ကိုယ်ပိုင်ဆိုင် ဖွင့်ချင်တဲ့သူတွေကိုလည်း Handset ဖြန့်ချိတဲ့သူတွေ၊ Accessories ဖြန့်ချိတဲ့သူတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။ Update Data တွေကိုလည်း သင်တန်းမှာ အချိန်မရွေး အခမဲ့လာယူနိုင်မှာ ဖြစ်ပါတယ်။

**မေး – ဖြည့်စွက်ပြောကြားလိုတာတွေရှိရင် ပြောပြပေးပါဦး။**

ဖြေ – ဒီမိုဘိုင်းဖုန်း ပြုပြင်ခြင်းဆိုင်ရာ ပညာရပ်က အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအနေနဲ့ပါ လူငယ်၊ လူကြီးမရွေး အသုံးချနိုင်တာဆိုတော့ အမှန်တကယ် စိတ်ဝင်တစား လေ့လာသင်ယူလိုတဲ့သူတွေအတွက် အကျိုးရှိစေမယ့် ပညာရပ်တစ်ခုလို့ ပြောကြားလိုပါတယ်။ နောက်ပြီးတော့ မိုဘိုင်းဖုန်းနဲ့ပတ်သက်တဲ့ Software, Hardware နည်းပညာတွေက ဟောင်းသွားတယ်ဆိုတာမရှိဘဲ အမြဲအသစ်အသစ်တွေ ထွက်ပေါ်နေတာကြောင့် ဒီပညာရပ်နဲ့ပတ်သက်ပြီး အလုပ်အကိုင်၊ အခွင့်အလမ်းတွေက ရရှိနေမှာ ဖြစ်ပါတယ်။

**မေး – အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။**

ဖြေ – ဟုတ်ကဲ့၊ ကျွန်မကလည်း NetGuide Journal ကို ကျေးဇူးတင်ပါတယ်ရှင့်။

# ACH Computer Training Center မှ အမှတ် (၁၀၀၀) အပြည့်နှင့် CCNA အောင်မြင်ခဲ့သူ ထူးချွန်ကျောင်းသူ မဟယ်ရီနိုင်ဝင်း၏ Student Life

**မေး – ညီမလေး နာမည်နဲ့ ပညာအရည်အချင်းကို မိတ်ဆက်ပေးပါဦး။**

ဖြေ – ညီမနာမည်က မဟယ်ရီနိုင်ဝင်း ဖြစ်ပါတယ်။ BE ( Electronic & communication ) မေဂျာနဲ့ သန်လျင်နည်းပညာ တက္ကသိုလ်ကနေ ၂၀၁၆ ခုနှစ်က ကျောင်းပြီးထားတာပါ။

**မေး – ဇာတိက ဘယ်ကပါလဲ။**

ဖြေ – ညီမဇာတိက ရန်ကုန်ဖြစ်ပါတယ်ရှင့်။

**မေး – ညီမကို Network Engineer တစ်ယောက် ဖြစ်ချင်လာအောင် စွမ်းဆောင်နိုင်တဲ့အရာက ဘာများဖြစ်မလဲ။**

ဖြေ – အဓိကကတော့ ညီမအစ်ကိုကြောင့်ပေါ့နော် ၊ ညီမရဲ့ အစ်ကိုက networking နယ်ပယ်မှာ အောင်မြင်နေတဲ့ သူတစ်ယောက်ပါ သူ့ကြောင့်လည်း ညီမ ဒီနယ်ပယ်ကို ရွေးချယ်ဖြစ်ခဲ့တာပါ။

**မေး – Networking လမ်းကြောင်းပေါ်ကို စတင်လျှောက်လှမ်းဖြစ်ခဲ့ပုံကရော။**

ဖြေ – ညီမဘွဲ့ရပြီးတော့ ညီမရဲ့မေဂျာနဲ့ ကိုက်ညီတဲ့ လိုင်းကို စပြီးစဉ်းစားတယ်။ ညီမက ပြောင်းလဲနေတဲ့ နည်းပညာနောက်ကို လေ့လာရတာ သဘောကျတယ်။ အဲ့အတွက်လည်း ညီမ major နဲ့ ကိုက်ညီပြီးတော့ ညီမဝါသနာပါတဲ့ ဒီ networking ဘာသာရပ်ကို ညီမရဲ့ career အဖြစ်နဲ့ ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ သင်တန်းတက်ဖို့ စုံစမ်းတော့ ညီမအစ်ကို တက်ခဲ့တဲ့ ACH မှာပဲတက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။

**မေး – CCNA ဘာသာရပ်ကို ဘာကြောင့်ရွေးချယ်လေ့လာခဲ့ပြီးရမှတ် (၁၀၀၀) အပြည့်နဲ့ အောင်မြင်ခဲ့ပုံကိုလည်း ပြောပြပေးပါဦး။**

ဖြေ – CCNA ဘာသာရပ်ကို ရွေးချယ်ခဲ့ရတာကတော့ ဒီဘာသာရပ်က နိုင်ငံတကာ အသိမှတ်ပြုလည်း ဖြစ်တယ်။ ညီမရဲ့ career life အတွက်လဲ အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်လို့ပါ။ Network ပိုင်းကို စတင်ခြေချပြီဆိုတာနဲ့ အစဦးပိုင်းမှာ ဘာကို လေ့လာသင့်လည်း သင်ယူသင့်လည်းလို့ senior ကျတဲ့ လူတွေဆီကို မေးကြည့်ဖြစ်ခဲ့တယ်၊ ကိုယ့်ဘာသာကိုလည်း အင်တာနက်မှာရှာဖွေခဲ့တယ်။ အဲဒီမှာပဲ CCNA ဟာဆိုရင် Network Engineer တစ်ယောက်အတွက် လိုအပ်တဲ့အခြေခံ Networking ဆိုင်ရာနည်း ပညာတွေနဲ့ Cisco နည်းပညာတွေ တစ်ပေါင်းတည်းစုထားတဲ့ Certificate ဖြစ်တယ်ဆိုတာကို သိရှိပြီးတော့ ဒီဘာသာရပ်ကိုဖြေဖို့ သင်တန်းတက်ခဲ့ပါတယ်။ အခုလို သင်တန်းစတက်ပြီဆိုတာနဲ့ ကိုယ်တိုင်ကလည်း စိတ်ဝင်စားတဲ့သင်တန်းလည်းဖြစ်တော့ ကြိုးစားပန်းစားလည်း စာတွေလုပ်၊ lab တွေလုပ်သင်ပြတဲ့ ဆရာတွေကလည်း အသင်အပြအရမ်းကောင်း တယ်ဆိုတော့ အမှတ် ၁၀၀၀ ရဖို့ မခဲယဉ်းဖူးလို့ ထင်ပါတယ်။ ခုလိုအမှတ် (၁၀၀၀)ရခဲ့တာကတော့ ဆရာတို့ အားလုံးရဲ့ သင်ပြမှုတွေကို သေချာလိုက်နာသင်ယူခဲ့မှုကြောင့်လို့ ညီမထင်ပါတယ်ရှင့် ။

**မေး – ညီမရဲ့ ဆုံးဖြတ်ချက်တွေအတိုင်း ကြိုးစားအားထုတ်မှုတွေအပေါ် သင်တန်းက ဘယ်လိုထပ်ပြီး ပံ့ပိုးကူညီမှုတွေ ပြုလုပ်ပေးခဲ့ပါသလဲ။**

ဖြေ – သင်တန်းရဲ့ ပံ့ပိုးကူညီမှုတွေကတော့ အများကြီးပါပဲ။ သင်တန်းက Network နဲ့ သက်ဆိုင်သော concept တွေကို သေသေချာချာ အသေးစိတ် သင်ကြားပေးသလို လက်တွေ့ပိုင်းအနေနဲ့လည်း တကယ်လုပ်ငန်းခွင်မှာ သုံးနေသလိုမျိုး Project လုပ်နေရသလိုမျိုး Router တွေ၊ Switch တွေနဲ့ အသုံးပြုပြီး လက်တွေ့ပြုလုပ်စေခဲ့ပါတယ်။ နားမလည်တဲ့အပိုင်းတွေရှိရင်လည်း ဆရာက သေသေချာချာ စိတ်ရှည်ရှည်နဲ့ ရှင်းပြပါတယ်။ Practical လုပ်ရတဲ့ အချိန်တွေမှာလည်း သင်ကြားပြသပေးတဲ့ အစ်ကိုတွေကလည်း စိတ်ရှည်ရှည်နဲ့ ရှင်းပြပေးပါတယ်။ သင်တန်းကနေပြီးတော့ Pre Exam တွေကိုလည်း သေချာစစ်ပေးပြီးတော့ ကိုယ်ရဲ့အရည် အချင်းတွေကို စစ်ဆေးပေးခဲ့တယ်။ သင်တန်းစတက်ကတည်းက ညီမတို့ကို စာတွေ့ရော လက်တွေ့ပါ တစ်ခုမကျန် အကုန်သင်ကြားပေးခဲ့ပါတယ် ၊ exam နီးတော့လဲ final မှာအသားကျအောင် pre exam မျိုးအထိပါ ပြင်ဆင်ပေးခဲ့ပါတယ်ရှင့်။

**မေး – CCNA ဘာသာရပ်ကို လေ့လာချိန်မှာဘယ်လို ကြိုးစားမှုတွေနဲ့ ညီမရဲ့ Student Life ကို တည်ဆောက်ခဲ့ပါသလဲ။**

ဖြေ – ညီမရဲ့ ကြိုးစားအားထုတ်မှုထက် ဆရာတွေရဲ့ အသင်အပြကောင်းမှုတွေ အများကြီးပါပါတယ်။ ညီမတို့ကစာတွေ့ရော လက်တွေ့ပါ လေ့လာခဲ့ရပါတယ်ရှင့်၊ လုပ်ငန်းခွင်ဝင်ရင် အဆင်ပြေအောင် ညီမတို့ အပတ်စဉ် practical lab လုပ်ရပါတယ်။ lab လုပ်တဲ့အခါမှာ group ဖွဲ့ပြီး လုပ်ရတာဆိုတော့ မသိတဲ့ knowledge တွေ အပြန်အလှန် Share ပြီး လုပ်ရတဲ့အတွက် မခက်ခဲတော့ဘူးပေါ့နော်။ ACH မှာ သင်တန်းတက်ပြီဆိုတာနဲ့ အတန်းကို မှန်မှန်တက်ပြီး Practical Lab တွေကိုလည်း စိတ်ဝင်တစားနဲ့ ကြိုးစားပြီးလုပ်ခဲ့တယ်။ ဆရာသင်သမျှ သီအိုရီအပိုင်းတွေကိုလည်း တစ်နေ့စာ တစ်နေ့ ပုံမှန်ပြန်လုပ်ဖြစ်တယ်။ ဆရာပေးတဲ့ Exercise (Assignment) တွေကိုလည်း ကြိုးစားပြီးလုပ်တယ်။ သင်တန်းမှာ စစ်မေးတဲ့ Pre Exam တွေကိုလည်း သေချာဖြေဆိုခဲ့ပါတယ်။ အခုလိုပုံမှန်လုပ်သွားရင် CCNA Exam ကို အခက်အခဲမရှိ ကောင်းမွန်စွာ ဖြေဆိုနိုင်မယ်ဆိုတာ သေချာပါတယ်။ ညီမရဲ့ student life ကတော့ အဲ့လိုမျိုးကျော်ဖြတ်ခဲ့ပါတယ်ရှင့်။

**မေး – ခုလိုရမှတ် (၁၀၀၀) အပြည့်ရခဲ့တာ ဘာကြောင့်လို့ ထင်ပါသလဲ။**

ဖြေ – ပထမဆုံးအနေနဲ့ ညီမတို့ ဆရာဦးအောင်ချိုထွေးတို့ရဲ့ စေတနာ၊ မေတ္တာတွေနဲ့ သင်ပြပေးခဲ့မှုကြောင့်ပါ။ နောက်ပြီး ဆရာ့ရဲ့ ဇနီးဆိုရင်လည်း ညီမတို့ကို ဘဝခံယူချက်တွေ မြင့်မြင့်မားမားထားပြီးကြိုးစားကြဖို့ ၊ မိဘကျေးဇူးဆပ်နိုင်တဲ့သူတွေ ဖြစ်ကြဖို့၊ ရင့်ကျက်လိမ္မာစွာနဲ့ ဘဝကို ကြိုးစားဖြတ်သန်းကြဖို့ အလျဉ်းသင့်သလို ဆိုဆုံးမပေးခဲ့ပါတယ်ရှင့်။ ဆရာတို့ အစ်မတို့ရဲ့ စေတနာအပြည့်နဲ့ ဆွဲခေါ်ပေးမှုကြောင့် အများကြီး ကြိုးစားဖြစ်ခဲ့သလို ညီမတို့ practical labလုပ်တဲ့အချိန်မှာ မသိတာတွေကို စိတ်ရှည်ရှည်နဲ့ ရှင်းပြပေးခဲ့တဲ့ guide အကိုတွေအားလုံးရဲ့ စေတနာတွေရယ်၊ နောက်ပြီး exam မဖြေခင် အနီးကပ် စာတူတူလုပ်ပေးကြတဲ့ သူငယ်ချင်းတွေကြောင့် ခုလို ရမှတ် ၁၀၀၀ အပြည့်ရခဲ့တယ်လို့ ထင်ပါတယ်ရှင့်။

**မေး – ရှေ့ဆက်ပြီးဘာတွေ ဆက်လုပ်သွားဖို့ရှိပါသလဲ။**

ဖြေ – ရှေ့ဆက်ပြီး ညီမရဲ့ လိုအပ်သေးတဲ့ knowledge တွေကို အရင်သိအောင်လုပ်မယ်၊ အနာဂါတ်မှာ Networking Professional တစ်ယောက်ဖြစ်အောင် ကြိုးစားဖို့အတွက် အလျဉ်းသင့်သလိုတက်ဖို့ ကျန်သေးတဲ့ ဘာသာရပ်တွေကိုတက်သွားပါ့မယ်ရှင်။

**မေး – ညီမလိုပဲ (၁၀၀၀) အပြည့်နဲ့ အောင်ခဲ့တဲ့ သူငယ်ချင်းတွေရှိလား။ သူတို့နဲ့အတူတူ ဆက်ပြီး ကြိုးစားသွားဦးမှာလား။**



ဖြေ – ဟုတ်ကဲ့၊ ရှိပါတယ်ရှင့်။ ညီမတို့ သူငယ်ချင်း (၅) ယောက်လုံး (၁၀၀၀) အပြည့်နဲ့ အောင်ခဲ့ပါတယ်ရှင့်။ သူတို့နဲ့ အတူတူဆက်ပြီး ကြိုးစားသွားဦးမှာပါရှင့်။

**မေး – အကယ်၍များ ရာထူးလစာနဲ့ နည်းပညာအတွေ့အကြုံနှစ်ခုထဲက တစ်ခုကို ရွေးရမယ်ဆိုရင် ညီမဘာကိုရွေးချယ်မလဲ။**

ဖြေ – ညီမအနေနဲ့ဆိုရင်တော့ ညီမက အခုမှ fresher ပဲရှိသေးတော့ နည်းပညာအတွေ့အကြုံကိုပဲ ရွေးချယ်ချင်ပါတယ်ရှင့်။

**မေး – ပြည်တွင်းနဲ့ ပြည်ပနေရာနှစ်ခုမှာ ဘယ်နေရာမှာ ညီမအလုပ်လုပ်ချင်ပါ သလဲ။ အလုပ်လုပ်ဖို့ရော စိတ်ကူးထားပြီလား။**

ဖြေ – ပြည်တွင်းနဲ့ ပြည်ပဆိုရင် ပြည်းတွင်းဖြစ်တဲ့ ကိုယ့်နိုင်ငံမှာပဲ လုပ်ချင်ပါတယ်ရှင့်။ ကိုယ်ရဲ့ နိုင်ငံမှာပဲထူးချွန်ပြီး နိုင်ငံ့အကျိုးပြုနိုင်မယ်၊ မိဘနဲ့ အိုးမကွာအိမ်မကွာကြိုးစားသွားနိုင်မယ့် Network Engineer သမားတစ်ယောက်အဖြစ် ရပ်တည် အလုပ်လုပ်ကိုင်သွားဖို့ စိတ်ကူးထားပါတယ်ရှင့်။

**မေး – ခုချိန်မှာ ညီမလေးရင်ထဲက အပြောချင်ဆုံး စကားတစ်ခွန်းနဲ့ အားလုံးကို နှုတ်ဆက်ပေးပါဦး။**

ဖြေ – ညီမကိုခုလို ပညာတတ်ကြီးဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဖေဖေနဲ့ မေမေကိုလဲ ကျေးဇူးတင်ပါတယ်ရှင့်။ ညီမရဲ့ ရည်မှန်းချက်တွေ အကောင်ထည်ပေါ်လာအောင် သင်ပြပေးခဲ့တဲ့ ACH သင်တန်းကိုလဲ ကျေးဇူးတင်ပါတယ်ရှင့်။ အားလုံးလဲ ညီမလိုပဲအမှတ် (၁၀၀၀) အပြည့် ရကြပါစေလို့ ဆုတောင်းရင်းနှုတ်ဆက်ပါတယ်ရှင့်။

# အမေရိကန် တက္ကသိုလ်ကြီးများသို့ ပညာသင်ဆုလျှောက်ထားခြင်းနှင့် ကျောင်းဝင်ခွင့်များအကြောင်း သိရှိနိုင်မည့် Navitas USA ပညာရေးဆွေးနွေးပွဲ

အမေရိကန် တက္ကသိုလ်ကြီးများသို့ တိုက်ရိုက် ကျောင်းလျှောက်ထား တက်ရောက်လိုသူများနှင့် ပညာသင်ဆု လျှောက်ထားလိုသူများအတွက် အမေရိကန်နိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာ ကျောင်းသားများ တက္ကသိုလ် ပညာရေးဆိုင်ရာအဖွဲ့အစည်း Navitas USA မှ စက်တင်ဘာလ ၉ ရက်နေ့၊ သောကြာနေ့၊ နေ့လည် (၂)နာရီမှ (၄)နာရီအထိ ကမာရွတ်မြို့နယ်၊ ပြည်လမ်းမရှိ Novotel Max ဟိုတယ်၊ ပုဂံခန်းမတွင် Navitas USA Education Seminar ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်း ပညာရေးပြပွဲကိုအမေရိကန်တက္ကသိုလ်များဆိုင်ရာ အဖွဲ့အစည်း Navitas USA နှင့် မြန်မာနိုင်ငံရှိ နိုင်ငံတကာ ပညာရေး ဝန်ဆောင်မှုကုမ္ပဏီ AT&S တို့ပူးပေါင်းကျင်းပတာဖြစ်ကြောင်းသိရသည်။

Navitas USA သည် University of Massachusetts (Boston ၊ Dartmouth ၊ Lowell)၊ Florida Atlantic University၊ University of New Hampshire တို့နှင့် ချိတ်ဆက်ထားပြီး မြန်မာနိုင်ငံတွင် IGCSE အောင်မြင်ပြီးသူ၊ ၁၂ တန်း ပညာရေး အောင်မြင်ပြီးသူများ၊ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများကို SAT စာမေးပွဲကို ဖြေဆိုရန်မလိုတဲ့ တက္ကသိုလ်ပထမနှစ်နှင့်ညီမျှသောUniversity Pathway Program (UPP)မှတစ်ဆင့် အဆိုပါ တက္ကသိုလ်ကြီးများသို့ တက်ရောက်နိုင်မည့် ပညာရေး အစီအစဉ်များကို ရှင်းလင်း ဆွေးနွေးပေးမည်ဖြစ်သည်။ အမေရိကန်နိုင်ငံ တက္ကသိုလ်များတွင် ပညာသင်ကြားလိုသူများ လာရောက်လေ့လာနိုင်ပြီး မိမိတို့နှင့် ကိုက်ညီမည့် ဘာသာရပ် ရွေးချယ်ခြင်းများ၊ ကျောင်းဝင်ခွင့်ဆိုင်ရာ အချက်အလက်များ၊ ပညာသင်ကာလများ၊ ပညာသင်စရိတ်များ၊ ပညာသင်ဆုလျှောက်ထားခြင်းဆိုင်ရာများကို Navitas မှ ကျောင်းတာဝန်ခံများမှ ဆွေးနွေးပေးမည်ဖြစ်သည်။

အမေရိကန် တက္ကသိုလ် University of New Hampshire ( UNH ) သည် ပြည်သူပိုင် သုတေသန တက္ကသိုလ်တစ်ခုဖြစ်ပြီး အမေရိကရှိ သင်ကြားခြင်းဆိုင်ရာ ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များတွင် အဆင့် (၁၀၃) ၌ ရပ်တည်လျက်ရှိသည်။ UNH သည် ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များ၏ (၅) ရာခိုင်နှုန်းစာရင်းတွင်လည်း ပါဝင်နေသည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး ပညာရေးနှင့် သုတေသနလုပ်ငန်းစဉ်များအတွက် အမေရိကန် အာကာသသိပ္ပံ အဖွဲ့အစည်း နာဆာ(NASA)၏ရန်ပုံငွေထောက်ပံ့ခြင်းရရှိသော တက္ကသိုလ်ကြီးတစ်ခုလည်းဖြစ်သည်။

University of Massachusetts (UMass) သည် ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များစာရင်းတွင်အဆင့်သတ်မှတ်ချက် (၁၄၁) ဖြင့် ရပ်တည်လျက်ရှိပြီး Engineering နှင့် Technology တွင်ကမ္ဘာ့အဆင့် (၅၉) ရရှိထားသည်။ ထို့အပြင် Association to Advance Collegiate Schools of Business (AACSB)မှ အသိအမှတ်ပြုထားသော စီးပွားရေး ဘွဲ့ဒီဂရီများကို UMass တွင် တက်ရောက်ရယူနိုင်ကြောင်းသိရသည်။

Florida Atlantic University ( FAU) ၏ တက္ကသိုလ်ဝန်းသည် သာယာလှပသော Atlantic Ocean နှင့် (၃) မိုင်ခန့်မျှသာ ကွာဝေးပြီး သဘာဝအလှများဖြင့် အပန်းလည်းဖြေ ပညာလည်း ဆည်းပူးနိုင်သော တက္ကသိုလ် တစ်ခုဖြစ်သည်။ FAU ၏ Ocean Engineering နှင့် ပင်လယ်တွင်းရှိ သက်ရှိများ သုတေသနပြုခြင်းဆိုင်ရာနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာဘာသာရပ်များမှာ ကမ္ဘာ့အဆင့်ထိပ်တန်းဝင်အဖြစ် သတ်မှတ်ခြင်းခံရသည့် တက္ကသိုလ်လည်းဖြစ်သည်။

အသေးစိတ် စုံစမ်းမေးမြန်းလိုသော ကျောင်းသားများအတွက် တစ်ဦးချင်း ဆွေးနွေးပွဲကိုလည်း အမှတ်(၆၇)၊ မြေညီထပ် (ယာ)၊ ဘုန်းကြီးလမ်း (အောက်ဘလောက်)၊ လမ်းမတော်မြို့နယ်ရှိ AT&S လမ်းမတော်ရုံးခွဲတွင် စက်တင်ဘာလ ၁၁ ရက်နေ့ ၊ တနင်္ဂနွေနေ့ မနက်(၁၀)နာရီ မှ (၁၂)နာရီထိ ပြုလုပ်မည်ဖြစ်ပါသည်။ ပညာရေးဆွေးနွေးပွဲနှင့် တစ်ဦးချင်းဆွေးနွေးပွဲ တက်ရောက်ရန် စိတ်ဝင်စားသူများသည် ဖုန်း– 01-652320 ၊ 09-799595949 နှင့် 09-5062171 သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**တင်မျိုးသွင်**

# "ရင်ကိုလာမှန်တဲ့ Student Score Report"



STAR Student Report

USING ASSESSMENTS TO HELP STUDENTS LEARN

LOCAL ID #: [redacted]
STUDENT #: [redacted]
GRADE: 8

DATE OF BIRTH: [redacted]
TEST DATE: Spring 2013

FOR THE PARENT/GUARDIAN OF:
SWAN Y HTUT
[redacted]

SCHOOL: Washington Manor Middle
DISTRICT: San Lorenzo Unified

Dear Parent/Guardian,

California's Standardized Testing and Reporting (STAR) Program helps to measure students' progress in meeting academic content standards. This report shows your child's scores on the spring 2013 STAR tests. These scores may be used as one of multiple ways to provide additional information about students' academic strengths and weaknesses. I encourage you to discuss these results with your child and your child's teacher(s) to gain a complete picture of your child's progress.

California has adopted a new set of academic content standards called the Common Core State Standards (CCSS). Over the next few years, schools and districts will be transitioning to curriculum, instruction, and assessments that are aligned to these standards. For more information, please visit the CCSS Web page at http://www.cde.ca.gov/re/cc/index.asp.

Sincerely,
Tom Torlakson
Tom Torlakson,
State Superintendent of Public Instruction

Your child's overall results on the California Standards Tests

Your child's scale scores and performance levels

| | English-Language Arts | | Geometry | | History-Social Science | | Science | |
|---|---|---|---|---|---|---|---|---|
| Advanced | 395-600 | 450 | 418-600 | 440 | 396-600 | 461 | 403-600 | 557 |
| Proficient | 350-394 | | 350-417 | | 350-395 | | 350-402 | |

State target for all students

ဆောင်းပါးရှင် – ကိုညီညီ (တောင်ကြီး)

အရင်နှစ်တွေတုန်းက STARStudent Report ဆိုတဲ့ နာမည်နဲ့ စာတွေလာဖူးတယ်။ အိမ်ကိုရောက်လာတဲ့စာရွက်မှတ်တမ်းအရ (၆) တန်းနှစ်မှာတစ်ခါ၊ (၈) တန်းကျတော့ နောက်တစ်ခါ၊ အခု 'စွမ်း' (၁၁) တန်းရောက်တော့ (၁၀) တန်းအတွက် သတင်းပို့တဲ့ရီပို့ကတ် ရောက်လာပါတယ်။ STAR ဆိုတာ ကြယ်ကိုပြောတာ မဟုတ်ဘဲ California's Standardized Testing and Reporting (STAR) Program ကို အတိုကောက်ခေါ်ဆိုတာပါ။ မြန်မာကျောင်းလောကနဲ့ အနီးစပ်ဆုံးပြောရရင် လူရည်ချွန်စာမေးပွဲနဲ့ ဆင်တူပါတယ်။

အမေရိကားမှာဖြေရတဲ့ STAR စာမေးပွဲက လူရည်ချွန်ပြိုင်ပွဲတွေလို ကိုယ်လက်လှုပ်ရှားမှု မပါ,ပါဘူး။ သူတို့က ကလေးတွေရဲ့ဦးနှောက်နဲ့ စဉ်းစားဉာဏ်ကို စစ်တယ်။ ဒီကလေး ဘယ်လောက်မှတ်မိသလဲဆိုတာ အလေးမထားပေမယ့် ဘယ်လောက်အထိ ချင့်ချိန်တွေးတောတတ်တယ်၊ ကိုယ့်ရှေ့ရောက်လာတဲ့ မမြင်ဖူးတဲ့ပြဿနာကို ဘယ်လိုဖြေရှင်းတတ်တယ် ဆိုတာကို အသည်းအသန် အမှတ်ပေးတယ်။ ပြည်နယ်အလိုက် အခေါ်အဝေါ်တွေ ဘယ်လိုပင် ကွာခြားနေစေကာမူ ဖက်ဒရယ်မူရဲ့ အားပြိုင်မှုနဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတဲ့ အထက်တန်းကျောင်းတွေဟာ ထူးချွန်ထက်မြက်ပြီး ကမ္ဘာ့အပြင်ကို ထိုးဖောက်နိုင်မယ့် ကလေးသူငယ်ကျောင်းသားမွန်လေးတွေကို မွေးထုတ်ပေးနေတာတော့ လက်တွေ့ပါပဲ။

ဒီလို အမှတ်တွေပေးနေတာ ဘာလုပ်ဖို့ပါလိမ့် … ကျွန်တော်ဆက်ဖတ်ကြည့်တယ်။ ကျောင်းသားတွေရဲ့ အားကောင်းချက်၊ လိုအပ်ချက်တွေကို ဖော်ပြပေးတဲ့ မှတ်တမ်းတွေကိုတွေ့ရတယ်။ (၆) တန်းမှာ အင်္ဂလိပ် – English-Language Arts ကို ၄၁၅ မှတ်နဲ့ သင်္ချာ – Mathematics ကို ၄၈၄ ရခဲ့တဲ့ စွမ်းဟာ (၈) တန်းရောက်တဲ့ အချိန်မှာ (၄) မျိုး ဖြေရတယ်။ အဲဒီထဲမှာ …

English-Language Arts = ၄၅၀ မှတ်

Geometry = ၄၄၀ မှတ်

History-Social Science = ၄၆၁ မှတ်

Science = ၅၅၇ မှတ်တို့ ဖြစ်ပါတယ်။

ဒါတွေကို ကြည့်ခြင်းအားဖြင့် မိဘတွေကို မိမိသားသမီးက ဘယ်နေရာမှာ ဘာကိုဝါသနာပါနေတယ်ဆိုတာကို သတင်းပေးလိုက်တယ်ဆိုတာ သိသာလှတယ်။ ဒီအမှတ်တွေဟာ ကျွန်တော်တို့ ငယ်ငယ်တုန်းက အဆင့် (၁) မရလို့ အရိုက်ခံရတဲ့ 'ကျိန်စာ' တစ်ခု မဟုတ်ပါဘူး။ ဒီအမှတ်တွေအပေါ်မှာ ကလေးအချင်းချင်း သွေးကွဲပြီး "မင်းတို့က စာတော်တာကိုး … လုပ်ထားကြပေါ့ကွာ" ဆိုတဲ့ မနာလိုဝန်တိုရွဲ့တဲ့တဲ့ အပြုအမူတွေ မတွေ့ရပါဘူး။ ရမှတ်နည်းသူက များသူနဲ့ တွေ့တဲ့အခါ "ငါ စာလုပ်တာ နည်းသွားလို့ အမှတ်မရလိုက်ဘူး။ နောက်တစ်ခေါက်ဆို မင်းတို့ကို မီမှာပါ" လို့ သင့်တင့်မျှတအောင် ပြောတတ်ကြတယ်။ သူစာမလုပ်ရင် သူ့မိဘက ဆရာ၊ ဆရာမအခန်းအထိ လိုက်လာပြီး တိုင်ချက်ထိမယ်ဆိုတာကို သိပြီးသားလေ။

အဓိက ဆွေးနွေးချင်တာက အတန်းငယ်တုန်းမှာ ကလေးစိတ်ဝင်စားနိုင်တာတွေကိုသာ ထုတ်နုတ်မေးခဲ့ပြီး ဆွဲဆောင်ခဲ့တဲ့အကြောင်းပါ။ နောက်တစ်နှစ်မှာ အင်္ဂလိပ်နဲ့ သင်္ချာအပြင် (၂) မျိုး ထပ်တိုးပြီး သမိုင်းနဲ့ သိပ္ပံကို ထည့်သွင်းခဲ့တယ်။ ဒါဆို သေချာပြီ … သိပ္ပံစိတ်ပါတဲ့ ကလေးတွေ အုပ်စုလိုက်ကြီးကို အစိုးရက ရသွားပြီ။ နောက်ထပ်အတန်းကြီးလာတာနဲ့အမျှ ကောလိပ်တက်ဖို့နဲ့ တက္ကသိုလ်တိုက်ရိုက်တက်မယ့် ကျောင်းသားတွေအတွက် အသက်မွေးဝမ်းကျောင်း ဘာသာရပ်ဘက်ကို လမ်းညွှန်ပေးသွားမယ်ဆိုတဲ့အပိုင်းကို သိပ်အားကျမိတယ်။ ပိုပြီးသွားရည်ကျမိတာက (၂၁) ရာစုရဲ့ အလုပ်အကိုင်ဈေးကွက် – 21[st] Century Job Market ကို သွားနိုင်ဖို့ မျှော်မှန်းထားပါသတဲ့။

ဒီတော့ အစိုးရရဲ့ရည်မှန်းချက်က ကျောင်းသားတွေကို ဘာဖြစ်စေချင်တာပါလဲ၊ အခမဲ့ပညာသင်ပေးမယ် (၁ တန်းကနေ ၁၂ တန်းအထိ)။ အထက်တန်းကျောင်းမပြီးသေးခင် နောက်ဆက်တက်ရမယ့် ဘဝကျောင်းတွေကို စိတ်ဝင်စားအောင် ပညာပေးမယ် (STAR Test)။ (၁၁) တန်းရောက်ရင် သူတို့ ဘာမေဂျာသင်ချင်လဲ၊ ဘာမေဂျာနဲ့ အသက်မွေးဝမ်းကျောင်းပြုမလဲ ဆိုတာတွေကို ကြိုတင်စဉ်းစားနိုင်ဖို့ ဒီလိုစာမေးပွဲတွေ စစ်ပေးကြတာပဲပေါ့။

အတန်းမြင့်လာလေလေ မေးခွန်းတွေက ခက်လာလေလေဖြစ်တာ သဘာဝပါ။ ဒါပေမဲ့ စိန်ခေါ်မှုမေးခွန်း – Challenging Test တွေက လူကြီးအကြို–ကျောင်းသားငယ်တွေရဲ့လုပ်ဆောင်ချက် – Task တွေကို ပိုကောင်းမွန်စေတယ်။ အမြဲဖြေနေကျ ရွေးချယ် – Multiple-Choice Test တွေထက် ပုစ္ဆာ – Problem တွေကို ရှင်းခိုင်းတယ်။ ဒီကနေ ကျောင်းသားတွေရဲ့

၁။ ခွဲခြမ်းစိတ်ဖြာရေးသားနည်း – Analytical Writing

၂။ ချင့်ချိန်ဆင့်ပွားတွေးတောနည်း – Critical Thinking နဲ့

၃။ ပြဿနာဖြေရှင်းနည်း – Problem Solving တို့ကို ပေါင်းစပ်ပြီး …

အချက်အလက်စုံလင်တဲ့ ဗဟုသုတဟင်းလေးအိုးကြီး – Their Knowledge of Facts ကို ပေးစွမ်းမှာဖြစ်တယ်လို့ သိရတယ်။

ဒီလိုအရည်အချင်းတွေနဲ့ ဒီလိုအောက်သက်ကျေမှုမျိုးကို ရဖို့ မြန်မာနိုင်ငံက သားရှင်၊ သမီးရှင် မိဘများက ကလေးတွေကို နိုင်ငံခြားပို့ပြီး ပညာသင်စေကြတယ် မဟုတ်လား။

ပိုကောင်းတာတစ်ခုက အမေရိကားမှာ ကျောင်းတက်နေရင်း နွေရာသီပိတ်လို့ အလုပ်သင် – Intern အနေနဲ့ ကုမ္ပဏီတွေက အလုပ်ခန့်ကြတယ်။ "ဟာ … ဒီကောင်တွေက ကျောင်းသားတွေ။ အလုပ်မြဲမှာ မဟုတ်ဘူး။ ကျောင်းပြန်ဖွင့်လို့ ပြန်သွားတက်ကြရင် ငါတို့သင်ပေးထားသမျှ ၊ သင်တန်းပေး – Train ထားသမျှ အလကားဖြစ်ကုန်မယ်" လို့ မတွေးကြဘူး။ အရည်အချင်းနဲ့ အလားအလာရှိသူကို "ကျောင်းပြီးသွားရင် ငါတို့ ကုမ္ပဏီမှာ ဆက်ဆက်လာလုပ်ပါ" လို့တောင် ဖိတ်ခေါ်တတ်ကြတယ်။

လုပ်ခလစာ ကြည့်ဦးမလား …၊ အစပိုင်းမှာသာ တွေ့ကရာ – Entry Level အလုပ်လုပ်ရပေမယ့် ဘွဲ့ရပညာတတ်၊ အလုပ်အတွေ့အကြုံရှိသူ ကျောင်းပြီးစ လူငယ်များဆို အားလုံးက "လာထား" ပဲ။ သူတို့ ကျွမ်းကျင်တဲ့မေဂျာနဲ့ ထိုက်တန်တဲ့ငွေကြေးရကြတယ်၊ သို့ပေမယ့် ပြည်နယ်နဲ့စီးပွားရေး ဖွံ့ဖြိုးမှုပေါ် မူတည်ပြီး အလုပ်အကိုင် အခွင့်အလမ်း အကျဉ်းအကျယ်ကတော့ သတိပြုရမယ့်ကိစ္စ ဖြစ်ပါတယ်။

ကျောင်းတွေမှာ လိုအပ်တဲ့ သင်–ထောက်–ကူပစ္စည်း အပြည့်အစုံအပြင် လက်တွေ့ဘဝမှာ မြင်တွေ့ရမယ့် အလုပ်လျှောက်လွှာ – Resume ရေးရတာတို့၊ အလုပ်ခန့်လူရွေးပွဲ – Interview ထိုင်ရတာတို့၊ ရောင်းအားမြှင့်တင် – Promotion လုပ်ခိုင်းတာတို့က (၁၁) တန်းမရောက်ခင်ကတည်းက ကျောင်းသားကို နောကျေအောင်ခိုင်းပြီးသား ဖြစ်ပါတယ်၊ အခုပြောနေတဲ့ STAR Test က မွမ်းမံသင်တန်းလို့တောင် တင်စားပြောလို့ရပါတယ်။

ကျောင်းသားချည်းပဲလားဆိုတော့ မဟုတ်သေးဘူး။ သင်တဲ့ဆရာမတွေကိုပါ ကြိုတင်အဆင့်မြှင့်ထားပြီး အရည်အသွေးမီတဲ့ဆရာ၊ ဆရာမတွေကို အဆက်မပြတ် သင်တန်းပေးနေတယ်လို့ စာရွက်ရဲ့အောက်ပိုင်းမှာ ထပ်ရှင်းပြထားပါသေးတယ်။ ဒီအတွက် ကျောင်းသားတွေ ကိုးကားရမယ့် သတင်းအချက်အလက်အရင်းအမြစ်တွေကို ရှာဖွေ ဖော်ထုတ်ပေးရင်း ခေတ်မီနည်းပညာ အသုံးချနယ်ပယ်ထဲကို မရောက်ရောက်အောင် ပို့ဦးမှာပါတဲ့။

ချုပ်ပြီးဆိုရရင် ကျောင်းသားတွေကျောင်းကို ဘာသွားလုပ်နေတယ်လို့ မိဘများ ထင်ပါသလဲ၊ ဖတ်ပြသမျှလိုက်ဆို၊ ရေးသမျှ လိုက်ကူး၊ ပေးလိုက်သမျှ အလွတ်ကျက်၊ မေးသမျှ မှတ်မိသလောက်ဖြေ အဆင့်တွေက မတက်ရင် "ကျောင်း" လို့ မခေါ်ထိုက်ပါဘူး။ ဒါမျိုးနဲ့ ဆက်တိုးနေရင် အစစ်မဟုတ်တာ သေချာတယ်။

ဒါကြောင့်မို့ သားသမီးကို မနက် ကျောင်းပို့တော့မယ့် မိဘများ တစ်ခုကို သေချာစဉ်းစားစေချင်တယ်။ ကလေးတွေ အိမ်မှာရှုပ်လို့ ကျောင်းပို့မှာလား၊ ငါတို့ငယ်ငယ်တုန်းက စာတောင်မဖတ်တတ်ဘူးဆိုပြီး ပို့မှာလား၊ ငါတို့ဒီအရွယ်ကလည်း ဒီကျောင်းတွေတက်ခဲ့တာပါပဲလို့ စဉ်းစားပြီး ပို့ကြမှာလား၊ ဒါမှမဟုတ် မိမိသားသမီးကို ကျောင်းပြီးလို့ သူ့ဘဝ၊ သူ့ခြေတစ်စုံပေါ် အမှီအခိုကင်းကင်း ရပ်တည်နိုင်အောင် "ဘဝကျောင်း" ကို ပို့မှာလားလို့ ဆန်းစစ်စေချင်ပါတယ်။

မှတ်ချက် ။ ။ စွမ်းဟာ Grade 10 မှာ ပျမ်းမျှ ၅၅၇ မှတ် ရပါတယ်။ ပေးမှတ်က စုစုပေါင်း ၆၀၀ ပါ။ နောက်နှစ် Grade 11 မှာ ဖြေရမယ့် အရည်အချင်းစစ်စာမေးပွဲကို CAASPP – California Assessment of Student Performance and Progress လို့ အမည်ပြောင်းလဲ ကျင်းပသွားမယ်လို့ ရေးသားထားပါကြောင်း။

## Visa ကတ်သုံးသူများ ထိုင်းလေကြောင်းလိုင်းတွင် အထူးဈေးနှုန်းဖြင့် ရရှိနိုင်




ပြည်တွင်းရှိ Visa ကတ် အသုံးပြုသူများအနေဖြင့် Thai Airways နှင့် တွဲဖက်လေကြောင်းလိုင်းဖြစ်သည့် Thai Smile တို့မှ အထူးနှုန်းဖြင့် ရောင်းချမည့်လေယာဉ်လက်မှတ်များကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

Visa ကြိုတင်ငွေပေးချေကတ် အသုံးပြုသူများသည် ရန်ကုန်–ဘန်ကောက် ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်များကို အထူးသက်သာသည့်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်မည့်အပြင် လေယာဉ်လက်မှတ် ဝယ်ယူမှုတိုင်းအတွက် ခရီးဆောင်အိတ်တစ်အိတ်စီ လက်ဆောင်ပေးသွားမည်ဖြစ်သည်။ Thai Smile Airways ၏ ထိုင်းပြည်တွင်း ခရီးစဉ်အတွက် အသွားအပြန်လေယာဉ်လက်မှတ်တစ်စောင် အခမဲ့ ရရှိနိုင်မည့် အခွင့်အရေးကိုလည်း ထည့်သွင်းထားကြောင်း Visa မှ သတင်းထုတ်ပြန်ပါသည်။

Visa, Thai Airways နှင့် ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့တို့ ပူးပေါင်းကာ "Love Travel Days" ပွဲတော်အဖြစ် စက်တင်ဘာလ ၁ ရက်မှ ၄ ရက်အထိ Myanmar Plaza တွင် ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပွဲတွင် ပါဝင်သည့် ရောဝတီဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်များတွင် Visa ကြိုတင်ငွေပေးချေကတ်ကိုလျှောက်ထားကာ အဆိုပါ အခွင့်အရေးများကို ချက်ချင်း ရယူနိုင်မည်ဖြစ်သည်။

ထိုင်းခရီးသွား လုပ်ငန်း အာဏာပိုင်အဖွဲ့မှ တရားဝင်ခန့်အပ်ထားသည့် ခရီးသွားကိုယ်စားလှယ်များ၏ အလုံးစုံ ဝန်ဆောင်မှုများ ပါဝင်သည့် ခရီးသွားအစီအစဉ်များကိုလည်း အဆိုပါပွဲတွင် ဝယ်ယူ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရဲလင်းလင်းသန့်




# အားသွင်းရင် ဒါတွေ စဉ်းစား

ဆောင်းပါးရှင် – နောင်စိုး (ထားဝယ်)

အိုင်တီပစ္စည်း၊ မိုဘိုင်းပစ္စည်းတွေကို အသုံးများလာတယ်။ အဲဒီပစ္စည်းကို အိမ်ထဲမှာထိုင်မသုံးဘဲ အပြင်သယ်သုံးဖို့ရည်ရွယ်ထားတော့ သူ့မှာ ဘက်ထရီအားကိုးနဲ့ အလုပ်လုပ်နိုင်အောင် စီစဉ်ထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အဲဒီပစ္စည်းတွေကို မကြာမကြာ အားသွင်းကြရပါတယ်။ Pokemon Go ကစားတဲ့လူတွေများ ဘက်ထရီအားအပြည့်သွင်းတာတောင် မလောက်လို့ Powerbank နှစ်လုံးလောက် ဆောင်ရပါသေးတယ်။

ဖုန်းတွေ၊ တက်ဘလက်တွေ၊ ကွန်ပျူတာတွေ အားသွင်းတာ အလွယ်သားမဟုတ်လား။ အားသွင်းကြိုးလေးထိုးပြီး အိမ်သုံးမီး ပလပ်ပေါက်မှာ ထိုးထားလိုက်ရုံလေးဉစ္စာ။ ဟုတ်ကဲ့ ... လူဖြိုန်းတွေ တွေးရင်တော့ ရိုးရိုးလေးပါပဲ။ အဲဒီ ရိုးရိုးလေးအတိုင်း လုပ်ကြလို့ ကွန်ပျူတာတွေ သက်တမ်းစေ့မနေတာ၊ Hard disk တို့ motherboard တို့ သက်တမ်းတိုတိုနဲ့ကြွတာ မကြာခဏတွေ့ရပါတယ်။ ဒါကြောင့် အားသွင်းတဲ့အလုပ်ကို စနစ်တကျ လုပ်ကြပါမယ်။

ပထမဆုံး အားသွင်းတဲ့စနစ်အကြောင်း အရင်ဆုံး လေ့လာကြပါမယ်။ ခေတ်သစ်အားသွင်းစနစ်မှာ ဖုန်း၊ တက်ဘလက်နဲ့ ကွန်ပျူတာဘက်ထရီတွေကို တသမတ်အရှိန်နှုန်းနဲ့ အားသွင်းတာမဟုတ်ပါဘူး။ မိုဘိုင်းဖုန်းထဲက Battery Doctor တို့ Du Battery Saver တို့ရဲ့အားသွင်းပုံကို ခဏတဖြုတ်စောင့်ကြည့်ရင် သိနိုင်ပါတယ်။ ဘက်ထရီအား သိပ်နည်းသွားတဲ့အခါ (ဥပမာပြောရရင် ဘက်ထရီ ၈၀ ရာခိုင်နှုန်းအောက် အတိုင်းအတာထိ ကျသွားတဲ့အခါ) အားသွင်းနှုန်းကို ခပ်မြန်မြန်သွင်းပါတယ်။

ဒါပေမဲ့ ဘက်ထရီအား ၈၀ ရာခိုင်နှုန်း ရောက်ပြီဆိုတာနဲ့ အားသွင်းနှုန်းကို နှေးနှေးထားလိုက်ပါတယ်။ ၈၀–၁၀၀ ကြား အားသွင်းနှုန်းဟာ ဝ–၈၀ ကြား အားသွင်းနှုန်းထက် နှစ်ဆကျော် နှေးပါတယ်။ စကားအဖြစ်ပြောတာပါ။ ဘက်ထရီကို မလွဲသာမရှောင်သာ အခြေအနေကလွဲပြီး သုံညရောက်အောင် မသုံးသင့်ပါဘူး။ အနည်းဆုံး ၁၀ ရာခိုင်နှုန်းတော့ ကျန်သင့်ပါတယ်။

၁၀–၈၀ ရာခိုင်နှုန်းကြား အားသွင်းချိန်ဟာ အတော်လေးမြန်ပါတယ်။ သူ့အားသွင်းကြိုးအမှန်ဆိုရင် ၇၅ မိနစ်လောက်နဲ့ ၈၀ ရာခိုင်နှုန်းကို ရောက်ပါတယ်။ ကိုယ့်ပစ္စည်းကလည်း ဘက်ထရီ ၈၀ ရာခိုင်နှုန်းဝင်နေပြီ။ အဲဒီအချိန်မှာ အပြင်သွားစရာရှိတယ်ဆိုရင် နောက် ၂၀ ရာခိုင်နှုန်းကိုမစောင့်သင့်ပါဘူး။ အားသွင်းကြိုးကိုဖြုတ်ပြီး တစ်ခါတည်း ယူသွားသင့်ပါတယ်။ ပညာရှင်တွေ ထောက်ခံတဲ့ ဘက်ထရီအသုံးချရာခိုင်နှုန်းဟာ ၄၀–၈၀ ကြားဖြစ်ပါတယ်။

၄၀ ရာခိုင်နှုန်းဝန်းကျင်အထိ ကျရင် အားသွင်းပြီး ၈၀ ရာခိုင်နှုန်းပြည့်တာနဲ့ ဖြုတ်လိုက်ရင် ဘက်ထရီကို အနည်းဆုံး အားသွင်းကြိမ်ရေ ၃၀၀ အထိ စွမ်းအားပြည့်သုံးနိုင်မယ်လို့ ဆိုပါတယ်။ တကယ်တမ်းပြောရရင် ဘက်ထရီဟာ အမြဲတစေ ၁၀၀ ရာခိုင်နှုန်းပြည့် အားမသွင်းသင့်ပါဘူး။ ၉၀ ရာခိုင်နှုန်းထိ အားသွင်းရင် လုံလောက်နေပါပြီ။ ဘက်ထရီ Calibrate လုပ်တယ်ဆိုတာမျိုးအနေနဲ့ တစ်လမှာတစ်ခါလောက်ပဲ ၁၀၀ ရာခိုင်နှုန်းအထိ အားသွင်းသင့်ပါတယ်။

အားသွင်းတဲ့အခါမှာ အားသွင်းကြိုးက အတော်လေးအခရာကျပါတယ်။ ဖုန်းတွေ၊ Laptop ကွန်ပျူတာတွေကို မူရင်းအားသွင်းကြိုးနဲ့ သွင်းရမယ်ဆိုတဲ့ခေတ် မရှိတော့ပါဘူး။ ခေါင်းတူရင် သွင်းလို့ရပါတယ်။ ဒါပေမဲ့ အားသွင်းချိန်မှန်းဆရတာ အတော်ခက်သွားပါတယ်။ မူရင်းကြိုးထက် အားကြီးတဲ့ကြိုးနဲ့သွင်းရင် အားသွင်းချိန် ပိုမြန်ပြီး အားနည်းတဲ့ကြိုးနဲ့သွင်းရင် အားသွင်းချိန် ပိုကြာသွားပါမယ်။ အားသွင်းကြိုးတွေက ကြာလာရင် ချို့ယွင်းတယ်၊ ပျက်တယ်၊ စည်းကမ်းမရှိရင် ပျောက်လည်းပျောက်တတ်ပါတယ်။ လိုအပ်လို့ မူရင်းမဟုတ်တဲ့ အားသွင်းကြိုးဝယ်သုံးရရင် မူရင်းကြိုးနဲ့ အားသွင်းအတိုင်းအတာနီးစပ်တာကို ဝယ်သင့်ပါတယ်။

သာမန်လူနဲ့ ဘယ်လိုမှ မနီးစပ်နိုင်တဲ့ Ampere တွေ Watt တွေကိုတော့ မသိသိအောင် ကြိုးစားဖို့ လိုပါတယ်။ Ampere ကိုတော့ mAh ဆိုတာ Ah ဆိုတာမျိုးတွေနဲ့ တွေ့ရပါမယ်။ အားသွင်းကြိုးမှာ mAh ကြီးရင် အားသွင်းတာ ပိုမြန်ပါတယ်။ ဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာတစ်လုံးရဲ့ အမြင့်ဆုံးခွင့်ပြုနိုင်တဲ့ အားသွင်းနှုန်းထက် အများကြီးပိုမြင့်တဲ့ အားသွင်းကြိုးကို မသုံးသင့်ပါဘူး။ လက်ခံနိုင်တာထက် အများကြီးပိုမြင့်တဲ့နှုန်းနဲ့ အားသွင်းနေမယ်ဆိုရင် အနှေးနဲ့အမြန် အဲဒီပစ္စည်း ပျက်ပါလိမ့်မယ်။ အခုနောက်ပိုင်းထွက်တဲ့ အဆင့်မြင့် မိုဘိုင်းဖုန်းတွေမှာ Quick Charge 2.0 တို့၊ 3.0 တို့လို အမြန်အားသွင်းစနစ်တွေ ပါလာတဲ့အတွက် မူရင်းထက် အဆမတန်အားကြီးတဲ့ အားသွင်းကြိုးတွေကို သတိထားရပါမယ်။

Laptop ကွန်ပျူတာတွေမှာလည်း ဒီလိုအဖြစ်မျိုးနဲ့ ခပ်ဆင်ဆင်တူပါတယ်။ ဒီကွန်ပျူတာတွေမှာ အားသွင်းကြိုးစနစ်က မော်ဒယ်ချင်း မနီးစပ်ရင် ထပ်တူဖြစ်ခဲပါတယ်။ နီးနီးစပ်စပ်တူရင်တောင် များသောအားဖြင့် အားသွင်းကြိုးတွေက ၆၀ Watts ကနေ ၉၀ Watts ကြားဖြစ်လေ့ရှိပါတယ်။ ကွန်ပျူတာနဲ့ ကွက်တိတော်တဲ့ Standard plug ကို သုံးလေ့ရှိပါတယ်။ ဈေးပေါတဲ့ အားသွင်းကြိုးတွေလည်း ရှိတယ်။ Compatible လို့ဆိုပြီး များသောအားဖြင့် တရုတ်က လာပါတယ်။ ကွန်ပျူတာအတွက် စိတ်ချရမှုဟာ မူရင်းကြိုးလို မကောင်းပါဘူး။ ထုတ်လုပ်တဲ့ ကုမ္ပဏီနာမည်နဲ့ CE အမှတ်အသားတွေကို စစ်ဆေးပြီး ဝယ်ဖို့လိုပါတယ်။

အားသွင်းတဲ့ကိစ္စမှာ အကြီးအကျယ်ဆုံး အမှားက အားသွင်းနေရင်း ပစ္စည်းကိုသုံးတာပါ။ ဥပမာပြောရရင် GPS သုံးပြီး Pokemon ဖမ်းတဲ့အခါ ပါဝါအစားကြမ်းလို့ Powerbank ထိုးထားပြီး ဆက်ကစားတာမျိုးဖြစ်ပါတယ်။ ဖုန်း၊ တက်ဘလက်၊ Laptop အားလုံးဟာ အလုပ်လုပ်နေပြီဆိုရင် ဂိမ်းကစားနေပြီဆိုရင် ပါဝါအရမ်းသုံးပါတယ်။ အင်တာနက်ကြည့်တာဟာ ပါဝါအစား အသက်သာဆုံးလို့ ဆိုတာတောင် idle mode မှာထက် ပါဝါစားပါသေးတယ်။ အားသွင်းနေရင်းပစ္စည်းကိုသုံးတဲ့အတွက် ဘက်ထရီအားပြည့်ဖို့အချိန်အများကြီးကြာပါတယ်။ အားကုန်လုနီးနီး ဖုန်း၊ Laptop ဆိုရင် အားသွင်းချိန်သိပ်ကြာသွားနိုင်တာမို့ အလုပ်သွားနောက်ကျတာ၊ အပြင်သွားနောက်ကျတာလည်းဖြစ်မယ်။ ဖုန်း၊ တက်ဘလက်၊ Laptop တွေဟာ အားသွင်းတဲ့အလုပ်နဲ့ ပါဝါစားတဲ့အလုပ်နှစ်ခုကို တစ်ပြိုင်တည်းလုပ်တာမို့ heat ပိုတက်ပြီး ပစ္စည်းအသက်တိုပါမယ်။

Laptop ကိုပိတ်ထားပြီး အားသွင်းမယ်၊ ဖုန်းနဲ့ တက်ဘလက်ကို Airplane mode လုပ်ထားပြီး အားသွင်းမယ်ဆိုရင် အားပြည့်တာပိုမြန်ပါမယ်။ Laptop ကတော့ မြန်မြန်ဆန်ဆန်ပြန်သုံးချင်ရင် sleep mode မှာထားလို့လည်း ရပါတယ်။ Airplane ကတော့ ကြိုးမဲ့ဆက်သွယ်မှုအားလုံးကို (ဖုန်းလိုင်းအပါအဝင်) ဖြတ်ချလိုက်တာမို့ sleep mode မှာ ထားလိုက်သလိုပါပဲ။ ကိုယ့်ဖုန်းက Quick charge 3.0 ပါတယ်။ အားသွင်းချိန်ဆယ်မိနစ်လောက်ပဲရမယ်ဆိုရင် Airplane mode မှာထားပြီး screen ကို ပိတ်အားသွင်းပါ။ နာရီဝက်၊ တစ်နာရီ အားသွင်းချိန်ရမယ်ဆိုရင် ပြန်ဝင်တဲ့ကိစ္စဟာ ဖုန်းပိတ်ပြီးပြန်ဖွင့်တာထက် အားကုန်သက်သာပါတယ်။

နောက်တစ်ခုက ကားထဲမှာပါတဲ့ charger socket ကိုသုံးပြီး အားသွင်းတဲ့ကိစ္စပါ။ ကားအပေါ်မူတည်ပြီး တချို့ကားတွေက စက်ပိတ်ထားရင်တောင် အားသွင်းပေးနိုင်ပါတယ်။ တချို့က ဖုန်းကို ကားထဲက charger မှာ တစေအားသွင်းထားတာတွေ့ရပါတယ်။ တကယ်အားသွင်းဖို့လိုမှ အားသွင်းကြိုးတပ်သင့်ပြီး ဖုန်းအသုံးမရှိရင် အားသွင်းကြိုးဖြုတ်ထားသင့်ပါတယ်။ စက်ပိတ်ထားတုန်းအားသွင်းပေးနိုင်ရင် ကားဘက်ထရီကိုဆွဲစားပါမယ်။ အားကောင်းမောင်းသန် ဘက်ထရီအသစ်ဆိုရင် ပြဿနာမရှိပေမယ့် ဘက်ထရီကျလာတဲ့အခါ ကားစက်နှိုးရင် ဒုက္ခပေးနိုင်ပါတယ်။ ကားရဲ့လျှပ်စစ်ထုတ်လုပ်မှု Stable မဖြစ်တဲ့အခါမျိုးမှာ ကား Charger ကတစ်ဆင့် အားသွင်းတာဟာ ဖုန်းအတွက် အန္တရာယ်ရှိနိုင်ပါတယ်။

ကားထဲက Charger ထက်စာရင် powerbank က ပိုပြီး စိတ်ချရပါတယ်။ Powerbank တွေမှာ 10000 mAh စွမ်းအားတူရင်တောင် Power factor မတူတာမို့ အားထုတ်ပေးနိုင်တဲ့ စွမ်းရည်ခြင်းမတူပါဘူး။ အားထုတ်ပေးနိုင်စွမ်းကို သိချင်ရင် Powerbank ရဲ့စွမ်းအားကို Power factor နဲ့ မြှောက်ရပါတယ်။ Powerbank အများစုဟာ Power factor 0.6 ပဲရှိလို့ 10000 mAh Powerbank ဟာ 6000 mAh ပဲပြန်ထုတ်ပေးနိုင်ပါတယ်။ ကမ္ဘာ့အကောင်းဆုံး Powerbank တွေမှာ Power factor 0.8 ရှိပါတယ်။






# Kaplan Higher Education Academy မှာ Bachelor of Business Studies ဘာသာရပ်ကို တက်ရောက်ခဲ့တဲ့ Shein Thet Naung နှင့် တွေ့ဆုံခြင်း

**မေး – အမည်၊ အသက်၊ နေရပ်လိပ်စာကို ပြောပေးပါဦး။**

ဖြေ – ဟုတ်ကဲ့၊ အမည်က ရှိန်းသက်နောင်ပါ အသက်က ၂၇ နှစ်၊ မန္တလေးမှာ နေပါတယ်။

**မေး – မြန်မာနိုင်ငံမှာ ပြီးဆုံးခဲ့တဲ့ ပညာအရည်အချင်း။**

ဖြေ – ဒုတိယနှစ် MBBS ပါ အစ်ကို။

**မေး – တက်ရောက်ခဲ့တဲ့ ကျောင်းအမည်နဲ့ ဘာသာရပ်။**

ဖြေ – Kaplan Higher Education Academy/ Bachelor of Business Studies ဘာသာရပ်ကို သင်ယူခဲ့ပါတယ် ခင်ဗျာ။

**မေး – ဘာကြောင့် ဒီဘာသာရပ်ကိုရွေးချယ်ခဲ့တာလဲ။**

ဖြေ – Business Management ကိုစိတ်ဝင်စားလို့ပါ။

**မေး – Kaplan ကို ရွေးချယ်ရတဲ့အကြောင်းရင်း။**

ဖြေ – Kaplan ကို ရွေးချယ်ခဲ့တာက အကြောင်းအရင်းအများကြီးရှိပါတယ်။ အဓိကကတော့ အချိန်တို၊ နှစ်တိုတိုနဲ့ Bachelor ဘွဲ့ကို ရနိုင်တာရယ်၊ Singapore ရဲ့ အကောင်းဆုံး Private ကျောင်းတွေထဲမှာ ထိပ်ဆုံးကပါတာရယ်ကြောင့်ပါ။ ဒါ့အပြင် Singapore နိုင်ငံရဲ့ အလုပ်ကိုင်ရှာဖွေရေး website တော်တော်များများကလည်း ထောက်ခံထားတယ်။ Singapore အစိုးရကပေးထားတဲ့ 4years Edu Trust ရထားတာရယ်ကြောင့် ရွေးချယ်ခဲ့တာပါ။ နောက်ပြီး MSI နိုင်ငံခြားပညာရေး ဝန်ဆောင်မှုကလည်း ဒီကျောင်းကို ရွေးချယ်ဖို့ အကောင်းဆုံး အကြံဉာဏ်ပေးခဲ့ပါတယ်။

**မေး – Kaplan နဲ့ ချိတ်ဆက်ထားတဲ့ University တွေထဲကမှ University College Dublin (Ireland) ကို ဘာကြောင့် ရွေးချယ်ခဲ့တာလဲ။**

ဖြေ – UCD ကိုရွေးခဲ့တာကလည်း UCD ရဲ့ သင်ရိုးတွေနဲ့ ဘာသာရပ်တွေကိုကြိုက်လို့ပါ။

**မေး – နိုင်ငံခြားမှာ ကျောင်းမတက်ခင် မြန်မာနိုင်ငံမှာဘယ်လိုတွေ ပြင်ဆင်ခဲ့လဲ။**

ဖြေ – ကျောင်းမတက်ခင်ကတော့ English ပဲ prepare လုပ်ခဲ့တာပါ။

**မေး – Diploma မတက်ခင် Professional Business English Program (PBEP) ကို Kaplan Singapore မှာတက်ခဲ့တဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိခဲ့လဲ။**

ဖြေ – IELTS ကို မြန်မာပြည်မှာ prepare မလုပ်ဘဲ Kaplan ရဲ့ placement test ဝင်ဖြေပြီးတော့ PBEP ကို level 5 ကနေတက်ခဲ့တာပါ။ ကိုယ်ယူတဲ့ ဘာသာက Business ပိုင်းဖြစ်တဲ့အတွက် Business English အသုံးအနှုန်းတွေကို အခြေခံကျကျ လေ့လာခွင့်ရခဲ့ပါတယ်။ နိုင်ငံတကာက classmate တွေနဲ့လည်း ခင်မင်ခွင့်ရခဲ့တဲ့အတွက် culture difference တွေ အဲ့ဒီအချိန်တည်းကလေ့လာခွင့်ရခဲ့ပါတယ်။ အဓိကအနေနဲ့ကတော့ presentation skill ကိုအခြေခံကျကျ သင်ယူခွင့်ရခဲ့ပါတယ်။ အဲဒီကရခဲ့တဲ့အခြေခံကောင်းတွေနဲ့ Diploma နဲ့ Bachelor တန်းတွေမှာ အခက်အခဲမရှိလုပ်ဆောင်နိုင်ခဲ့ပါတယ်။



**မေး – Kaplan Singapore ကျောင်းကို ဘယ်လိုလျှောက်ထားခဲ့တာလဲ။**

ဖြေ – Kaplan ကျောင်းကိုတော့ Myanmar Search International (MSI)ပညာရေး agency မှတစ်ဆင့် လျှောက်ထားခဲ့တာပါ။

**မေး – ကျောင်းတက်နေတဲ့အတောအတွင်း ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းခဲ့လဲ။**

ဖြေ – ကျောင်းတက်နေတဲ့ ကာလမှာတော့ အခက်အခဲ ကြီးကြီးမားမား မရှိခဲ့ပါဘူး။ ကျောင်းမှာလည်း မြန်မာနိုင်ငံသားတွေအတွက် country manager လည်းရှိတော့ အကူအညီတခုခုလိုရင် သူ့ဆီပဲသွားမေးဖြစ်ပါတယ်။

**မေး – နိုင်ငံခြားမှာ ပညာသွားသင်မယ့်ကျောင်းသားတစ်ဦးအနေနဲ့ ဘယ်လိုအခက်အခဲတွေတွေ့နိုင်လဲ။ ဘာတွေကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်လဲ။**

ဖြေ – အဓိကအနေနဲ့တော့ language ကိုပြင်ဆင်စေချင်ပါတယ်။ ပြီးတော့ ကိုယ်သွားမယ့် နိုင်ငံရဲ့ culture ကိုလည်း အရင်လေ့လာထားသင့်တယ်လို့ထင်ပါတယ်။ English Language က Kaplan မှာလဲ သင်လို့ရပြီးအချိန်တိုတိုနဲ့ ထိရောက်ပါတယ်။

**မေး – Kaplan ကနေ ကျောင်းပြီးထားတဲ့ ကျောင်းသားတစ်ယောက်အနေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေက ဘယ်လိုရှိလဲ။**

ဖြေ – Kaplan က Singapore မှာ အသိအမှတ်ပြုတာကြောင့် ကျောင်းပြီးတာနဲ့ Singapore မှာရှိတဲ့ Company တွေမှာ လစာကောင်းတဲ့ ရာထူး၊ အလုပ်အကိုင်၊ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။

**မေး – အခုလုပ်ငန်းခွင်ဝင်နေပြီလား။ လုပ်ငန်းခွင်အတွေ့အကြုံလေး ပြောပြပေးပါ။**

ဖြေ – အခုမြန်မာနိုင်ငံမှာ အလုပ်ဝင်နေပါပြီ။ GenexJnfosys Limited မှာ Assistant Operations Manager ရာထူးနဲ့ပါ။ လစာလဲ အဆင်ပြေပါတယ်။ ကျောင်းမှာတုန်းက Management ပိုင်းကို စာတွေ့ပဲသင်ခဲ့ရပေမယ့် လက်တွေ့မှာလည်း အများကြီးအထောက်အကူပြုပါတယ်။ သင်ခဲ့ရသမျှတွေကိုလက်တွေ့အသုံးချနေရတာပဲဖြစ်ပါတယ်။ အခက်အခဲရယ်လို့တော့ မရှိပါဘူး။ အကုန်အဆင်ပြေပါတယ်။

**မေး – နိုင်ငံခြားမှာ ပညာသွားသင်မယ့်ကျောင်းသား/သူတွေ အတွက် အကြံပြုချက်။**

ဖြေ – နိုင်ငံခြားမှာ ပညာသွားသင်မယ်ဆိုရင် အဓိကစဉ်းစားရမှာ ကိုယ်ဝါသနာပါတဲ့ ဘာသာရပ်ကိုပါ။ ပြီးရင်တော့ ဘယ်ကျောင်းတွေမှာ အဲ့ဒီဘာသာကိုသင်ယူလို့ရမလဲ။ ကြာချိန်နဲ့ school fees တွေစဉ်းစားဖို့လိုပါမယ်။ အဲ့ဒီကျောင်းက ဘယ်လိုအာမခံချက်တွေရှိလဲ၊ ဘယ်လောက်အဆင့်မှာရှိသလဲ၊ ဝင်ခွင့်ကဘာတွေ လိုအပ်မလဲစသည်တို့ကို သေချာလေ့လာပြီးမှ ပြင်ဆင်သင့်ပါတယ်။ အခုလိုကျောင်းရွေးချယ်တဲ့အခါမှာ sales oriented မဟုတ်ဘဲ service oriented ကိုပေးတဲ့ ဝန်ဆောင်မှုကောင်းတဲ့ ပညာရေး agency တွေကိုလည်း ရွေးချယ်တတ်ဖို့လိုပါမယ်။ နိုင်ငံရပ်ခြားမှာပညာ သွားရောက်သင်ယူမယ့် ညီလေးညီမလေးတွေ အဆင်ပြေပြေနဲ့ အောင်မြင်မှုတွေ သိမ်းပိုက်နိုင်ကြပါစေ။

**မေး – နိုင်ငံရပ်ခြားမှာ ပညာသင်မယ်ဆိုရင် ဘယ်လိုကျောင်းမျိုးက တစ်ဆင့် လျှောက်ထားလို့ရမှာလဲ။**

ဖြေ – နိုင်ငံရပ်ခြားမှာ ပညာသင်မယ်ဆိုရင် Myanmar Search International (MSI) နိုင်ငံခြားပညာရေး ဝန်ဆောင်မှုကတစ်ဆင့် အကြံဉာဏ်ယူပြီး လျှောက်ထားနိုင်ပါတယ်။ ဆက်သွယ်ချင်တယ်ဆိုရင်တော့ အမှတ် (၂၃၄)၊ ဒုတိယထပ်(ညာ)၊ ရွှေဘုံသာလမ်း (အလယ်ဘလောက်)၊ ပန်းဘဲ တန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း 01-250929, 09-5103915 , 09-420037616 သို့ လည်း ဆက်သွယ်နိုင်ပါတယ်။

■■■

# ကင်မရာအထူးကောင်းမွန်သော MX 6 ဖုန်းအား မြန်မာနိုင်ငံဈေးကွက်တွင် စတင်ဝယ်ယူနိုင်

MEIZU မှ ၎င်း၏ အဆင့်မြင့် MX-Series များအနက် နောက်ထပ်ထုတ်ကုန်သစ်တစ်ခုဖြစ်တဲ့ MX 6 စမတ်ဖုန်းကို မိတ်ဆက်ဈေးနှုန်း ၃၃၉,၀၀၀ ကျပ်ဖြင့် မြန်မာနိုင်ငံဈေးကွက်သို့ စတင်ဖြန့်ချိလိုက်ပြီဖြစ်ပါတယ်။ MX 6 မှာဆိုရင်တော့ ကင်မရာပိုင်းကို အထူးကောင်းမွန်အောင်ပြုလုပ်ထားတာ တွေ့ရမှာပဲဖြစ်ပါတယ်။ အနောက်ဘက်ကင်မရာကိုတော့ 12 Megapixel ရှိတဲ့ကင်မရာကို တပ်ဆင်ပေးထားပြီး ထူးခြားကောင်းမွန်တဲ့ ဓာတ်ပုံအရည်အသွေးတွေ ရရှိဖို့ Sony IMX 386 CMOS Sensor ကို အသုံးပြုပေးထားတဲ့အတွက် တကယ့်ကို ထူးခြားကောင်းမွန်တဲ့ ပုံရိပ်တွေကို ရရှိမှာပါ။ အလင်းရောင်အားနည်းတဲ့ အချိန်တွေမှာ ဓာတ်ပုံအရည်အသွေးကောင်းမွန်ဖို့အတွက် flash ကို အသုံးပြုမယ်ဆိုရင်တော့ dual-LED (dual tone) flash က အကောင်းမွန်ဆုံးထောက်ပံ့ပေးပါလိမ့်မယ်။ ကင်မရာလုပ်ဆောင်ချက် အပြည့်အဝကောင်းမွန်ရန်အတွက် သီးခြားပြုလုပ်ထားတဲ့ 6 P မှန်ဘီလူးကို တပ်ဆင်ပေးထားပြီး ဆန်းသစ်မှု၊ အဆင့်မြင့်ပုံရိပ်လုပ်ဆောင်ချက်နှင့်အတူ 5.0 Megapixel ရှိ အရှေ့ဘက်ကင်မရာတွင်လည်း အလင်းအားနည်းသည့် အခြေအနေတွေမှာ အကောင်းဆုံး ဓာတ်ပုံရိုက်ကူးနိုင်ရန်အတွင် F/2.0 ရှိတဲ့ အလင်းဝင်ပေါက်ကို တပ်ဆင်ထားပါတယ်။ ဓာတ်ပုံရိုက်ရတာ ဝါသနာပါသူတွေအတွက်တော့ MX 6 စမတ်ဖုန်းက ရွေးချယ်ချင်စရာစမတ်ဖုန်းတစ်လုံးဖြစ်ပါတယ်။ MX 6 စမတ်ဖုန်းကို GSM/ HSPA/ LTE Netwokr တို့မှာ ကောင်းမွန်စွာ အသုံးပြုနိုင်မှာဖြစ်ပြီး Dual SIM (Nano-SIM, dual stand by) အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ MX 6 ဖုန်းရဲ့ ဒီဇိုင်းပိုင်းကိုတော့ ချောမွေ့တဲ့ သတ္တုကိုယ်ထည်ဒီဇိုင်း၊ Margin လိုင်းနှင့်အတူ အင်တာနာများ တိကျပေါင်းစပ်နိုင်တဲ့ 3D နာရီအဖြစ် ပုံသွင်းပြုလုပ်ပေးထားပါတယ်။ မျက်နှာပြင်အရွယ်အစားက 5.5 လက်မရှိပြီး အဆင့်မြင့် ရုပ်ပြင်စွမ်းရည်ကို ခံစားရရှိနိုင်ဖို့အတွက်ကတော့ 1080 x 1920 pixels ကို ထည့်သွင်းအသုံးပြုပေးထားပါတယ်။ Pixel သိပ်သည်းဆကတော့ 403 ppi ပါ။ စွမ်းဆောင်ရည်ကောင်းကောင်းရရှိဖို့အတွက် Mediatek MT 6797Helio x 20 နဲ့ မောင်းနှင်မှာဖြစ်ပြီး App တွေကို ချောမွေ့စွာဆောင်ရွက်နိုင်ရန် 4 GB RAM ကို ထည့်သွင်းပေးထားပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏကတော့ 32 GB ရှိပါတယ်။ MX 6 မှာ ပါဝင်လာတဲ့ Processor ဟာ Deca-core (2x 2.3 GHz Cortex - A72, 4 x 1.9 GHz Cortex -A 53, 4 x 1.4 GHz Cortex - A53) ဖြစ်ပြီး Graphic ကတော့ Mali -T 880 MP4 ကို သုံးနိုင်မှာပဲဖြစ်ပါတယ်။ MX - Series ထွက် စမတ်ဖုန်းတွေထဲမှာတော့ 10- core A72 အခြေခံ CPU သုံးထားတဲ့အတွက် အမြင့်ဆုံးလုပ်ဆောင်ချက်များနဲ့ အမြန်ဆုံးစွမ်းဆောင်နိုင်တဲ့ ပထမဆုံးသော ဖုန်းအမျိုးအစားလည်း ဖြစ်ပါတယ်။ Android OS ကတော့ 6.0 (Marshmallow) ကို သုံးထားပါတယ်။ MX 6 မှာတော့ Battery ပိုင်းမှာလည်း အထူးကောင်းမွန်တာတွေ့ရပါတယ်။ 3060 mAh battery ကို အသုံးပြုထားပြီး 75 မိနစ်အတွင်း ဘက်ထရီအား အပြည့်သွင်းပေးနိုင်တဲ့ သွင်းအား 24 W ရှိတဲ့ m Charge 3.0 အားကို ထည့်သွင်းပေးထားပါတယ်။ ဒါ့အပြင် ဘက်ထရီအသစ်ကို သုံးစွဲမှုအကြိမ်အရေအတွက် ၉၀၀ ကျော်တိုင်အောင် တည်ငြိမ်စွာ စွမ်းဆောင်နိုင်ရန် ပြုလုပ်ထားပါတယ်။ Sensors အနေနဲ့ကတော့ Fingerprint acceterometer , gyro, proximity, compass တွေပါ ဝင်ပါတယ်။ အရောင်အနေနဲ့ ခဲရောင်၊ ငွေရောင်နဲ့ ရွှေရောင် စတဲ့အရောင်သုံးမျိုးကို ရွေးချယ်ဝယ်ယူနိုင်မှာပဲဖြစ်ပါတယ်။



# NetGuide ဆုဒိုခုဂိမ်းပြိုင်ပွဲ အမှတ်စဉ် (၃၁၈)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | 1 | | 5 | | | 9 | |
| | | | 4 | | 9 | | | 1 |
| 5 | 2 | | | | | | | |
| 8 | | | | | | | | 4 |
| | 6 | 7 | | | | 5 | | |
| | | | | 1 | 7 | | | 3 |
| | 5 | | | | 8 | 6 | | |
| | | 8 | 7 | | | | | |
| 2 | | | 6 | | | 3 | | |

ဆုဒိုခုအဖြေလွှာများကို **အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီမှ တနင်္ဂနွေနေ့ နေ့လယ် ၂ နာရီအထိ** နောက်ဆုံးထားပြီး **NetGuide ဂျာနယ်**တိုက်သို့ ပေးပို့ပေးရပါမည်။

၁။ အဖြေမှန်သူ ၁ ဦးတည်းရှိပါက ကုမ္ပဏီများမှပေးအပ်ထားသော အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

၂။ အဖြေမှန်သူ တစ်ဦးထက်ပိုပါက ၃ ဦးကို မဲနှိုက်ရွေးချယ်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

**ဆုဒိုခု ဂိမ်းစည်းမျဉ်းစည်းကမ်းများ**

၁။ အတိုင် (Column) တစ်ခုချင်းစီတွင် "၁" မှ "၉" အထိ ဂဏန်း ၉ လုံးကို မထပ်အောင်ထည့်ရပါမည်။ မည်သည့်အစီအစဉ်နှင့်မဆို ထည့်နိုင်ပါသည်။

၂။ အတန်းများ (Row) တွင်လည်း အထက်ပါအတိုင်း ထည့်သွားရပါမည်။

၃။ အကွက် ၉ ကွက်စီပါသော ဇုန်တစ်ခုချင်းစီအတွင်းတွင်လည်း ဂဏန်း ၉ လုံးကို မထပ်အောင် ထည့်ရပါမည်။

၄။ ဤနည်းအတိုင်း အကွက်အားလုံးကို ကုန်အောင်ဖြည့်စွက်ရပါမည်။

၅။ **SUDOKU ဂျာနယ်မေးခွန်းစာရွက်ဖြင့်သာ ဖြေဆိုရမည်ဖြစ်ပြီး မိတ္တူ (သို့) အီးမေးလ်ဖြင့် ပေးပို့ခြင်းသည်းခံပါ။**

အမည် ..........................................

နေရပ်လိပ်စာ ..........................................

..........................................

မှတ်ပုံတင်နံပါတ် ..........................................

ဖုန်းနံပါတ် ..........................................

အီးမေးလ် ..........................................

**NetGuide IT, Electronic & Communication Journal**
**အမှတ် ၉၆၊ ပထမထပ်၊ ၁၁ လမ်း(ပေါ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

acer | Access Spectrum | AOpen | ASUS | brother at your side | CLiPtec | Ansus | lenovo
GANDAMAR | GIGABYTE | eset | iDEA LiNK | InFocus Bright Ideas Made Brilliant | KING POWER | KSW | SONICGEAR
LTZ Lin Thuzar | ELECOM | ViewSonic | New Place Console Game Sales & Service | ASRock | CyberPower | POWERLOGIC | PISEN
TOSHIBA | TP-LINK | 1.2.3 it | anitech

အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးသော ကုမ္ပဏီများနှင့် အရောင်းဆိုင်များကို အထူးကျေးဇူးတင်ရှိပါသည်။

## NetGuide ဆုဒိုခု အမှတ်စဉ် (၃၁၇) အဖြေမှန်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 1 | 7 | 5 | 9 | 3 | 4 | 8 | 6 | 2 |
| 9 | 4 | 2 | 6 | 8 | 1 | 3 | 7 | 5 |
| 6 | 3 | 8 | 2 | 5 | 7 | 4 | 1 | 9 |
| 8 | 6 | 1 | 4 | 9 | 2 | 5 | 3 | 7 |
| 3 | 9 | 4 | 7 | 1 | 5 | 2 | 8 | 6 |
| 5 | 2 | 7 | 3 | 6 | 8 | 9 | 4 | 1 |
| 2 | 8 | 6 | 1 | 4 | 9 | 7 | 5 | 3 |
| 4 | 1 | 9 | 5 | 7 | 3 | 6 | 2 | 8 |
| 7 | 5 | 3 | 8 | 2 | 6 | 1 | 9 | 4 |

## NetGuide ဆုဒိုခုပြိုင်ပွဲ ပွဲစဉ် (၃၁၇) ဆုရရှိသူများ

| အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
|---|---|---|
| ၁။ ဦးသန့်စင် | ၆/ထဝန (နိုင်) ဝ၆၂၇ဝ၄ | ၁၃၃၆၊ ပြည်ထောင်စုလမ်း၊ ၃၆ရပ်ကွက်၊ မ/ဒဂုံ။ |
| ၂။ မောင်ဆန်းမြင့်ထွန်း | ၅/မမတ (နိုင်) ဝ၈၃၆ဝ၂ | ဒဂုံ၊ ရန်ကုန်။ |
| ၃။ မောင်ကျော်သူရဇော် | ၁၂/မဂတ (နိုင်) ဝ၉၄၇၉၇ | အမှတ် ၁၇၊ ၃၅ လမ်း၊ ဒု-ထပ်၊ ကျောက်တံတားမြို့နယ်။ |

ဆုရရှိသူများကို NetGuide ဂျာနယ်မှ ဖုန်းဆက်အကြောင်းကြားပေးမည်ဖြစ်ပြီး တစ်ပတ်အတွင်း NetGuide ဂျာနယ်သို့ မှတ်ပုံတင်ဖြင့် ဆုလက်ဆောင်များ လာရောက်ထုတ်ယူနိုင်ပါသည်။

## အမှတ်စဉ် (၃၁၆) ဆုရရှိသူများ

အထူးဆု-၁ မောင်မျိုးဝင်းသန်း
NetGuide Keyboard, Citicom Mouse, King Power Mousepad, Idealink Cardreader, KSW Book

အထူးဆု-၂ မောင်လာလ်ကျဲဒိုလျန်
NetGuide Speaker, Viewsonic Mouse, King Power Mousepad, Lin Thu Zar Cardreader, TP Link Pen

အထူးဆု-၃ သက်နိုင်ဦး
NetGuide Headphone, Lin Thu Zar Mouse, Idealink Mousepad, KSW Book, TP Link Pen




CS Cyber Space
LCD,LED,TV Sale & Repair Service
LCD,LED Panel Special Repair Service
LCD TV, LED TV Panel မှန်ချပ် အမျိုးမျိုးကို အထူးအမြန် ပြုပြင်ပေးပါသည်။
ရန်ကုန် ➔ အမှတ် ၁၆၃ ၊ ၃၈လမ်း ( အလယ် ) ကျောက်တံတားမြို့နယ် ။
၀၉၇၃၁၂၀၅၀၄ ၊ ၀၉၇၃၂၁၆၅၃၄
မန္တလေး ➔ တိုက်A ၊ အခန်း ၃၊ လမ်း ၃၀ ၊ ၆၇ x ၆၈ ကြား ၊ ချမ်းအေးသာစံမြို့နယ် ။
၀၉-၄၅၄၉၁၉၉၉၃

NetGuide
IT, Electronics & Communication Journal
Patron
ဦးစွန်ဦး
Chief Executive Officer
ရဲမင်းအောင်
Editor-in-Charge
ဥက္ကာသန်း
Executive Editor
ဖိုးထက် (ဆေး-၂)
Reporter
ပြည့်ဖြိုး၊ တင့်မျိုးသွင်၊ သန့်ထိုက်အောင်
Layout Team
နွေးလယ်လယ်လင်း၊ ဟန်နီထွန်း
နှင်းလယ်လယ်လင်း၊ ကေဇိုင်ဇင်၊ ခိုင်ဇာလွင်
Deputy Marketing Manager
စန္ဒီမင်းမင်းဝေ
Marketing Staff
မေသူအောင်၊ ဆုမွန်သစ်၊ သက်သက်အောင်
Office Staff
ခင်သန့်သန့်၊ ကေသွယ်ဦး၊ စွမ်းထက်နိုင်၊
သက်နွေ၊ ခင်သန္တာစိုး
Distribution
အောင်ခိုင်
Mandalay Officer
သီဟနောင်
Press
U Toe Win (Nay La Yaung Press - 00830)
အမှတ် ၉၃၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Publisher
ဒေါ်ဝင်းမေ (၀၀၉၀၄)
Office
အမှတ် ၉၆၊ ဒုတိယထပ်၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၂၄၇၁၀၊ ၀၉-၇၃၀၃၂၇၂၆
netguidemyanmar@gmail.com, netguideclassified@gmail.com

# Education Guide

FOR BRIGHTER FUTURE OF YOUR EDUCATION

University  Scholarship + Student Life  Education News  Guide Line (Table)

## Data World Computer Training Centre မှ Professional Programming Foundation သင်တန်း တန်းခွဲသစ်များ ဖွင့်လှစ်




JAVA , C#.Net, Database , HTML , CSS စသည့် Programming Language များနှင့် Software များ ရေးသားရာတွင် အသုံးပြုရမည့် OOP Programming Technic များကို အခြေခံမှစ၍ စနစ်တကျလေ့လာပြီးProfessional JAVA/Android, C#.net , PHP Developer ဖြစ်လိုသူ၊ ကွန်ပျူတာတက္ကသိုလ်၊ ရတနာပုံ ဆိုက်ဘာစီးတီးနှင့် HND Foundation (IT) သို့ တက်ရောက်လိုသူများအတွက် ရည်ရွယ်၍ DATA WORLD Computer Training Center မှ Professional Programming Foundation ပုံမှန်နှင့် ရုံးချိန်လွတ်သင်တန်း တန်းခွဲသစ်များကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် Computer Programming, OOP Concept နှင့် OOP Programming Technic များကို သိရှိနားလည်စေရန် JAVA Programming Language ကို သင်ကြားပေးမည်ဖြစ်ပြီး Mobile / Android & Web base Application များ ဖန်တီးရေးသားနိုင်ရန် Web base Technology များ၏ အခြေခံအကျဆုံးဖြစ်သော HTML, CSS ဘာသာရပ်များ၊ Application များရေးသားရာတွင် လျင်မြန်လွယ်ကူသော C#.net Programming Framework, Application ရေးသားရာတွင် လိုအပ်သော data များကို ထည့်သွင်းမှတ်သားနိုင်ရန် Database ဘာသာရပ်နှင့် Computer Principle ကို သိရှိ စေရန် Hardware Knowledge များကို ထည့်သွင်း သင်ကြားပေးမည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက Professional Software developer သင်တန်းများဖြစ်သည့် Java (J2SE/ J2EE), C#(C#.Net/ASP.net C#) , Android နှင့် PHP Developer အတန်းများသို့ ဆက်လက်တက်ရောက်နိုင်ရန် စနစ်ကျသော အခြေခံကောင်းများရရှိမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး Mon to Thu နှင့် Sat-Sun ရုံးချိန်လွတ် တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါကDATA WORLD Computer Training Center, အမှတ် ၁၇၀၊ ၁၇၄ (B)၊ (၃၃/၃၄)လမ်းကြား၊ ဒုတိယထပ်၊အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၉) ဒုတိယထပ်၊ ဗဟိုသီရိလမ်း၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း 09-254065507, 09-33094677 နှင့် 09-73053711 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## The variety of Educational information for this week



### UK တက္ကသိုလ်များမှ ချီးမြှင့်သော ဘွဲ့ဒီဂရီကို ရယူရန် Auston ကျောင်းတွင် လျှောက်ထားနိုင်ပြီ

ယူကေတက္ကသိုလ်များမှ ချီးမြှင့်သော ဘွဲ့ဒီဂရီကို ရယူရန် Auston ကျောင်းတွင် တက်ရောက်လိုသော ကျောင်းသူ/သားများ အောက်တိုဘာ ကျောင်းဖွင့်ချိန်အတွက် လျှောက်ထားနိုင်ပြီဖြစ်ကြောင်းသိရသည်။ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများနှင့် IGCSE အောင်မြင်ထားသူများအနေဖြင့် Auston တွင် Higher Diploma (16) လမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပြီး ABE -HNDပြီးထားသော ကျောင်းသူ/သားများသည် စင်ကာပူတွင် နောက်ဆုံးနှစ်တက်ရောက်ကာ London South Bark University မှ ပေးအပ်မည့် ဘွဲ့ကိုရယူနိုင်မည်ဖြစ်ပါသည်။ အင်ဂျင်နီယာဘွဲ့ရရှိထားပြီးဘွဲ့လွန်ဆက်လက်တက်ရောက်လိုပါက ၎င်းဘာသာရပ်နှင့်ဆက်နွယ်သော Master Deree များကို တက်ရောက်နိုင်မည်ဖြစ်ပြီး အသေးစိတ်ထပ်မံသိရှိလိုပါက 09-5151008 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### Strategy First Institute မှ Marketing Management သင်တန်း စက်တင်ဘာ (၂၄) တွင် ဖွင့်လှစ်မည်

ဆရာကြီး ဒေါက်တာစိန်မင်း Ph.D (Marketing) Passou, Germany နှင့် ဆရာဦးအောင်ချစ်ခင် (MBA Nottingham),Dip MPG Dip M (CIM) တို့ သင်ကြားမည့် Institute of Commerical Management (UK) မှပေးအပ်သော ICM Single Subject Diploma in Marketing Management သင်တန်းကို စက်တင်ဘာလ(၂၄) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် သင်ကြားမည့် ခေါင်းစဉ်များအနေဖြင့် Marketing in Organization & Society /Marketing Process & Planning/ Marketing Information Systems & Research/ Marketing Environment/ Consumer Markets & Buyer Behaviour/ Organisational Buying Behaviour/ Measuring & Farecasting Market Demand/ Market Segmentation/ Selecting Target Markets / Differentiating & Positsoning /Developing New Products & Services/ Product life Cycle/Methods of International Market Entry/ Product lines, Brands & Packaging/ Service Business & Ancillary Services/ Pricing , Strategies & Programmes, Marketing Channels/ Retailing & Wholesaing/ Intergrated Marketing Communication Mix/ Effective Advertising Programmes/ Direct Marketing , Sales Promotion/ Public Relations Programmes/ Managing the Sales Force/ Implemanting Marketing Programmes စသည်တို့ကို သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက Strateg First Institate ဖုန်း 09-250717166 ~ 68 နှင့် 01-539132 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။



### SMVTI ကျောင်းနှင့် Work.com.mm ပူးပေါင်း၍ CV သင်တန်းပေးခြင်းများ ပြုလုပ်မည်

စက်တင်ဘာလ (၉)ရက်နေ့တွင် SMVTI ကျောင်းနှင့် Work.com.mm ပူးပေါင်းရန် အဆိုပါကျောင်းတွင် တက်ရောက်နေသော School of Hospitality and Tourism နှင့် School of Engineering မှ နောက်ဆုံးနှစ်ကျောင်းသူကျောင်းသားများအတွက် ရည်ရွယ်၍ အလုပ်အကိုင်နှင့် ပတ်သက်သည့် သင်တန်းပေးခြင်းများအား အပိုင်း (၃)ပိုင်းခွဲ၍ ပြုလုပ်ပေးမည်ဖြစ်သည်။ နောက်ဆုံးနှစ်ကျောင်းသားများကို သင်ကြားပေးမည့်အပိုင်း(၃)ပိုင်းမှာ အလုပ်လျှောက်လွှာရေးသားနည်းများ၊ အင်တာဗျူးများအား အကောင်းဆုံးဖြေဆိုနိုင်မည့်နည်းလမ်းကောင်းများ၊ အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေးဝက်ဆိုက်များပေါ်မှ အလုပ်အကိုင်အခွင့်အလမ်းများအားရှာဖွေနည်းများကိုအသေးစိတ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

### Diploma in Business English(IQN-UK) သင်တန်း ဖွင့်လှစ်တော့မည်

UK အစိုးရအသိအမှတ်ပြု SCQF ရရှိထားသော IQN ၏ စီးပွားရေးဆိုင်ရာ အင်္ဂလိပ်စာ ဒီပလိုမာသင်တန်းကို September (10) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းကို နိုင်ငံတကာ ကုမ္ပဏီများတွင် စီးပွားရေးဆိုင်ရာအင်္ဂလိပ်စာကို အဆင့်မြင့်မြင့် အသုံးချလိုသူများ၊ နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးဆိုင်ရာ အင်္ဂလိပ်စာ ဒီပလိုမာအချိန်တိုအတွင်း ရယူလိုသူများနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး စီးပွားရေးဆိုင်ရာ အင်္ဂလိပ်စာကို အခြေခံမှစ၍အဆင့်မြင့်မြင့်လေ့လာလိုသူများ တက်ရောက်သင့်ကြောင်းသိရသည်။ Diploma in Business English (IQN, UK) တွင် သင်ကြားမည့်အကြောင်းအရာများအနေဖြင့် English Speaking, Listening, Writing, Reading & Grammer စသည်တို့ကို သင်ကြားရမည်ဖြစ်ကြောင်းသိရသည်။ ၎င်းသင်တန်းကို တက်ရောက်သူများအနေဖြင့် ကျပ်(၃၈၀,၀၀၀) ရှိသောနိုင်ငံတကာအသိအမှတ်ပြု မဟာဗျူဟာစီးပွားရေးစီမံခန့်ခွဲမှု ကျွမ်းကျင်အဆင့်မြင့်လက်မှတ် Certified Strategic Manger သင်တန်းကို အခမဲ့တက်ရောက်နိုင်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါကMIBA ဖုန်း 09-420100712, 09-964785999 နှင့် 09-252228889 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# Queen's University Belfast






## Overview

UK နိုင်ငံ Belfast မြို့တွင် တည်ရှိသော Queen's University Belfast (QUB) သည် UK နိုင်ငံ၏ ထိပ်တန်းဝင်တက္ကသိုလ်ဖြစ်ပြီး UK နိုင်ငံရှိ သုတေသန အမြင့်ဆုံးတက္ကသိုလ်များကို ဖွဲ့စည်းထားသည့် Rusell Group တွင် ပါဝင်သည့် ကမ္ဘာ့အထင်ကရတက္ကသိုလ်ကြီးဖြစ်သည်။ Ninth Oldest University in the UK ဖြစ်သော Queen's University Belfast ကို ၈၄၅ ခုနှစ်က ဗိတိုရိယဘုရင်မကြီးကိုယ်တိုင် တည်ထောင်ခဲ့သည်။ Belfast မြို့သည် United Nations မှ Second Safest City in the World အဖြစ် အသိအမှတ်ပြုခြင်း ခံထားရသည့်အပြင် UK နိုင်ငံတွင် နေထိုင်စားသောက် စရိတ်အတွက် အကုန်အကျအနည်းဆုံးမြို့အဖြစ် British Council မှ အသိအမှတ်ပြုခံထားရသောမြို့လည်းဖြစ်သည်။

Queen's University Belfast တွင် စာသင်ဆောင်၊ လက်တွေ့စမ်းသပ်ခန်းများ၊ ခေတ်နှင့်အညီပစ္စည်းကိရိယာများ၊ Computer များကို ကျောင်းသူကျောင်းသားများ သေချာစွာတတ်ကျွမ်းအောင် သင်ယူနိုင်ရန်အတွက် ပြင်ဆင်ပေးထားကြောင်းလည်း သိရှိရသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများသည် စာတွေ့သာမက လက်တွေ့ကိုပါ ကျွမ်းကျင်စွာ လေ့လာနိုင်ကြမည် ဖြစ်ပါသည်။ Queen's University Belfast သည် Times Higher Education မှ ပေးအပ်သည့် Outstanding Engineering Research Team of the Year ဆုကို ၂၀၁၀ ခုနှစ်က ရရှိခဲ့သည်။ သင်ကြားရေးပိုင်းဆိုင်ရာတွင်လည်း National Assessment of Teaching Quality ၏ စစ်ဆေးချက်အရ Excellence in Teaching အဖြစ် အသိအမှတ်ပြုထားခြင်းခံရပြီး Research Assessment Exercise (RAE) အရ UK တွင် Ranked 8th ဖြစ်ကြောင်း သိရှိရသည်။

ဤကဲ့သို့ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သော Queen's University Belfast တွင် Engineering နှင့် Business ဆိုင်ရာ ဘာသာရပ်များကို HND, ABE, NCC Diploma ရရှိထားသူများ၊ BEng/MEng Civil Engineering, BEng/MEng Computer Science, BSc Computing and Information Technology, BEng/MEng Electrical and Electronic Engineering, BEng/MEng Software Engineering, BEng/MEng Software and Eleectronic Systems Engineering, BEng/MEng Aerospace Engineering, BEng/MEng Mechanical Engineering, BSc (Hons) Business Economics, BSc (Hons) Business Management, BSc (Hons) Economics, BSc (Hons) Economics with Finance & BSc (Hons) Finance အစရှိသည့် ဘာသာရပ်များကို ပထမနှစ်မှ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသူကျောင်းသားများကို လုပ်ငန်းအတွေ့အကြုံကိုရရှိစေရန် One Year Paid Internship Program များလည်း စီစဉ်ပေးထားကြောင်း သိရှိရသည်။ ၎င်း Program ကို Sandwich Program ဟုလည်း ခေါ်ဆိုကြောင်း သိရသည်။ Sandwich Program သည် တက္ကသိုလ်၏ ဒုတိယနှစ်ကို အောင်မြင်ပြီးပါက တတိယနှစ်တစ်နှစ်လုံးတွင် လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်၍ စတုတ္ထနှစ်တွင် ကျောင်းသို့ ပြန်လည်တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ဖြစ်သော Queen's University Belfast တွင် Engineering နှင့် Business ဆိုင်ရာဘာသာရပ်များကို တက်ရောက်ရန် မြန်မာနိုင်ငံမှ ကျောင်းသူကျောင်းသားများကို ကျောင်းဝင်ခွင့်အတွက် အင်္ဂလိပ်စာဝင်ခွင့်သတ်မှတ်ချက်မှာ IELTS (5.5) နှင့် အထက် ရရှိရမည်ဖြစ်ကြောင်း သိရသည်။ Queen's University Belfast ၏ ကျောင်းဖွင့်ချိန်များမှာ နှစ်စဉ် ဇန်နဝါရီလနှင့် စက်တင်ဘာလတို့ဖြစ်ပြီး ကျောင်းလျှောက်ထားလိုသူများသည် Regent Consultancy Services Co., Ltd မှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

Website : www.qub.ac.uk

Facebook : www.facebook.com/QueensUniversityBelfast

**Regent Consultancy Services Co., Ltd.**
အမှတ် (R-2)၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ (၂) လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-530564, 09-5019870, 09-73205333

# School D' Hospitality Institute (SDH)







## Overview

School D' Hospitality Institute (SDH) သည် စင်ကာပူနိုင်ငံတွင် တည်ရှိပြီး စီးပွားရေးနှင့်ဟိုတယ်လုပ်ငန်းဆိုင်ရာပညာရပ်ကို အဓိကထား၍ သင်ကြားပို့ချပေးသော တက္ကသိုလ်တစ်ခုဖြစ်သည်။ SDH သည် Hospitality, Leisure နှင့် Tourism Studies ဘာသာရပ်များကို အဆင့်မြင့်ပညာရပ်များအဖြစ် Certificate မှအစ Master Degree အဆင့်အထိ ပေးအပ်ချီးမြှင့်လျက်ရှိကြောင်းသိရသည်။ SDH သည် ကောင်းမွန်သည့်စွမ်းဆောင်ရည်များကိုအားပြု၍ လုပ်ငန်းခွင်ဆက်စပ် အဆင့်မြင့်ပညာရေးများကို ကမ္ဘာ့အဆင့်မီဟိုတယ်နှင့် ခရီးသွားဆိုင်ရာအလုပ်အကိုင်များအတွက် နိုင်ငံတကာမှ ကျောင်းသားကျောင်းသူများကို မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

School D' Hospitality Institute ၏ စီမံခန့်ခွဲမှုစနစ်အပေါ် မူတည်၍ ISO9001:2008 ရရှိထားပြီး စင်ကာပူနိုင်ငံပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော EduTrust Certificate ကို ၂၀၁၁ ခုနှစ်မှစတင်ကာ (၄) နှစ်ဆက်တိုက် ရရှိထားသောတက္ကသိုလ်တစ်ခုလည်း ဖြစ်သည်။ SDH Institute သည် စင်ကာပူနိုင်ငံ၏ အဆင့်မြင့်ပညာရေး ထောက်ပံ့မှုပေးနိုင်သော တက္ကသိုလ်တစ်ခုအဖြစ် အသိအမှတ်ပြုခြင်းကို ခံခဲ့ရကြောင်းသိရသည်။ United Kingdom ရှိ Business Executives အသင်းအဖွဲ့နှင့် စင်ကာပူနိုင်ငံရှိ အလုပ်သမားအင်အား မြှင့်တင်ရေးကိုယ်စားလှယ်အဖွဲ့အစည်းတို့၏ အသိအမှတ်ပြုခြင်းခံရသော ပညာရေးစင်တာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

School D' Hospitality Institute သည် ကျောင်းသားကျောင်းသူများထံသို့ ထူးခြားကောင်းမွန်သော ပညာရေးဝန်ဆောင်မှုများနှင့် နည်းစနစ်များ ထောက်ပံ့ပေးနိုင်ခြင်းမှာ (၄) နှစ်ဆက် EduTrust Certificate ကိုရရှိခြင်း၏ သက်သေပင်ဖြစ်သည်။ SDH တွင် ပြင်သစ်၊ ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများအပြင် နိုင်ငံပေါင်း (၂၀) ကျော်မှ ကျောင်းသားကျောင်းသူများ တက်ရောက်ဆည်းပူးလျက်ရှိသော တက္ကသိုလ်တစ်ခုဖြစ်ကြောင်းသိရသည်။ SDH Institute တွင် သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များမှာ – International Hotel Management, Hospitality and Tourism Management နှင့် Business Management တို့ကို သင်ကြားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

School D' Hospitality Institute မှ အသိအမှတ်ပြုပေးအပ်သော Advanced Diploma in Hospitality and Tourism Management ကို မြန်မာနိုင်ငံရှိ Temasek International College တွင် (၁၅) လ တက်ရောက်သင်ယူနိုင်မည်ဖြစ်ပြီး ရက်သတ္တပတ် (၂) ပတ်ကြာ စင်ကာပူနိုင်ငံရှိ SDH သို့ Fiedl Study Trip သွားရောက်၍ လေ့လာဆည်းပူးနိုင်ကြောင်းလည်း သိရသည်။ ဆက်လက်၍ ပြင်သစ်နိုင်ငံ VATEL International Business School မှ ပေးအပ်ချီးမြှင့်သော Bachelor Degree in International Hotel Management ကို စင်ကာပူနိုင်ငံရှိ SDH Institute တွင် ပညာသင်ကြားချိန် (၈) လနှင့် အလုပ်သင်အဖြစ် (၆) လကြာ စင်ကာပူနိုင်ငံရှိ အဆင့်မြင့်ဟိုတယ်ကြီးများတွင် ဆက်လက်၍ လေ့လာဆည်းပူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာပညာရပ်များနှင့် ပတ်သက်၍ အသက်မွေးဝမ်းကျောင်း ပြုလုပ်လိုသူများအနေဖြင့် စိတ်ပါဝင်စားပါက ရန်ကုန်မြို့ရှိ Temasek International College တွင် စုံစမ်းမေးမြန်းလျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

Website : www.sdh.edu.sg/

**Temasek International College**
No.(S-9), U Chit Maung Housing, Tarmwe Township, Yangon.
Ph : 01-553897, 09-250793994, 09-260001828

NETGUIDE'S SPECIAL

# Electronic Guide

Audio Collection    Electronic Collection    Electronic Gadgets & Prices

OUR SELECTED MARKET COLLECTIONS



## Samsung 55" FHD CURVED SMART TV
## Model No. UA55K6300 (2016 New)

1,200,000/- (ယခင်)
1,150,000/- (ယခု)

SAMSUNG အမှတ်တံဆိပ် ၂၀၁၆ ခုနှစ်ထုတ် (K SERIES) မှန်ကွေးအမျိုးအစား CURVED SMART LED TV ဖြစ်ပါတယ်။ PICTURE ENGINE မှာ HYPER REAL ENGINE ကို အသုံးပြုထားပြီး၊ PICTURE QUALITY INDEX (PQI) – 800 အမျိုးအစားဖြစ်ပါတယ်။ မြန်နှုန်းမြင့် POWERFUL QUAD CORE PROCESSOR ပါရှိသောကြောင့် ဖျော်ဖြေရေး ENTERTAINMENT တွေမှာ စွမ်းဆောင်ရည်မြင့်မားစေမှာဖြစ်ပါတယ်။ WIRELESS LAN BUILT IN ပါရှိပြီး၊ SMART INTERNET TV ဖြစ်သောကြောင့် အင်တာနက် (FACEBOOK, YOUTUBE, SKYPE) အစရှိသည့်တို့ကို အသုံးပြုနိုင်ပါတယ်။ WI-FI DIRECT ပါရှိသောကြောင့် သင့်လက်ကိုင်ဖုန်းမှ MOVIES, MUSIC, PHOTO, GAME များကို TV ပေါ်သို့ ပို့ယူကြည့်ရှုနိုင်သော အဆင့်မြင့်နည်းပညာပါ ရှိပါတယ်။ ဒါ့အပြင် အခန်းတွင်း အသံပြေးပတ်လည်စနစ် DOLBY DIGITAL PLUS / SOUND OUTPUT : 20W (RMS) ဖြင့် တည်ဆောက်ထားသောကြောင့် အိမ်တွင်းရုပ်ရှင်ရုံသဖွယ် နားဆင်ခံစားနိုင်ပါတယ်။ အခမဲ့ရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုရန် DIGITAL TUNER (DVB-T2) ပါရှိပြီး HDMI X 3 INPUTS / USB X 2 INPUTS ပါရှိပါတယ်။

Multi Generation ELectronics Wholesales Centre | 09 73240123

# The best we've tested Mobiles, Electronics gear, Gadgets, Computer & more



## Skywrothe 32" / 40" / 55" Full HD Monitor TV
## Model No. 32E2000 / 40E2000 / 55E2000

200,000/- (32")
280,000/- (40")
500,000/- (55")

ဈေးကွက်အတွင်း ဝင်ရောက်လာသော SKYWORTH အမှတ်တံဆိပ် ၂၀၁၆ ခုနှစ်ထုတ် MONITOR LED FLAT TV အမျိုးအစားဖြစ်ပါတယ်။ LOUD SOUND SYSTEM (6W + 6W) SPEAKER (၂)လုံးကို အသုံးပြုထားပြီး၊ ရုပ်ထွက်အထူးကောင်းမွန်သော CLEAR MOTION ပါရှိပါတယ်။ DYNAMIC CONTRAST အမျိုးအစားဖြစ်ပြီး၊ MEDIA FORMAT (MUSIC, PICTURE, VIDEO) အသုံးပြုနိုင်သောကြောင့် သုံးစွဲသူတွေ အကြိုက်တွေ့စေမှာဖြစ်ပါတယ်။ အခမဲ့ရုပ်သံလိုင်းများကိုဖမ်းယူကြည့်ရှုရန် DIGITAL TUNER (DVB-T2) ပါရှိပါတယ်။ ဒါ့အပြင်ကွန်ပျူတာနဲ့ တွဲဖက်အသုံးပြုနိုင်ရန် VGA / HDMI X 2 INPUT ပါရှိပါတယ်။ ထူးခြားချက်မှာရုပ်သံလိုင်းများကို MEMORY STICK ဖြင့် ကူးယူကြည့်ရှုရန် PVR RECORDING ပါရှိပါတယ်။

Multi Generation ELectronics Wholesales Centre | 09 73240123



## LG 55" Full HD Slim LED TV
## Model No. 55LX341 (New Model)

600,000/-

ဈေးကွက်အတွင်း ဝင်ရောက်လာသော LG အမှတ်တံဆိပ် ၂၀၁၆ ခုနှစ်ထုတ် (၅၅)လက်မအရွယ်အစား FULL HD (1920 X 1080) SLIM LED TV ဖြစ်ပါတယ်။ TRIPLE XD ENGINE အမျိုးအစားဖြစ်သောကြောင့် ရုပ်ထွက်ကောင်းမွန်ပြီး၊ USB X 2 INPUTS ပါရှိတဲ့အပြင် (MOVIES, MUSIC, PHOTO) အသုံးပြုနိုင်သောကြောင့် သုံးစွဲသူတွေ အကြိုက်တွေ့စေမှာပါ။ 2.0CH SPEAKER ပါရှိပြီး AUDIO OUTPUT 10W အမျိုးစားဖြစ်သောကြောင့် အသံထွက်ကောင်းမွန်ပါတယ်။ အခမဲ့ ရုပ်သံလိုင်း (၂၀)ကျော်ကိုဖမ်းယူကြည့်ရှုနိုင်တဲ့ DIGITAL TUNER FUNCTION (DVB-T2) ပါရှိပါတယ်။ ဒါ့အပြင် ကွန်ပျူတာနဲ့တွဲဖက် အသုံးပြုရန် VGA X 1 / HDMI X 2 INPUTS ပါရှိပြီး ထိုင်းနိုင်ငံထုတ် အမျိုးအစားဖြစ်ပါတယ်။

Multi Generation ELectronics Wholesales Centre | 09 73240123



## LG 43" Full HD Slim LED Flat TV
## Model No. 43LH540 (New Model)

360,000/-

FHD RESOLUTION (1920 X 1080) အမျိုးအစားဖြစ်ပြီး 2.0 CH SPEAKER SYSTEM ပါရှိသောကြောင့် အသံထွက်ကောင်းမွန်ပါတယ်။ SMART ENERGY SAVING ပါရှိသောကြောင့် မီးအားစား အထူးသက်သာပါတယ်။ USB PLAYBACK ပါရှိသောကြောင့် VIDEO, MUSIC, PHOTO အစရှိသည့်များကို အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် အခမဲ့ရုပ်သံလိုင်းကို ဖမ်းယူကြည့်ရှုနိုင်သော DIGITAL TUNER FUNCTION (DVB-T2) ပါရှိပါ တယ်။METALLIC DESIGN ဖြင့်တည်ဆောက်ထားပြီး HDMI X 2 INPUTS ပါရှိပါတယ်။

Multi Generation ELectronics Wholesales Centre | 09 73240123



## Hitachi Refrigerator
## Model No. R-V400PG3

539,000/- (3% Discound)

Japan နည်းပညာနှင့် Thailand နိုင်ငံထုတ် နာမည်ကြီး Hitachi R-V400PG3 Model ရေခဲသေတ္တာ အမျိုးအစားဖြစ်ပြီး အအေးနှုန်းကို စက်မှလိုအပ်သလို ထိန်းချုပ်၍ ထုတ်လွှင့်ပေးခြင်းကြောင့် အအေးနှုန်းမြန်ဆန်စေပါတယ်။ Inverter X Dual Fan နည်းပညာကြောင့် စွမ်းအင်လေလွှင့်မှုလုံးဝမရှိဘဲ ထိပ်တန်းအဆင့် စွမ်းအင်ချွေတာနိုင်ပါတယ်။ Inverter Compressor မှ ထုတ်လွှတ်လိုက်သော လေအေးများကို Dual Fan မှ သက်ဆိုင်ရာအခန်းတိုင်းသို့ ပြည့်ဝစွာ ဖြန့်ဖြူးနိုင်ခြင်းကြောင့် ပြင်ပအပူချိန် 60°C ရှိသော်လည်း ရေခဲသေတ္တာအတွင်း အအေးနှုန်း လျော့သွားခြင်းမရှိဘဲ မီးပျက်သွားလျှင်လည်း Freezer ခန်းအတွင်း အအေးချိန်ကို ၁၂ နာရီကြာအောင် ထိန်းသိမ်းပေးထားနိုင်ပါတယ်။

Hitachi Showroom (Ahlone) | 01-2301267, 09 - 43153424



## Hitachi Semi Auto Washing Machine
## Model No. PS - 70KJ

249,000/- (3% Discount)

Japan နည်းပညာနှင့် Thailand နိုင်ငံထုတ် နာမည်ကြီး Hitachi PS-70KJ Model အဝတ်လျှော်စက်အမျိုးအစားဖြစ်ပါတယ်။ ဝင်ဆံ့သောပမာဏ 7 Kg ဝင်ဆံ့ပြီးအတွင်းကန်ကို ပလပ်စတစ်ဖြင့် ပြုလုပ်ထားပါတယ်။ သံချေးမတက်နိုင်သော ပလပ်စတစ်ကန် ၂ ကန်ပါဝင်ပြီး သီးခြားစီ တစ်ပြိုင်နက်တည်း လျှော်တာရော၊ ညှစ်တာပါပြုလုပ်နိုင်တဲ့အပြင် Air Jet Dry Function ပါသောကြောင့် အဝတ်ကိုတစ်ခါတည်း ခြောက်လုနီးပါးဖြစ်စေပါတယ်။

Hitachi Showroom (Ahlone) | 01-2301267, 09 - 43153424

Ks 323,000



### 1. Hisense 40" LED TV
Model : H40M2100S

- Screen Size Diagonal : 40" / 102cm
- Resolution : 1920×1080 Full Hd
- Screen Format : 16 : 9
- Frequency : 100Hz
- TV Tuner : DVB-T2, DVB-S2, DVB-C
- Inputs : HDMI

Phone : 01-212134, 227930(Hisense Showroom)

Ks 534,000



### 2. Hisense 50" (126cm) FHD LED LCD Smart TV
Model : 50K3110PW

- Installation : Wall-Mounted TV Installation
- Screen Size : 50"
- Screen Resolution : Full High Definition
- HDMI Input / USB Input : 2
- Width / Height / Depth : 1120 / 686 / 241(mm)

Phone : 01-212134, 227930(Hisense Showroom)

Ks 1,223,000



### 3. Hisense 55" Curved ULED Smart TV
Model : 55K760UW

- Smart TV with Built-in Wi-Fi
- 4 HDMI Allows Multiple HD Connections
- D-LED Technology
- High Contrast Ratio for "Blacker" Blacks & Brighter Colors
- Crisp 3840×2160 resolution

Phone : 01-212134, 227930(Hisense Showroom)

Ks 178,000



### 4. Hisense Fully Auto Washing Machine
Model : WTCT701G

- Power : 220-240V~/50Hz
- Rated Washing Capacity : 7.0kg
- Rated Washing Capacity : 7.0kg
- Rated Input Power : 420W

Phone : 01-212134, 227930 Hisense Showroom

Ks 156,000



### 5. Hisense Semi Auto Washing Machine
Model : XPB100 - SXD14

- Classical Design
- Spin - dry shower
- Water inlet selector
- Lint filter / Washer type
- Dimensions : 940 x 540 x 150 (mm)

Phone : 212134, 227930 (Hisense Showroom)

# ELECTRONIC COLLECTION

### 1. BEKO Microwave Oven
Model : MWB 3010 EX

- Main Cavity Capacity : 30 Litre
- Maximum Microwave Pwer (W) : 900
- Grill Power (W) : 1200
- Mcirowave oven with grill and fan heating
- Main Caity : Defrost
- Main Cavity : Grill Type
- Dimension : 30 x 52 x 53 (cm)



Phone : 09-977109871, 09-778948323 (BEKO Showroom)

≃ Ks 800,000

### 2. BEKO Hoods
Model : CTB 9250 XH

- Product Group : Telescopic > 90 cm
- Maxmim Ventialation Capacity : 420.0 M3/HR
- No. of Power Levels : 3
- Maximum noise level : 69.0 dBA
- Mechanical Control : Slider Switch
- Type of Lighting : Halogen
- Type of grease filters : Metal - Casette



Phone : 09-977109871, 09-778948323 (BEKO Showroom)

≃Ks 310,000

### 3. BEKO Refrigerator
Model : ASL141S

- Display on Door
- Electronic Display
- Antibacterial Gasket
- Antibacterial odour filter
- Fast Freeze, Fast Cool, Eco Cool
- Eco Fuzzy Function
- LED illumination g on side Walls
- Rating Plate Fresh Food Compartment Net



Phone : 09-977109871, 09-778948323 (BEKO Showroom)

≃Ks 1,299,000

### 4. BEKO Washing Machine
Model : WDA 105614

- 10.5 Kg washing / 6 kg drying
- Capacity : 1400 rpm, inverter
- LCD display, white body
- Special programs : wash & wear
- Baby Protect, aquasafe
- Air dry condensation technology
- Time delay, Woolmark Apperal Care (silver)
- 3 Ticks Water



Phone : 09-977109871, 09-778948323 (BEKO Showroom)

≃Ks 1,499,000

### 5. BEKO Oven
Model : OIE 22300X

- Fan Assisted Cooking
- 6 Functions
- 3D Cooking : No
- Microwave Assisted cooking : No
- Booster : Yes
- Defrost : Yes
- Grill Type : Electric Grill
- Heat Source : Electrical
- Dimension : 56.7 x 59.4 x 59.5 (cm)



Phone : 09-977109871, 09-778948323 (BEKO Showroom)

≃Ks 599,000

### 6. BEKO Refrigeratoer
Model : WSA 29000

- 292 Lt , Static Cooler
- Daily Energy Consumption at 25°C
- Fresh food compartment
- Noise Lvel (dbA) 45
- Product Door Type Single Door
- Control System Meachanic
- Annual Energy Consumption at 25°C (kwh/year) 912
- Antibaceial Gasket : Yes



Phone : 09-977109871, 09-778948323 (BEKO Showroom)

≃Ks 530,000

Ks 434,000



### 6. Hisense Beverage Cooler
Model : FL-51WC4HAA

- Update Appearance Design
- Reliable intensity foam treatment
- Double Hollow Glass
- Finned evaporator + evaporator fan motor
- Steel Wire condenser fan motor
- Dual-usage light deisgn with lock

Phone : 01-212134, 227930 (Hisense Showroom)

Ks 888,000



### 8. Hisense BEVERAGE Cooler
Model : FL - 99WC4HS

- Capacity : 758L
- Dimensions : 1010 x 710 x 2060 (mm)
- Net Weight : 158Kg
- Mechanical Thermostad
- Auto Defrost System

Phone : 01-212134, 227930 (Hisense Showroom)

Ks 119,000 (3% Discount)



### 10. Hitachi Rice Cooker
Model : RZ-XMC18Y

- Luxury 1.8 Litre (Fuzzy control)
- Convection & Japanese Rice Cooking
- Slow cook & porridge timer
- Thicker special black inner pot 1.5 mm
- Poly flon coat
- Rapid cooking

Phone : 01 - 2301267, 09 43153424 (Hitachi Showroom Ahlone)

Ks 129,000 (3% Discount)



### 12. Hitachi Rice Cooker
Model : RZ - DMD18Y

- Capacity : 1.8 L
- Microcomputer Controlled Heating
- High Power cooking : 1000W
- Rapid Eco
- Extra - Big Super Steam Cap
- 5 Layer Thick black pot with convection ridges

Phone : 01 - 2301267, 09 43153424 (Hitachi Showroom Ahlone)

Ks 74,000 (3% Discount)



### 14. Hitachi Vacuum Cleaner
Model : CV-BM16

- Powerful 1600 Motor
- 1.5 Liters Big Dust capacity
- Tool storage
- Automatic cord Rewind
- Filters selectable

Phone : 01 - 2301267, 09 43153424 (Hitachi Showroom Ahlone)

Ks 93,000 (3% Discount)



### 7. Hitachi Vacuum Cleaner
Model : CV -W1600

- Powefful 1600 (Max.) Motor
- 5 Liters Big Dust capacity
- Cloth Filter
- Plastic Pipe
- Tool storage space
- Blower Function

Phone : 01 - 2301267, 09 43153424 (Hitachi Showroom Ahlone)

Ks 156,000 (3% Discount)



### 9. Hitachi Vacuum Cleaner
Model : CV-SH20V

- Powerful 2000W (Max.)
- Motor Speed - 39500 rpm v
- Cyclone type, Telescopic Extension Pipe
- Nano Titanium Deodorizing Filter
- 7 Stage Filtration Using HEPA Clean Filter
- Tool holder blower function, Dust case

Phone : 01 - 2301267, 09 43153424 (Hitachi Showroom Ahlone)

Ks 167,000 (5% Discount)



### 11. Hitachi Vacuum Cleaner
Model : CV - 950Y

- Powerful 2000W (Max) Motor, Pail Can Type
- Extra Large 21 Liters dust capacity with dust indicator
- Strong metal body
- Cloth Filter
- On board tool storage / - Blower Function

Phone : 01 - 2301267, 09 43153424 (Hitachi Showroom Ahlone)

≃Ks 610,000



### 13. BEKO Air Con
Model: BAC 180/BAC 181

- Noise Level Db(A) (IU) : 43 (Indoor)
- Noise Level Db (A) (/OU) : 56 (Outdoor)
- 18000 Btu/h Wall Mounted Split
- Compressor Warranty - 5 Year

Phone : 09-977109871, 09-778948323 (BEKO Showroom)

≃Ks 375,000



### 15. BEKO Washing Machine
Model : WTL 10019 W

- Program (1) : Blanket
- Program (2) : Eco
- Program (3) : Standard
- Program (4) : Fuzzy
- Program (5) : Heavy

Phone : 09-977109871, 09-778948323 (BEKO Showroom)


လည်ချောင်းနာကင်းပြီး ကြည်လင်ပြတ်သားသောအသံအတွက်
ဒီဂျရော ငုံဆေးပြား
DEGIROL®
LOZENGES
ရှိုးပွဲသွားဆိုရင်ပဲဖြစ်ဖြစ် . . .
အပြင်ပဲသွားသွား အိမ်မှာပဲနေနေ ကျွန်တော်ကတော့
ဒီဂျရော ငုံဆေးပြားကို အမြဲဆောင်ထားလို့
လည်ချောင်းနာမှာ . . . အသံဝင်မှာတွေအတွက်
လုံးဝစိတ်ပူစရာမလိုတော့ပါဘူး . . .
Lemon Flavor
DEGIROL®
dequalinium chloride 0.25 mg
LEMON FLAVOR
For mouth inflammation and sore throat
UNITED PHARMA
Serving Your Healthcare Needs

## အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ




### The Witcher 3 GOTY Edition

နာမည်ကြီး Action RPG ဂိမ်း၏ expansion များအားလုံး ပါဝင်သော GOTY version သစ်ဖြစ်သည်။




### Titan Quest Anniversary Edition

Titan Quest Anniversary Edition ဟာ Diablo ကဲ့သို့ Action RPG နှစ်သက်သူများ အကြိုက်တွေ့မည့်ဂိမ်းဖြစ်သည်။




### Seasons After Fall

Seasons after Fall ဟာ graphics ပိုင်းလှပသော 2D platfroming ဂိမ်းအမျိုးအစားဖြစ်သည်။




### Farm Expert 2017

Farm Expert 2017 ဟာ လယ်လုပ်ငန်းများကို သဘာဝကျကျ ကစားရမည့် Simulation ဂိမ်းသစ်ဖြစ်သည်။

GAME HIVE

ဖုန်း – ၀၉-၇၃၁၁၈၅၅၀၊ ၀၉-၄၅၀၀၄၁၅၀၀ မှ အချက်အလက်များကူညီပံ့ပိုးပါသည်။

## One Piece- Burning Blood ၏ PC Version ထွက်ရှိ




PC အတွက် ထွက်ရှိလာတဲ့ One Piece - Burning Blood ဟာ 2015 တုန်းက ရောင်းကောင်းခဲ့တဲ့ One Piece: Pirate Warriors 3 နောက်ပိုင်းအသစ်ထွက်လာတဲ့ Versus Fighting ဂိမ်းဖြစ်ပြီး Namco Bandai Games ရဲ့ Anime based ဂိမ်းအများစုရဲ့ ထုံးစံအတိုင်း Action Brawler နှင့် Versus ဂိမ်းတစ်ခု ဖြစ်ပါတယ်။ ယခုဂိမ်းသစ်ဟာ One Piece ဇာတ်လမ်းရဲ့ New World Arc ကာလ နှစ်နှစ်ကျော်အချိန်မှာ နေရာယူထားလို့ Luffy ရဲ့ Straw Hat Pirate Crew ဟာ အရင်ထက် ပိုပြီးအစွမ်းထက်နေမှာဖြစ်သလို combo အသစ်တွေ character အသစ်တွေ အများကြီး ထပ်မံပါဝင်လာပြီး GAME HIVE ဖုန်းနံပါတ် 0973118550 နှင့် 09450041500 တွင်ဝယ်ယူနိုင်ပါတယ်။

## PS4 Model သစ်များကို Bundle Promotion ဖြင့် ဝယ်ယူနိုင်မည်




PS4 Brand New ဂိမ်းစက်သစ် PS4 CUH-1200 Model များကို bundle promotion စနစ်ဖြင့် ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ အလေးချိန် 2.8 KG မှ 2.5 KG သို့ ကျဆင်းသွားပြီး ပိုမိုပေါ့ပါးအောင် တည်ဆောက်ထားနိုင်သလို power consumption 18% သက်သာအောင် ပြင်ဆင်ထားပါတယ်။ PS4 ဂိမ်းစက်နှင့်တွဲဖက်ပြီး Uncharted 4 ၊ Doom နှင့် Mirror's Edge - Catalyst ကဲ့သို့ $ 60 တန်ဂိမ်းခွေသစ်တစ်ခွေပူးပေါင်းကာ အခမဲ့ console decal sticker တစ်ခုနှင့် controller sticker နှစ်ခုလည်းရရှိမှာဖြစ်ပြီး promotion ဈေး 55,000 ကျပ်ဖြင့် GAME HIVE ဖုန်းနံပါတ် 0973118550 နှင့် 09450041500 သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။




## Dead Rising (PC)

**စာရေးသူ – GT (Excellent)**

ဒီတစ်ပတ်မှာတော့ မကြာမီ စက်တင်ဘာလလယ်အတွင်းမှာ ပွဲထွက်လာတော့မယ့် Dead Rising ဆိုတဲ့ ဂိမ်းလေးနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

နာမည်ကျော် Survival စီးရီးဖြစ်တဲ့ ဒီဂိမ်းလေးဟာ Dead Rising 3 အထိ ပွဲထုတ်ခဲ့ပြီးသားဖြစ်ပြီး Dead Rising 4 ကိုလည်း ဆက်လက်ဖန်တီးနေဆဲဖြစ်ပါတယ်။

အခုလောလောဆယ်မှာတော့ လွန်ခဲ့တဲ့ (၂၀၀၆)ခုနှစ်က Xbox 360 အတွက်ပဲ သီးသန့်ပွဲထုတ်ခဲ့တဲ့ မူလအစ Dead Rising ကိုပဲ (၁၀)နှစ်မြောက်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဂရပ်ဖစ်ဖန်တီးမှုလက်ရာသစ်တွေနဲ့ Microsoft Windows , PlayStation 4 , Xbox One ပလက်ဖောင်းတွေအတွက် တစ်ကျော့ပြန်ထုတ်လုပ်ပေးတော့မှာဖြစ်ပါတယ်။ ဒီဂိမ်းလေးကို အဓိကတာဝန်ယူပေးထားတာကတော့ နာမည်ကျော် Capcom ဖြစ်ပြီး ရေးဆွဲဖန်တီးပေးတာကတော့ Capcom ရဲ့ Production Studio 1 အုပ်စုပဲဖြစ်ပါတယ်။ ဇာတ်လမ်းအနေနဲ့ကတော့ ကော်လိုရာဒိုပြည်နယ်၊ Willamette မြို့ရဲ့ ရှော့ပင်းမောတစ်ခုအတွင်းမှာ ပိတ်မိနေတဲ့ ဂျာနယ်လစ်သတင်းဓာတ်ပုံသမား Frank West နေရာကနေ ဝင်ရောက်ကစားရမှာဖြစ်ပါတယ်။ စစ်တပ်ရဲ့ ဇီဝစစ်ဆင်ရေးဗိုင်းရပ်စ်တွေကတစ်ဆင့်ကူးစက်ပြီး ဖွမ်ဘီတွေအဖြစ်ပြောင်းလဲကုန်တဲ့ ကုန်တိုက်အတွင်းက လွတ်မြောက်ဖို့ အချိန်ကန့်သတ်ချက်ကိုတော့ ပထမအဆင့် Story Mode အနေနဲ့ ကယ်ဆယ်ရေး ရဟတ်ယာဉ် လာရောက်တဲ့ အချိန်အထိ (၃)ရက်၊ နာရီအနေနဲ့ (၇၂)နာရီ ပဲရရှိမှာဖြစ်ပါတယ်။ တကယ်တမ်းဂိမ်းပလေးမှာတော့ ၁ ရက်ကို (၂)နာရီခွဲနှုန်းအချိုးနဲ့ ဖန်တီးထားတာကြောင့် Story Mode အောင်မြင်ဖို့အတွက် စုစုပေါင်း(၆)နာရီပဲ ရရှိမှာဖြစ်ပြီး မကျော်ဖြတ်နိုင်ရင်တော့ Mission Failed ဖြစ်သွားမှာပါ။ Story Mode ကိုအောင်မြင်ပြီဆိုရင်တော့ အခြား Mode တွေဖြစ်တဲ့ Overtime Mode နဲ့ Infinity Mode တို့ကို တစ်ဆင့်ချင်း Unlock လုပ်နိုင်မှာဖြစ်ပါတယ်။ Character တွေအဖြစ် အဓိကဇာတ်ကောင် Frank West အပြင် Chuck Greene , Nick Ramos , Rebecca Chang , Jessie McCarney , Brad Garrison , Stacey Forsythe , Katey Greene , Isabela Keyes , Carlito Keyes , Tyrone King , Raymond Sullivan , Annie , General Hemlock , Marian Mallon အစရှိသဖြင့် စုံစုံလင်လင်ပါဝင်မှာဖြစ်ပြီး ဖွန်ဘီတွေကိုလည်း အကောင် (၈၀၀) ကျော်အထိ ဖန်တီးထည့်သွင်းပေးထားတာတွေ့ရပါမယ်။ ကိုင်ဆောင်ရမယ့် လက်နက်တွေအဖြစ် သီးခြားထည့်သွင်းပေးထားတာမရှိဘဲ ကုန်တိုက်အတွင်းက တီဗွီ၊ ခုံရှည်၊ တူ၊ ကုလားထိုင်၊ စားပွဲ၊ ဒယ်အိုး၊ ဘတ်တံ အစရှိတဲ့ တွေ့သမျှ ကုန်ပစ္စည်းမှန်သမျှကို အလျဉ်းသင့်သလို လက်နက်အဖြစ် အသုံးချရမှာဖြစ်ပါတယ်။ Items စုစုပေါင်းကိုတော့ (၂၅၀)ကျော်ထိ ဖန်တီးပေးထားတယ်လို့ဆိုပါတယ်။ ဂိမ်းရဲ့အဆုံးသတ်ပိုင်းကိုတော့ ပလေယာရွေးချယ်မှုနဲ့ ပြီးဆုံးမှုစကေးပေါ်မူတည်ပြီး (၆)မျိုးခွဲခြား ပေးထားမှာဖြစ်ပါတယ်။ Dead Rising ဂိမ်းရဲ့ အဓိကဂရပ်ဖစ်ပိုင်းအတွက် MT Framework ဂိမ်းအင်ဂျင်ကိုအသုံးပြုဖန်တီးပေးထားပြီး ကန့်သတ်ချက်အနေနဲ့ကတော့ Single Player အနေနဲ့ပဲ ဆော့ကစားနိုင်မှာပါ။ စိတ်ခြောက်ခြားဖွယ်နောက်ခံဂီတသံတွေ၊ ကြည်လင်ပြတ်သားတဲ့ ဂရပ်ဖစ်မွမ်းမံမှုတွေနဲ့အတူ တစ်ကျော့ပြန်ပွဲထွက်လာတော့မယ့် Dead Rising ကို စက်တင်ဘာလအတွင်းမှာ စောင့်မျှော်နားစွင့်နိုင်ပြီဖြစ်တဲ့အကြောင်း သတင်းကောင်းလေးပေးလိုက်ရပါတယ်။




## NewPlace မှာ Version 3.60 ထိရှိသော PSVITA ဂိမ်းစက်များ Software Jailbreak ရပြီ

New Place မှာ PSVITA Game စက်အတွက် ယခင်ကထွက်ရှိပြီးသော Hardware Jailbreak အပြင်ယခုနောက်ဆုံး Hardware ပစ္စည်းဝယ်စရာမလိုဘဲ Software Jailbreak ဖြင့် PSVITA Copy ဂိမ်းများကစားနိုင်ပါပြီ။ ယခုထွက်ရှိလာသော ဂိမ်းဇာတ်လမ်းများမှာ 100% Full Game များဖြစ်ပါတယ်။ ဒါ့အပြင် New Place မှ (30.8.2016) နေ့မှစ၍ ဝယ်ယူအားပေးသော PSVITA Game စက်များကို Software Jailbreak ဝန်ဆောင်ခမယူဘဲ FREE ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်။ New Place မှ Jailbreak ပြုလုပ်ပေးသော PSVITA ဂိမ်းစက်များမှာခွေသွင်းမြန်ခြင်း၊ ကိုယ်တိုင် Install လုပ်ရန်မလိုတဲ့အတွက် ဂိမ်းဇာတ်လမ်းကို တိုက်ရိုက်အမြန်ကစားနိုင်ခြင်းတို့ဖြင့် ဝန်ဆောင်ပေးနေပါပြီ။ ပြင်ပမှဝယ်ယူပြီးသော PSVITA ဂိမ်းစက်ပိုင်ရှင်များကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။ ထွက်ရှိလာနိုင်သော PSVITA ဂိမ်းဇာတ်လမ်းပေါင်း ရာကျော်နှင့် လိုအပ်သော PSVITA Accessories ၊ Spare Parts များကိုလည်း ဝယ်ယူရရှိနိုင်ပါတယ်။

** PSVITA Version 3.60 အထိ Software Jailbreak ရရှိနိုင်ပါတယ်။** ***New Place ခွေသွင်း Member ဈေးနှုန်း–2000 ကျပ် *** ****PSVITA game စက်များ ဈေးနှုန်းသက်သာစွာဖြင့် လက်လီလက်ကားရောင်းချပေးနေပါပြီ။ ****

(ရန်ကုန်) New Place Game Sale & Service အမှတ်–၂၀၅ (မြေညီ)၊ ၃၇ လမ်း (အပေါ်)၊ ဖုန်း–၀၉–၇၃၀၄၈၀၀၅၉၉၊ ၀၁–၃၇၆၅၁၄ www.facebook.com/groups/games. unleashed

(မန္တလေး) ကိုမြင့်ဆွေ+ မဖြူဖြူ Game Centre အမှတ်–၂၁၅၊ ၃၁ လမ်း၊ ၈၂ x ၈၃ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း–၀၂–၇၃၂၈၇၊ ၀၉–၅၁၀၀၇၃၈




# Metal Gear Survive

စာရေးသူ – RP2 Gamer

Metal Gear Survive အကြောင်းကြားပြီးကြပြီလား၊ မကြာခင်မှာ MG fan တွေအတွက်ထုတ်လုပ်ပေးမှာဖြစ်တယ်လို့ Konami Digital Entertainment ကနေပြီးတော့ ပြောပြထားပြီးဖြစ်ပါတယ်။ ဒီဂိမ်းဟာဆိုရင် co-op stealth-action survival game အခြေခံမယ်လို့တော့ ကိုနာမီက ဆိုထားပါတယ်။ Hideo Kojima ရဲ့လမ်းညွှန်မှုနဲ့မပါဘဲ ကိုနာမီကဆက်လက်သွားမှာ ဖြစ်နေတယ်။ ဇွန်ဘီတွေကို အခြေခံပြီးတော့ထွက်လာမယ့်ဂိမ်းပါလို့တော့ ပြောထားပါတယ်။ အရင်သိခဲ့ပြီးသားဖြစ်တဲ့ alternate universe မှာပဲ Big Boss နဲ့ Kazuhira Miller တို့ Mother Base မှာ တွေ့ဆုံတိုက်ခိုက်ပြီးတော့ နောက်ဆုံးမှာ အားလုံးဟာပြိုကျပျက်စီးသွားတယ်။ Snake ကလည်းပဲ အဖွဲ့နဲ့ Kazuhira Miller ကို ကယ်တင်သွားပြီး အခြေအနေအရ ထွက်သွားခဲ့တယ်။ ပြီးတော့ ဓာတ်လမ်းအရ ရန်သူတွေတိုက်ခိုက်ခံရလို့ ဟယ်လီကော်ပတာပျက်ကျပြီးတော့ဇာတ်သိမ်းသွားတယ်၊ ဒါကတစ်ခု။ တစ်ဖက်မှာတော့ အဲ့ဒီလိုမျိုးမဟုတ်ဘူး။ ကျန်ခဲ့တဲ့လူတွေနေရာကနေပြီးတော့ ဇာတ်လမ်းကို ပြန်တည်ထားလိုက်ပါတယ်။ ကျန်ခဲ့တဲ့နေရာမှာ မထင်မှတ်တာတွေဆက်တိုက်ဆိုသလိုဖြစ်လာခဲ့ကြပါတယ်။ အပျက်အစီးတွေ တောက်လျှောက်ဖြစ်ပြီး မီးတွေကလည်းလောင်၊ ပြီးတော့ ညအမှောင်ကြီးစိုးတဲ့ ကောင်းကင်မှာ wormhole တွေ ပွင့်လာပြီး ရှိသမျှအရာတွေကို စုပ်ယူပါတော့တယ်။ ဖြစ်ချင်တော့အဓိကဇာတ်လိုက်ကျော်ကြီးSnake ဟာ helicopter နဲ့ လွတ်မြောက်အောင်လို့ ထွက်သွားနိုင်ခဲ့ပေမယ့်လည်း လူအချို့ကျန်ရစ်ခဲ့တယ်။ စစ်သားတွေရော၊ ကွန်မန်ဒိုတွေရော အများကြီးပါပဲ။ လွတ်မြောက်သူတွေရှိသလို သေဆုံးပြီးသား စစ်သားတွေနဲ့ မလွတ်မြောက်နိုင်ဘဲ Wormhole တွေရဲ့ စုပ်ယူမှုခံရပြီး ပြန်ကျလာကြတဲ့ လူတွေဟာ ခေါင်းတွေမရှိတော့ဘဲ crystal တွေစိုက်ဝင်ပြီး ဇွန်ဘီတွေလိုမျိုး ဖြစ်လာကြကာ အသက်ရှင်ကျန်ရစ်သူတွေကို သတ်ဖို့ လုပ်လာပါတော့တယ်။ အသက်မသေဘဲ ကျန်ရစ်သူတွေကတော့ ထွက်ပြေးကြ၊ ပစ်ကြခတ်ကြနဲ့ နောက်ဆုံးမှာ လူစုမိတာက ၄ ယောက်၊ တစ်ယောက်ကမိန်းကလေး။ ကျန်တာက ယောကျ်ားသားတွေဖြစ်ချည်းပဲ၊ ဒီလူ ၄ ယောက်နဲ့ ကစားရမှာဖြစ်တယ်။ လက်နက်ပေါင်းစုံပါလာမလားဆိုတာ လည်းကြည့်ရမှာ ဖြစ်နေတယ်၊ ဇွန်ဘီတွေကလည်း အတော်လေးကိုကြမ်းတမ်းနိုင်ပါတယ်။ ကျန်ရစ်ခဲ့ကြသူတွေအတွက်တော့ သဲလွင်ပြင်ကြီးထဲမှာ ဘာမှကို အထောက်အပံ့တွေမရှိဘဲ လာကယ်မယ့်နေ့ရက်တွေကို စောင့်ရင်း အိမ်ပြန်ဖို့အတွက် မျှော်လင့်ချက်တစ်ခုတည်းနဲ့ အသက်ရှင်နေရမှာ ဖြစ်နေတယ်။ အတူတကွ ဇွန်ဘီတွေကိုတိုက်ခိုက်ပြီးတော့ အတူတူနေ့ရက်တွေကိုဖြတ်သန်းမလား၊ တစ်ယောက်တည်း အသက်ရှင်လား၊ ကြိုက်တာရွေးနိုင်တယ်၊ သေမထူး၊ နေမထူး ဘဦးဇာတ်လမ်းတွေလည်း ပါလိမ့်မယ်၊ လက်နက်တွေ အပိုင်းပြောရမယ်ဆိုရင်၊ ချောက်ဂျက်သေနတ်၊ သံပိုက်လုံး၊ ဒါမှမဟုတ် သစ်သားချောင်းရှည်ကို ဓါးတပ်ထားတဲ့ လက်နက်၊ ပြီးတော့ အထူးတီထွင်ထားတဲ့ လေးနဲ့ ပေါက်ကွဲစေတဲ့မြှားလက်နက်၊ ပစ္စတိုစတာတွေပါမယ်။ အခြားဟာတွေလည်း ပါနိုင်ကောင်းပါသေးတယ်။ မြေလျှင်တုန်ခါမှုကြောင့် ထွက်ပေါ်လာမယ့်မကောင်းဆိုးဝါးအကောင်အကြီးကြီးတွေလည်း မြင်နိုင်မလားဆိုတာ စိတ်ဝင်စားမိပါတယ်။Ground Zeroes ရဲ့ Co-op Sequel အနေနဲ့ Metal Gear Survive ကို လုပ်ထားတာဖြစ်တယ်ဆိုတာပါပဲ။ Konami ကတော့ gamescom 2016 မှာ Metal Gear Survive အတွက် trailer ကို စတင်ထုတ်ပြခဲ့အပြီးမှာ Metal Gear Solid 5: Ground Zeroes ရဲ့ sequel လို့ ပြောဖြစ်ခဲ့ကြသလို alternate timeline မှာပဲ zombie creature များနဲ့ ဆုံတွေ့တိုက်ခိုက်ဖို့ဖြစ်လာကြမယ်လို့ ပြသပြောဆိုခဲ့လို့ သတိထားမိလာကြတာပဲဖြစ်တယ်။ Konami ကတော့ သူတို့တွေ လုပ်နိုင်တယ်ဆိုတာကို ပြချင်နေတဲ့ပုံပါ၊ တိုးထွက်လာနိုင်မယ့် ဂိမ်းတစ်ခုကို အစပျိုးထားချင်နေတယ်။ Game ရဲ့ feature တွေထဲမှာ zombie-like creatures ကို အဓိကထားထားတယ်။ နောက်ပြီးတော့ တစ်ခါမှမတွေ့ဘူးတဲ့ လူသစ်ဇာတ်ကောင် ၄ ဦးကို ထည့်ပေးထားပြီးတော့ series hero ဖြစ်တဲ့ Snake နေရာမှာ အစားထိုးထားလိုက်ပါတယ်။ သဘောကတော့ သူတို့ဘာသာသူတို့တွေ ရသလောက် အသစ်များနဲ့သွားမယ်၊ Snake မလိုအပ်တော့ဘူးဆိုတဲ့ သဘောဆောင်လာတယ်။ ကိုဂျီမားနဲ့ အဆက်ဖြတ်တာလားဆိုတာတော့ သူတို့တွေရဲ့ သွေးအေးတိုက်ပွဲကို ထဲထဲဝင်ဝင်သိတဲ့လူတွေပဲ ဖြေရှင်းနိုင်မယ့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်လာစေတယ်။



## အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ

### Men of War : Assault Squad 2 : Men of War Origins




ဒုတိယကမ္ဘာစစ်အတွင်းက ရုရှ၊ ဂျာမန်နဲ့ မဟာမိတ်တပ်ပေါင်းစုတွေရဲ့ စစ်ရေးအားပြိုင်မှုတွေထဲမှာ ဝင်ရောက်ဆော့ကစားရမှာဖြစ်ပါတယ်။

### Roller Coaster Tycoon World




Steel , inverted , wooden , launch-track (၄)မျိုးထဲကနေ မိမိစိတ်ကြိုက်ပုံစံနဲ့ တည်ဆောက်နိုင်မှာဖြစ်ပြီး 3D graphics တွေနဲ့အတူ ပလေယာကိုယ်တိုင်ပါ ဝင်ရောက်စီးနင်းနိုင်မှာ ဖြစ်ပါတယ်။

### Sniper Blacklist




ကန္တာရ၊ တောတောင်၊ ကျွန်းနယ်မြေ အစရှိတဲ့ မြေပုံမျိုးစုံနဲ့အတူ လေတိုက်နှုန်း၊ ကျည်သွားလမ်းတွေ တွက်ချက်ပြီး တိတ်တဆိတ်လုပ်ကြရတဲ့ စနိုက်ပါဂိမ်းသစ်ပါ။ Game Mode (၃)ခုပါဝင်မှာဖြစ်ပြီး Achievement (၈)ခု ထည့်သွင်းပေးထားပါတယ်။

### Warhammer 40,000:Armageddon-Da Orks




Steel Legion , the Orks , Ultramarines , Salamanders နဲ့ Blood Angels ဆိုပြီး faction (၅)ခုပါဝင်မှာဖြစ်ပြီး weapons (၂၀၀) ကျော်၊ unit types (၄၀၀)ကျော်၊ Multiplayer map (၁၀)ခု ပါဝင်မှာ ဖြစ်ပါတယ်။

### The Sims 4 : Cool Kitchen Stuff




ချက်ပြုတ်ရေးမီး ဖိုခန်းပြင်ဆင်မှု Items သစ်တွေ၊ Hair Styles သစ်တွေ၊ စားသောက်မှုပုံစံ မီနူးသစ်တွေနဲ့အတူ ရေခဲမုန့်အမျိုးမျိုးဖန်တီးနိုင်တဲ့ Features သစ်များစွာ ပါဝင်မှာဖြစ်ပါတယ်။

## အသစ်ထွက်ရှိလာသည့် ဆော့ဖ်ဝဲစီဒီများ

### iOS 9.3.5




iPhone 4S , iPad 2 , iPad (3rd generation, iPod Touch (5th generation) , iPad Mini (1st generation) တို့ကို Support ပြုလုပ်ပေးနိုင်မှာဖြစ်ပြီး Security ပိုင်း၊ performance ပိုင်းတွေပိုကောင်းမွန်လာမှာပါ။

### Lynda-Administrative Human Resources Fundamentals




ကုမ္ပဏီ၊ ရုံးလုပ်ငန်းအစရှိတဲ့ အဖွဲ့အစည်း လုပ်ငန်းခွင်သမားတိုင်းအတွက် အရေးပါတဲ့ HR ကဏ္ဍအတွက်စနစ်တကျ သင်ကြားပြသပေးမယ့်Lynda training ခွေပါ။

### CSI ETABS 2016 v 16.0.0 build 1488 (x86x64)




စတီးဖရိမ်များ၊ ကွန်ကရစ် Structure များနှင့် အဆောက်အဦဒီဇိုင်းများအတွက် သိပ်ကိုအားထားရတဲ့ ETABS ရဲ့ နောက်ဆုံးထွက်ဗားရှင်းဖြစ်ပြီး Features သစ်များစွာပါဝင်မှာ ဖြစ်ပါတယ်။

### After Effects Templates (VideoHive) Collection




Video Editing သမားများအတွက် AE CS6 နှင့်အထက် တွဲဖက်အသုံးပြုနိုင်တဲ့ After Effects Templates Collection ခွေဖြစ်ပြီး အခြားကဏ္ဍမျိုးစုံ ပါဝင်မှာဖြစ်ပါတယ်။

### Modern Combat 5 Blackout 2.0.0 for ipa




iPad သမားများ အကောင်းဆုံးဆော့ကစားနိုင်တဲ့ နာမည်ကျော် FPS ဂိမ်းစီးရီးပါ။ တိုကျို၊ ဗင်းနစ်အစရှိတဲ့ မြို့ပြစစ်ပွဲတွေဆင်နွှဲရမှာဖြစ်ပြီး စိတ်ကြိုက်ရွေးချယ်ဆော့ကစားနိုင်မှာ ဖြစ်ပါတယ်။

Excellent Softwares & Games ဖုန်း – ၀၉–၂၅၀၀၂၅၇၅၅(ရန်ကုန်) နှင့် ၀၉–၂၅၀၁၂၀၁၁၈(မန္တလေး) မှ အချက်အလက်များကူညီပံ့ပိုးပါသည်။

### Seasons after Fall




Seasons after Fall ဂိမ်းဟာ 2D Puzzle Game တစ်ခုဖြစ်ပြီး သင်ဟာ ဆောင်းဥတုတစ်ခုမှာ ခရီးသွားလာရင်း သဘာဝတရားကြီးနဲ့ တိရစ္ဆာန်လေးတွေကို လေ့လာရင်း Puzzle လေးတွေကို ဖြေရှင်းဆော့ကစားရမယ့် 2D Platform Puzzle ဂိမ်းတစ်ခုဖြစ်ပါတယ်။ (1DVD)

itBANK
Software & Games CD/DVD

### Sorcerer King : Rivals




Sorcerer King Rivals ဂိမ်းဟာ Adventure ဂိမ်းတစ်ခုဖြစ်ပြီး သင့်ရဲ့ စစ်တပ်ကို ပြန်လည်ဖွဲ့စည်းတည်ဆောက်အဆင့်မြှင့်တင်ပြီး Monster တွေကို ရင်ဆိုင်တိုက်ခိုက်ပြီး ဆော့ကစားရမယ့် Epic Adventure ဂိမ်းတစ်ခုဖြစ်ပါတယ်။(1DVD)

### Titan Quest




Titan Quest ဂိမ်းဟာ RPG ဂိမ်းအမျိုးအစားတစ်ခုဖြစ်ပြီး ရှေးဟောင်းမြို့တော်တစ်ခုမှာ ဇာတ်အိမ်တည်ထားတဲ့ ဒီဂိမ်းမှာ Great Wall , Babylon စတဲ့ နေရာတွေပါဝင်ပြီး Monster တွေကို တိုက်ခိုက်ဖို့အတွက် Heroe ကို ရွေးချယ်ဆော့ကစားနိုင်မယ့် RPG ဂိမ်းတစ်ခုဖြစ်ပါတယ်။ (2DVD)

### Farm Expert 2017




Farm Expert 2017 ဂိမ်းဟာ Farming Simulation ဂိမ်းတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကို စိတ်ဝင်စားတဲ့သူတွေအတွက် ကိုယ်တိုင်ထွန်ယက် စိုက်ပျိုးပြီး ဆော့ကစားရမယ့် Simulation ဂိမ်းတစ်ခုဖြစ်ပါတယ်။ (2DVD )

ရန်ကုန်မြို့ ။ ။ အမှတ် (27-a1)၊ အင်းစိန်လမ်းမပေါ်၊ ဦးထွန်းလင်းခြံလမ်းနှင့် ဖေယျာသီရိလမ်းကြား၊ Bang Bang အနီး။ Ph:09-402509002
မကွေးမြို့ ။ ။ အမှတ် (D-66)၊ သစ္စာလမ်း၊ ကန်သာရပ်။ Ph:09-402509003

# CAMERA REVIEW

## Nikon D7200

Nikon D7200 ဟာ pro အဆင့်ရှိဓာတ်ပုံတွေ၊ ဗွီဒီယိုတွေ စိတ်ကြိုက်ဖမ်းယူနိုင်ဦးမယ့် အရည်အသွေးမြင့် DSLR ကင်မရာဖြစ်ပါတယ်။ Optical low-pass filter ကိုသုံးစွဲထားခြင်း မရှိတဲ့ 24.2MP DX-format CMOS sensor နဲ့ EXPEED 4 image processor တို့ကိုသုံးထားပါတယ်။ Resolution အပြည့်နဲ့ တစ်စက္ကန့်ကို 6fps နှုန်းနဲ့ frame 100 ထိ ဆက်တိုက်ရိုက်ယူနိုင်ပါတယ်။ ISO ကို 25600 တင်ရိုက်နိုင်ပြီး အဖြူအမည်းပုံတွေအတွက် 102400 ထိ တင်ရိုက်နိုင်ပါတယ်။ လှုပ်ရှားနေတဲ့ပုံတွေကို မှန်ကန်စွာနဲ့ ဝေဝါးမှုကင်းစွာဖမ်းယူနိုင်ပါတယ်။ Time lapse ကို automatic exposure smoothing စနစ်နဲ့ frame ပေါင်း ၉၉၉၉ ထိ ရိုက်နိုင်ပါတယ်။ Full HD 1080p ဗွီဒီယိုတွေကို 60p, 50p နဲ့ 60 fps နှုန်းအထိ ဖမ်းယူနိုင်ပြီး HDTV မှာ တိုက်ရိုက်ကြည့်ဖို့အတွက် HDMI port ပါ,ပါတယ်။ 3.2" အရွယ် LCD ပါပြီး playback ကို ရာနှုန်းပြည့်မြင်ကွင်းနဲ့ မှန်ကန်စွာပြသပေးပါတယ်။ SD card slot ၂ ခုပါလို့ data ပိုမိုသိမ်းဆည်းနိုင်ပါတယ်။ NIKKOR F mount lens အားလုံးနဲ့တွဲသုံးနိုင်ပါတယ်။ Wi-Fi နဲ့ NFC ရပြီး Wireless ပိုမိုကောင်းမွန်ဖို့အတွက် WT-5A Wireless Transmitter နဲ့ UT-1 Communication Unit တို့သုံးနိုင်ပါတယ်။ Flash သုံးနိုင်ပြီး hot-shoe လည်းအသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းက ကိုယ်ထည်သီးသန့်ကို ၁၁၉၆. ၉၅ဒေါ်လာဖြစ်ပါတယ်။





## Vivitar ViviCam V8119

အမေရိကန်ကင်မရာကုမ္ပဏီ Vivitar ကထုတ်တဲ့ ViviCam V8119 ကင်မရာဟာ စတိုင်ကျလှပပြီး ကျစ်လျစ်ပေါ့ပါးတဲ့ ဒီဂျစ်တယ်ကင်မရာတစ်လုံးဖြစ်ပါတယ်။ အသေးစိတ်ကျတဲ့ပုံတွေကိုရိုက်ယူပြီး ထူးခြားတဲ့ ဓာတ်ပုံတွေ ထုတ်ယူနိုင်ဖို့အတွက် အသုံးပြုနိုင်ပါတယ်။ 8.1 MP Sensor ကို အသုံးပြုထားပါတယ်။ တုန်ခါမှုကိုကာကွယ်ပေးပြီး Auto Flash ပါတဲ့ digital zoom အသုံးပြုနိုင်ပြီး zoom ကို ၄ ဆအထိ ဆွဲယူနိုင်တာကြောင့် မြင်ကွင်းတွေကို အနီးကပ်ဆွဲရိုက်နိုင်ပါတယ်။ Display အတွက် ၁. ၈ လက်မအရွယ်အစားရှိတဲ့ LCD screen ကိုအသုံးပြုထားပါတယ်။ အလင်းရောင်အားနည်းတဲ့ ညဘက်လိုအခါမျိုးမှာလည်း ပုံထွက်ကောင်းစေဖို့အတွက် flash အသုံးပြုနိုင်ပါတယ်။ SD card အသုံးပြုနိုင်ပြီး ပုံတွေကို SD card ထဲ သိမ်းနိုင်ပါတယ်။ ဒီကင်မရာကို AAA ဘက်ထရီ ၂ လုံးထည့်သွင်းအသုံးပြုရတာဖြစ်ပါတယ်။ ဈေးနှုန်းသက်သာပြီး ရုပ်ထွက်ကောင်းတဲ့ ဒီဂျစ်တယ်ကင်မရာကို ရှာဖွေနေသူတွေနဲ့ အပျော်တမ်းဓာတ်ပုံသမားတွေအတွက် ViviCam V8119 ကဝယ်ယူအသုံးပြုဖို့ အသင့်တော်ဆုံးကင်မရာတစ်လုံးဖြစ်ပါတယ်။ ကင်မရာကို အရောင်လှလှလေးနဲ့ ကြိုက်တတ်သူတွေအတွက် အနီ၊ အပြာနဲ့ ခရမ်းရောင်တို့ကို ရွေးချယ်ဝယ်ယူနိုင်ပါတယ်။ ဈေးနှုန်းက ၂၆. ၉၅ ဒေါ်လာဖြစ်ပါတယ်။

## Panasonic AG-AC90AEN AVCCAM Camcarder (PAL)

Three 1/4.7" Full HD 2.19MP MOS Sensor ပါရှိပြီး Full HD 1920×1080 resolution video တွေကို 50p အထိရိုက်ကူးနိုင်မယ့် Camcorder ဖြစ်ပါတယ်။ Focus, zoom နဲ့ Iris အတွက် manual control rings ၃ ခုပါဝင်ပြီး Ghotsting & lens flares တွေကို လျှော့ချဖို့အတွက် Nano Surface Coating ပါရှိပါတယ်။ 12x zoom lens ကလည်း အဝေးကပုံရိပ်တွေကို ပြတ်သားစွာဆွဲယူရိုက်ကူးနိုင်ဖို့ အားဖြည့်ပေးပါသေးတယ်။ SD memory card ၂ ခုကို ထောက်ပံ့ပေးထားတာကြောင့် recording ကို တစ်ပြိုင်နက်တည်း ပြုလုပ်နိုင်ပါတယ်။ 5 Axis OIS / Pixel Shifting Technology ကို အသုံးပြုထားကာ Intelligent 25x Digital Zoom function တွေလည်း ထပ်မံပါရှိပါသေးတယ်။ 3.5" touchscreen LCD ပါရှိကာ ပုံရိပ်တွေကို ကောင်းမွန်စွာကြည့်ရှုနိုင်ပါတယ်။ နောက်ထပ်လုပ်ဆောင်ချက်တွေအနေနဲ့ zelora patterns, color bar / test tone, Display / Mode check button, Auto slow shutter, white balance adjustment, intelligent Auto (iA) mode အစရှိတာတွေလည်း စုံစုံလင်လင်ပါရှိပြီး အသုံးပြုရလွယ်ကူပါတယ်။ Indoor / Outdoor အဆင်ပြေစွာရိုက်ကူးနိုင်ပြီး ကမ္ဘာကျော် Panasonic ဖြစ်တာကြောင့် အရည်အသွေးကိုလည်း စိတ်ချရပါတယ်။ ပါဝါစားသုံးမှု 12.9 watt ရှိပြီး (16.5"×11.3"×10") ရှိကာ ၈. ၂ပေါင် လေးပါတယ်။ စီးပွားဖြစ်သုံးလိုသူများအတွက်လည်း သင့်တော်တဲ့ camcarder တစ်လုံးဖြစ်ပါတယ်။ ဈေးနှုန်းက ၁,၈၉၉ ဒေါ်လာဖြစ်ပါတယ်။



# AUDIO REVIEW

## Peavey Escort 6000




Peavey Escort 6000 ဟာ ပေါ့ပါးပြီး ယုံကြည်စိတ်ချရတဲ့ အသံကောင်းမွန်မှုကိုပိုင်ဆိုင်ထားတဲ့ speaker package ဖြစ်ပါတယ်။ ယူအေအီးနိုင်ငံထုတ်ဖြစ်ပြီး တပိုင်တနိုင်ဖျော်ဖြေရေးလုပ်ငန်းတွေမှာ အသုံးပြုနိုင်မှာဖြစ်သလို ပါတီပွဲတွေ၊ ကျောင်းကပွဲတွေလို သိပ်မကြီးတဲ့ ဖျော်ဖြေရေးကဏ္ဍတွေမှာ အသုံးပြုဖို့သင့်တော်ပါတယ်။ Package တစ်ခုလုံးကို ခရီးဆောင်အိတ်ဖြင့် လွယ်ကူစွာသယ်ဆောင်နိုင်ပြီး ဝါရင့်ဖျော်ဖြေရေးသမားတွေ အကြိုက်တွေ့မယ့် speaker package တစ်ခုပါ။ အသံအားကို 600watt ထိထုတ်ပေးနိုင်တဲ့ ၁၀လက်မအရွယ် စပီကာ ၂လုံးပါရှိပြီး အလယ်မှာ channel 9 အထိ အသုံးပြုနိုင်တဲ့ Power mixer ပါရှိပါတယ်။ အသံချဲ့စက် တစ်ပါတည်းပါတဲ့အတွက် ပြီးပြည့်စုံတဲ့ အသံထုတ်အားကိုရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် နည်းပညာအဆင့်မြင့်မားတဲ့ digital multi-effect တွေ၊ USB MP3 player တွေလို feature တွေနဲ့ပေါင်းစပ်ထားပြီး LCD မျက်နှာပြင်ပါတဲ့အတွက် အသံဖိုင်တွေထုတ်လွှင့်ရာမှာနဲ့ effect တွေရွေးချယ်ရာမှာ ပိုမိုလွယ်ကူမှုရှိပါတယ်။ Bluetooth ကတစ်ဆင့် ကြိုးမဲ့စနစ်နဲ့ audio playback လုပ်နိုင်သလို USB MP3 playback ရပါတယ်။ Subwoofer ပါတာကြောင့် ဘယ်သံထုတ်အား အလွန်ကောင်းပါတယ်။ Band ၇ ခုပါဝင်တဲ့ Graphic EQ ကိုလည်းအသုံးပြုနိုင်ပါတယ်။ မိုက်ခရိုဖုန်းနဲ့ cable ကြိုးတို့လို ပစ္စည်းတွေအတွက် ထည့်သိုစရာအကန့်ပါရှိပါတယ်။ ခရီးဆောင်သေတ္တာမှာလိုဘီးတွေပါတဲ့အတွက် သယ်ယူရတာ ပိုမိုအဆင်ပြေပါတယ်။

**Unique Audio | Ph : 09-254133631**

## JBL Clip Plus




JBL Clip Plus ဟာ အလွန်ပေါ့ပါးပြီး အကြမ်းခံတဲ့ စွမ်းအားမြင့် portable စပီကာဖြစ်ပါတယ်။ စပီကာရဲ့ထိပ်မှာ လက်ကိုင်ကွင်းပါရှိပြီး ရေစိုခံတဲ့အတွက် ဘယ်နေရာကိုသွားသွား စိတ်ချစွာ ယူဆောင်အသုံးပြုနိုင်ပါတယ်။ ဘက်ထရီသက်တမ်းက ၅ နာရီကြာအသုံးခံပြီး 3.5mm audio cable အသုံးပြုတဲ့ device အားလုံးနဲ့တွဲဖက်အသုံးပြုနိုင်ပါတယ်။ Cable ကြိုးနဲ့ ချိတ်ဆက်အသုံးပြုနိုင်သလို Bluetooth ရတဲ့အတွက်လည်း ကြိုးမဲ့စနစ်နဲ့ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ သီချင်းတွေနားဆင်တဲ့အခါ စပီကာအဖြစ်အသုံးပြုနိုင်ရုံသာမက စပီကာဖုန်းအဖြစ် hand-free အသုံးပြုနိုင်ပါတယ်။ ချိတ်ပါရှိတဲ့အတွက်လည်း ဝတ်ထားတဲ့အင်္ကျီမှာဖြစ်စေ၊ လွယ်ထားတဲ့ကျောပိုးအိတ်မှာဖြစ်စေ၊ ခါးပတ်မှာဖြစ်စေချိတ်ပြီးတော့ အသုံးပြုနိုင်ပါတယ်။ ၁. ၅ လက်မရှိတဲ့ driver တစ်လုံးကိုထည့်သုံးထားတာဖြစ်ပြီး အကောင်းဆုံးအသံစွမ်းရည်ကို ပေးစွမ်းနိုင်ပါတယ်။ အသံဟန်ချက်ညီပြီးတော့ တည်ငြိမ်တဲ့ အသံထုတ်အားရှိပါတယ်။ Power input က 3.2 watt ဖြစ်ပါတယ်။ Li-ion ဘက်ထရီအမျိုးအစားကို အသုံးပြုထားတာဖြစ်ပြီး ဘက်ထရီအားသွင်းချိန်က ၂ နာရီကြာမြင့်နိုင်ပါတယ်။ Bluetooth 3.0 ဖြစ်ပြီး bluetooth frequency အကွာအဝေးကတော့ 2.402 GHz ကနေ 2.480 GHz အတွင်းရှိပါတယ်။ စပီကာပုံစံက အဝိုင်းပုံစံဖြစ်ပါတယ်။

**Hi-Fi | Ph : 01-248079**

## Crest CPX 2600-DV

Crest CPX 2600-DV ဟာ အဆင့်မြင့် audio ပစ္စည်းတွေထုတ်လုပ်တဲ့ အမေရိကန်ကုမ္ပဏီ Crest Audio ရဲ့ အရည်အသွေးမြင့် power amplifier ဖြစ်ပါတယ်။ ဈေးနှုန်းသင့်တင့်ပြီး အကောင်းဆုံးအသံအရည်အသွေးကို ပေးစွမ်းနိုင်တဲ့အသံချဲ့စက်ဖြစ်ပါတယ်။ အသုံးပြုထားတဲ့ connector တွေနဲ့ feature တွေကြောင့် mobile sound system တွေ၊ ပရောဂျက်စတူဒီယိုတွေနဲ့ အခြားအသံပိုင်းဆိုင်ရာတွေမှာ CPX 2600 ကို power amplifier တစ်ခုအဖြစ် မဖြစ်မနေအသုံးပြုသင့်ပါတယ်။ ငွေကြေးအများကြီးကုန်ကျခြင်းမရှိဘဲ အမြင့်ဆုံးအသံစွမ်းရည်ကို လိုအပ်သူတွေအတွက် CPX 2600 ကို ရွေးချယ်ဝယ်ယူသင့်ပါတယ်။ GCL Gain Comparator Limiting လျှပ်စီးပတ်လမ်းစနစ်ကိုအသုံးပြုထားပြီး လျှပ်စီးအလွန်မြင့်မားတဲ့အခြေအနေတွေဖြစ်တဲ့အခါ ဒါမှမဟုတ် အသံပုံမှန်မဟုတ်တဲ့အခြေအနေမျိုးမှာ signal တွေကို စောင့်ကြည့်ပေးနိုင်တာကြောင့် စပီကာတွေကိုအန္တရာယ်ဖြစ်စေတဲ့ level ပြောင်းလဲမှု မရှိပါဘူး။ အတွင်းပိုင်း heat sink အပူချိန်ကိုလည်း စောင့်ကြည့်ပြီး အပူချိန်လွန်ကဲတဲ့အခြေအနေရှိပါက အလိုအလျောက်ပိတ်ပေးနိုင်လို့ အသံချဲ့စက်ပျက်စီးမှုမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။ ဒါ့အပြင် စပီကာကြိုးတွေတစ်လျှောက်ကနေ အန္တရာယ်များတဲ့ တိုက်ရိုက်လျှပ်စီးမှုမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်ပါသေးတယ်။ အသံအားက 8ohm မှာ channel တစ်ခုကို watt 500 ရှိပြီး 4ohm မှာ watt 750 စီ ရှိပါတယ်။




**Unique Audio | Ph : 09-254133631**


GIGABYTE
Ultra Drable™ MotherBoard
H81M-DS2
Description : 4th Gen, Core™ i7, i5, i3, Pentium, Celeron
Support CPU 4th Gen, Core™ i7, i5, i3, Pentium, Celeron
Memory DDR3, Dimm 2, ECC N, SATA2 2, SATA3 2, USB3 2, USB2 6, LAN Realtek® GbE LAN, Audio ALC887, Graphic Integrated Graphics, Dual BIOS AMI UEFI BIOS, DualBIOS, Form Factor M-ATX, Others 1 x D-SUB, 1 x Parallel
SanDisk
SanDisk Solid State Drive
Vs
SSD
SanDisk SSD PLUS Solid State Drive
သာမန် Hard Disk တစ်လုံးထက် အဆနစ်ဆယ် ပိုမိုမြန်ဆန်တဲ့ Sandisk SSD
Solid State Drive နည်းပညာဟာ Hard Disk လိုမျိုး သတ္တုပြားပေါ်မှာ မောင်းတံလေးနဲ့ သိမ်းဆည်းဖတ်မှတ်တဲ့ နည်းပညာမျိုးမဟုတ်ဘဲ Micro Chip အပေါ်မှာ တိုက်ရိုက်သိမ်းဆည်းတဲ့ နည်းပညာဖြစ်သောကြောင့် အလွန်လျင်မြန် ပါတယ်။ ရွေ့လျားမှုတ် တိုက်မှုတွေ မရှိတော့တဲ့အတွက် ကွန်ပျူတာကို Heat တက်စေတာ၊ ဆူညံစေတာတွေ လုံးဝမဖြစ်စေတော့ပါဘူး ...
Capacity : 120 GB, Read Speed : up to 530 MB/s2 Write Speed : up to 400 MB/s2, Interface : SATA Revision 3.0 (6 Gb/s)
TRUSTED BY SYNNEX
SYNNEX MYANMAR Co., Ltd.
LIKE US ON FACEBOOK!
www.facebook.com/ Synnex-Myanmar
Best Product
Best Service
Best Channel
OFFICE ADDRESS:
No.214, Bo Gyoke Aung San Rd, Botahtaung Tsp, Yangon, Myanmar.
HOT LINE +959 73040604, +959 791079410~420, SERVICE CENTER +959 791079450


acer
Switch Alpha 12
ASK FOR SUPERB
PERFORMANCE WITHOUT
THE NOISE
intel CORE i3 inside
intel CORE i5 inside


th
Acer Eight Years
WIN & RING
ACER 8th YEARS WIN & RING
1st August - 30th September 2016
Acer Products ဝယ်ယူသူတိုင်းအတွက် စိန်လက်စွပ်များစွာနှင့်
အခြားတန်ဖိုးကြီးလက်ဆောင်များ ရရှိနိုင်မည့် အထူးအခွင့်အရေး
Authorized Distributor : Shwe Lamin Nagar Co., Ltd. | Ph : 09-252229400, 09-252229500 | Facebook : Acer Myanmar


GIONEE
F103 Pro
Selfie Master
179,000 Ks
13.0MP + 5.0MP Screen Flash
2.5D Curved Edge 12.7cm (5.0) HD IPS Display
3GB RAM 16GB ROM
Android Marshmallow (6.0)
VoLTE WCDMA/ GSM
AMAZING SALE
S5.1
290,000 Ks
179,000 Ks
SAVE 111,000KS
CPU-Octa-Core 1.7GHz Cortex-A7
Memory-16GB,1GB Ram
V4s
139,000 Ks
89,000 Ks
SAVE 50,000KS
CPU Quad core 1.3GHz Cortex-A7
8GB Memory, 1GB Ram
M2
129,000 Ks
99,000 Ks
SAVE 30,000KS
5.0FWVGA display
Quad core 1.3GHz
4GB+4GB/8GB Memory
www.facebook.com/OfficialGioneeMyanmar
www.instagram.com/gioneemyanmar
website: global.gionee.com
Hot Line: 09 31389999
Service Center: 09 792677899


EXTREME
MONSOON PROMOTION
18 July to 30 September 2016
လုပ်ငန်းရှင်များနှင့် မိတ္တူဆိုင်များအတွက်
ငွေကျပ် (၁၀)သိန်း အထိ လျှော့ဈေး
ရရှိမည့် အထူးအခွင့်အရေး။
စက်အလုံးရေအတွက် ကန့်သတ်ထားပါသည်။
KONICA MINOLTA
PRINTING SOLUTIONS
bizhub C221
Multifunction
Desktop Full Colour A3
Printer / Copier / Scanner
Function :
Print, Scan, Copy
Speed:
22 PPM
Rosolution :
600 x 600 DPI
ကမ္ဘာ့
ဈေးအသက်သာဆုံး
မိတ္တူကူးစက်
A3
Max Paper Size
FREE GIFTS
Pagepro 5650DN
(Mono Laser Printer)
Copier Desk
3 Years
Unlimited On-site Service
HP PageWide Pro M477dw
Multifunction Colour Printer
Function :
Print, Scan, Copy, Fax
Speed :
55 PPM
Resolution :
2400 x 1200 DPI
• Colour PageWide Technology
• Wireless, Network, ADF
• Duplex Print
• Auto Document Feeder
• Colour Touch Screen
3 Years
Unlimited On-site Service
FULL COLOR
HP Owned PageWide Technology
Cost half as much.
ကမ္ဘာ့အမြန်ဆုံး InkJet Desktop Printer.
HP ရဲ့ PageWide နည်းပညာကိုယခုပဲ ခံစားလိုက်ပါ။
Authorized Distributer
Gandamar
O.A. & Business Solutions
Since 1951
HOTLINE : 09-253 547 980
09-253 547 981
Web : www.gandanmarbusinesssolutions.com
တဆင့်ပြန်လည်ရောင်းချလိုသူများ ဆက်သွယ်ရန် ဖုန်း – 09-799595997
YANGON : No.18-24, Kun Gyan Road, Augn San Stadium Bldg. (S)
MANDALAY : No.11, 78th Road, Between ( 33th x 34th Street), Chan Aye Thar San Township; Mandalay. Tel : 09-450447711, 09-450447722
NAY PYI TAW : No.166, Thiri Yadanar Shopping Complex. Tel : 067-421212
Facebook : www.facebook.com/gandamar.mm

# "Shape The Cloud" ဆောင်ပုဒ်နဲ့အညီ Cloud Services နှင့် Enterprise Solution ဆိုင်ရာများ မျှဝေမိတ်ဆက်ပေးခဲ့တဲ့ Huawei CONNECT 2016










Huawei CONNECT 2016 ကို (2016)ခုနှစ်၊ ဩဂုတ်လ(31)ရက်နေ့မှ စက်တင်ဘာလ(2)ရက်နေ့အထိ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့မှာ စီစဉ်ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ Huawei CONNECT 2016 သို့ Huawei မှ တာဝန်ရှိသူတွေအပြင် ကမ္ဘာတစ်ဝန်းနဲ့ Huawei နဲ့ Solution Partners ပေါင်း (400)ကျော်၊ Channel Service Partners ပေါင်း (2300)ကျော် တက်ရောက်ခဲ့ကြပါတယ်။ "Shape The Cloud" ဆောင်ပုဒ်နဲ့အညီ Cloud Services နှင့် Enterprise Solutions ဆိုင်ရာတွေကို သက်ဆိုင်ရာ ကုမ္ပဏီနှင့်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူတွေက ဆွေးနွေးမျှဝေမိတ်ဆက်ပေးခဲ့ကြတာပါ။ အဲ့ဒီ Huawei Connect 2016 ကို ရှန်ဟိုင်းမြို့ရှိ Shanghai Expo Center, Shanghai World Expo Exhibition and Convention Center, Shanghai Expo Park, Celebration Square နဲ့ Mercedes Benz Arena တို့မှာ ကျင်းပပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

(2016) ခုနှစ်၊ ဩဂုတ်လ(31)ရက်နေ့တွင် Mercedes Benz Arena မှာ Deputy Chairman of the board, Rotating CEO, Huawei ဖြစ်သူ Mr.Ken Hu က "A Better View from the Cloud" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ SAP နဲ့ CIO ဖြစ်သူ Mr.Thomas Saueressing မှ "The Feature of Cloud Migration" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ President , Huawei Enterprise BG ဖြစ်သူ Mr.Yan Lida မှ "Reinventing Business with industry clouds" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ HSBC နဲ့ CIO ဖြစ်သူ Mr.Darryl West မှ "Digital Transformation at HSBC " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Vice President of China Telecom မှ Gao Tongqing က "Telecom Carriers' Cloud Strategy innovatlion" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ President , Huawei Carrier BG မှ Zou Zhilei က "The Cloud Era: A New World of Opportunity for Carriers " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Director of Digital Division , T-Systems international မှ Anettle Bronder က "Pathing The Way for A Digital World " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Telefonica Business Solution s ရဲ့ CEO ဖြစ်သူ Juan Carlos Lopez Vives မှ "Where Connectivity and Cloud Combine to Transform Your Business" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး မျှဝေမိတ်ဆက်ပြောကြားပေးခဲ့ပါတယ်။ စက်တင်ဘာ (1)ရက်နဲ့ (2)ရက်နေ့တို့တွင် Mercedes Benz Arena မှာပဲ Huawei ရဲ့ တာဝန်ရှိသူတွေနဲ့ အခြားအဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူတွေ ဆွေးနွေးပြောကြားပေးခဲ့တဲ့ ခေါင်းစဉ်တွေကတော့ Embrace and intergrate with the Cloud to Become a Digital Enterprise, Disruptions Driving the Future, Shape the Cloud Bridge Today to Tomorrow, Cloud Innovation Tides in the Media Industry , Agile Network: For the Cloud By the IOT Evolving the Building Experience, The Future of Technology, and innovation, Rainforest: Tao of Connectedness, Shaping the Dynamics of an Open Cloud Ecosystem, Inventing the Future through Collaboration, Together: Dream Big Fly High , Fusion Stage and Digital incloud Demostration, Safeguarding Our Cities, Accelerates the Journey to Digitalization, Open Source Powers The Clouds တို့ ဖြစ်ပါတယ်။

ဒါ့အပြင် Shanghai Expo Center နဲ့ Shanghai World Expo Exhibition and Convention Center မှာလည်း Safe City , Smart City, NB- IOT Sloutions, Smart Manufacturing , VR Solution စတာတွေကိုလည်း Products Display များနဲ့တကွ မိတ်ဆက်ခင်းကျင်းပြသပေးထားခဲ့ပါတယ်။

Deputy Chairman of the board, Rotating CEO, Huawei ဖြစ်သူ Mr.Ken Hu က ''Huawei က 2016 ခုနှစ်မှာ Cloud Services တွေကို ပိုမိုတိုးချဲ့သွားမှာဖြစ်ပါတယ်။ Cloud Technology က အားလုံးအတွက် အဆင်ပြေအောင် အထောက်အကူပေးမယ့် နည်းပညာကောင်းတစ်ခုဖြစ်ပါတယ်။ Huawei မှာ Lab ပေါင်း (1500) ကျော်၊ ဝန်ထမ်းပေါင်း (80,000)ကျော်က ဒီ Cloud နဲ့ ပတ်သက်တာ တွေကို ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။ Cloud Services တွေမှာ Private Cloud , Public Cloud နဲ့ Dedicated Cloud တို့ရှိပြီး Enterprise တွေရဲ့ လုပ်ငန်းဆောင်တာတွေ ပိုမိုအဆင်ပြေချောမွေ့ဖို့အတွက် Cloud Sysetm က အကောင်းမွန်ဆုံး ထောက်ပံ့ပေးမှာပါ။ Huawei ရဲ့ ရည်ရွယ်ချက်ကတော့ လက်တွဲသူ Partners တွေနဲ့အတူတကွ နည်းပညာအသစ်တွေ ဖန်တီးဖို့၊ အခြေခံအဆောက်အဦးတွေ ထောက်ပံ့ဖို့နဲ့ ပူးပေါင်းသူတွေကို နည်းပညာအရ ကူညီထောက်ပံ့ပေးဖို့ ဖြစ်ပါတယ်'' ဟု ပြောပါတယ်။

President, Huawei Enterprise BG ဖြစ်သူ Mr.Yan Lida မှလည်း Cloud Platformm အသုံးပြုသူတွေအတွက် ပိုမို စိတ်ချလုံခြုံမှုရှိတဲ့ အရာတစ်ခုဖြစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာများ၊ သတင်းမီဒီယာများနဲ့ ဆောက်လုပ်ရေး လုပ်ငန်း၊ စက်မှုလုပ်ငန်းတွေအတွက်လည်း ပိုမိုကောင်းမွန်စေဖို့ Cloud Service က အထောက်အပံ့ပေးနိုင်ကြောင်း၊ Government Sector, Finance Sector, Smart City စတာတွေ လုပ်ဆောင်နိုင်ဖို့အတွက် Cloud Service က လိုအပ်ကြောင်း၊ နောက်ပြီးတော့ Eco system အတွက်လည်း အဆင်ပြေကြောင်း၊ Global Cloud Computing Market မှာဆိုရင်လည်း ကွဲပြား ခြားနားတဲ့ Models များစွာရှိကြောင်း၊ (2020)ခုနှစ်အရောက်မှာ စီးပွားရေး လုပ်ငန်းတွေအတွက် Cloud Computing နဲ့ ပတ်သက်ပြီး USD (10) billion အထိ ပံ့ပိုးထောက်ပံ့ပေးသွားနိုင်ဖို့အထိ Huawei က ရည်မှန်းထားကြောင်း၊ 2020 ခုနှစ်မှာဆိုရင် တရုတ်နိုင်ငံမှာသုံးနေတဲ့ Cloud Computing ဆွဲဆောင်မှုတွေဟာ USD (20)billion အထိရောက်ရှိနိုင်ကြောင်း ဆိုခဲ့ပါတယ်။

နောက်ပြီးတော့ Smart City နဲ့ ပတ်သက်ပြီးလည်း ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း (40)ကျော်၊ မြို့ပေါင်း (100)ကျော်မှာဝန်ဆောင်မှုများစွာကို Huawei မှ ပေးအပ်လျက်ရှိပါတယ်။ Singapore, New Zealand, Cameron တို့ရှိမြို့များ၊ Nanjing နဲ့ University of Melbourne စတာတို့မှ Smart City ဝန်ဆောင်မှုတွေ ပေးအပ်လျက်ရှိကာ Solution Partner ပေါင်း (400)ကျော်၊ Channel Service Partner ပေါင်း (2300)ကျော်အထိ ရှိပါတယ်။ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့မှာ ယခုကျင်းပပြုလုပ်ခဲ့တဲ့ Huawei Connect 2016 မှာဆိုရင်လည်း Huawei ရဲ့ Customer ပေါင်း (9000)ကျော်၊ Partner ပေါင်း (2200)ကျော်နဲ့ Developer ပေါင်း (4000)ကျော်တက်ရောက်ခဲ့ကြကြောင်း သိရှိရပါတယ်။




























Vol . 4, Issue . 51




# IFA 2016

CONSUMER ELECTRONICS UNLIMITED

BERLIN, 2–7 SEP 2016

IFA 2016 ဟာ ပိုမိုကြီးကျယ်တဲ့ ပွဲတစ်ပွဲဖြစ်လာခဲ့ပြီး ပြပွဲမှာ ပြသသူ 13% တိုးတက်လာခဲ့ကာ 158,000 စတုရန်းမီတာအကျယ်ထိ 5% ပိုမိုနေရာယူခဲ့ပါတယ်။ IFA 2016 မှာ ပထမဆုံးအကြိမ်အဖြစ် ပြပွဲနေရာအပိုကိုဖွင့်လှစ်ပေးခဲ့ပြီး STATION Berlin ဟာ ပြပွဲပြင်ပမှာတည်ရှိခဲ့ပါတယ်။ နိုင်ငံများစွာမှ ပြသသူများစွာ တက်ရောက်ခဲ့ပြီး များစွာသော ခေတ်မီဆန်းသစ်တဲ့နည်းပညာများကို ပြသခဲ့ပါတယ်။ IFA ဟာကမ္ဘာ့ထိပ်တန်းအဆင့်ရှိတဲ့ trade show တစ်ခုဖြစ်ပြီး သုံးစွဲသူများအတွက် လျှပ်စစ်ပစ္စည်းနည်းပညာပစ္စည်းများကို အဓိကပြသကာ စက်တင်ဘာ ၂ ရက်ကနေ ၇ ရက်ထိ ဘာလင်မြို့ Exhibition Grounds (Expo Center City) မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ပထမဆုံး IFA Global Market ကိုလည်း station Berlin မှာ စက်တင်ဘာ ၄ ရက်ကနေ ၇ ရက်ထိ ပြုလုပ်ဖို့ရှိပါတယ်။

## Acer Spin 7 Convertible Laptop

IFA 2016 မှာကြေညာခဲ့တဲ့ Acer Spin 7 ဟာထိပ်တန်းအဆင့်ပစ္စည်းတစ်ခုဖြစ်ပြီး ဒါနဲ့အတူတူ Spin 5, Spin 3 နဲ့ Spin 1 တို့ကိုပါ ကြေညာခဲ့ပါတယ်။ Windows 10 နဲ့ Continuum ပါဝင်ပြီး Spin 7 ဟာ 0.43 လက်မ (10.98 mm) သာထူပြီး 2.6 ပေါင် (1.2 kg) သာလေးပါတယ်။ ၁၄ လက်မ screen



ကို အကာအကွယ်ပေးနိုင်ဖို့အတွက် Gorilla Glass နဲ့ ဖုံးအုပ်ပေးထားပါတယ်။ Spin 7 မှာ Core i7 processor ပါဝင်ပြီး RAM 8GB နဲ့ SSD 256GB ကို ထည့်သွင်းပေးထားပါတယ်။ သိသာတဲ့ Feature တွေအနေနဲ့ကတော့ dual USB 3.1 type c port နဲ့ glass touchpad တို့ပဲ ဖြစ်ပါတယ်။ Spin 7 ကို အောက်တိုဘာမှာ ဒေါ်လာ 1199 ကနေ စတင်ရောင်းချပါလိမ့်မယ်။ Spin 5 ကိုလည်း အောက်တိုဘာမှာပဲ 599 ဒေါ်လာနဲ့ရနိုင်မှာဖြစ်ပြီး Spin 3 က 499 ဒေါ်လာနဲ့ Spin 1 က 249 ဒေါ်လာဈေးရှိမယ်လို့သိရပါတယ်။ Spin 7 အတွက် ဘက်ထရီသက်တမ်း ၈ နာရီရှိမယ်လို့ Acer ကဆိုပါတယ်။

## Acer Predator 21 X

Acer Predator 21 X ဟာ curved screen ပါဝင်တဲ့ ကမ္ဘာ့ပထမဆုံး laptop ဖြစ်ပြီး GeForce GTX 1080 ဂရပ်ဖစ်ကတ်နှစ်ကတ်ကိုပါ SLI နဲ့ တစ်ခါတည်းသုံးစွဲထားတာကိုမြင်ရပါတယ်။ ဒီ laptop အတွက် power supplies ၂ ခုပါဝင်ပြီး system fan ၅ ခုပါဝင်ကာ head pipes ၈ ခုနဲ့ အေးဖို့ကို စီစဉ်ပေးထားပါတယ်။ Memory 64GB ပါဝင်ပြီး storage drive ၆ ခုထိ ပါဝင်နိုင်ပါတယ်။ Tobii eye tracking ကင်မရာလည်းပါဝင်ပြီး ရန်သူတွေကိုမျက်လုံးနဲ့ကြည့်ရုံနဲ့ ပစ်ခတ်နိုင်ဖို့ရှိပါတယ်။ (ဒီနည်းပညာကို ထောက်ပံ့ပေးတဲ့ဂိမ်းတွေ သီးသန့်ပဲရနိုင်တာပါ)။ ဒီ Laptop မှာ စပီကာ ၄ ခုထိပါဝင်ပြီး subwoofer 2 ခုပါဝင်ကာ အသံစနစ်ကို အထူးဖန်တီးပေးထားပါတယ်။ Curved screen ဟာ 21 လက်မအရွယ်ရှိပြီး Nvidia -G-Syno ကိုလည်း ထောက်ပံ့ပေးထားပါတယ်။ ကီးဘုတ်ဟာ Cherry MX switches ကိုသုံးထားပြီး RGBLED တွေ ခလုတ်တိုင်းအောက်မှာပါဝင်ပါတယ်။ Predator 21 X ဟာ 17 ပေါင်ထိ လေးတာကိုတွေ့ရပြီး ဒါဟာလည်း VR gaming desktop တွေထက်တောင် ပိုကောင်းတဲ့ hardware တွေပါဝင်နေတာကြောင့် ဖြစ်ပါတယ်။ ဒီ laptop ကိုပိုင်ဆိုင်ဖို့ 2017 ပထမဆုံး လပတ်ထိစောင့်ဆိုင်းရမှာဖြစ်ပါတယ်။



## Alcatel's Budget 360 Camera

Alcatel ဟာ VR headset တင်မကဘဲ 360 ဒီဂရီကင်မရာနှစ်ကိုလည်း ပြသခဲ့ပါတယ်။ အခြားအဆင့်မြင့်ကင်မရာတွေက ဖုန်းနဲ့တိုက်ရိုက်ချိတ်ဆက်နိုင်ပေမယ့် Alcatel ရဲ့ 360 ကင်မရာကတော့အခြေခံအဆင့်ပဲဖြစ်ပြီး ဖုန်းနဲ့တိုက်ရိုက်ချိတ်ဆက်ရပါတယ်။ ပြောရရင် ဒီဇိုင်းကလွဲပြီး ကင်မရာနှစ်ခုဟာ ဆင်တူတယ်လို့ သိရပါတယ်။ ချိတ်ဆက်ပြီးရင် 360 ဒီဂရီဗီဒီယိုနဲ့ဓာတ်ပုံတွေကို Alcatel app နဲ့ရိုက်ကူးနိုင်မှာဖြစ်ပြီး ကင်မရာနှစ်ခုက ရိုက်ကူးတဲ့ပုံတွေကို အလိုလို ဆက်စပ်ပေးမှာဖြစ်ပါတယ်။ Alcatel ဟာ ဒီကင်မရာကိုဒီဇိုင်းမတူညီတဲ့ version ၂ ခုအဖြစ် ရောင်းချမှာဖြစ်ပြီး တစ်ခုက မျက်လုံးပုံဖြစ်ကာ တစ်ခုက ပိုပါးလွှာပါတယ်။ Alcatel ရဲ့ အဆိုအရ algorithms ကြောင့် ဆက်စပ်ထားတဲ့ပုံများဟာလည်း ကောင်းမွန်ရမယ်လို့သိရပါတယ်။ ဒေါ်လာ 110 ဝန်းကျင်ဈေးရှိပါလိမ့်မယ်။








## HP Elite Slice

ကွန်ပျူတာကိုလုပ်ငန်းသုံးအတွက်ဝယ်ယူတဲ့အခါမှာ ငွေကြေးချွေတာနိုင်ဖို့ နေရာသက်သာဖို့ စတာတွေဟာ အရေးကြီးပါတယ်။ HP ဟာ ဒီအတွက် modular PC ပုံစံကို ဖန်တီးခဲ့ပြီး Elite Slice လို့ အမည်ပေးခဲ့ပါတယ်။ သေးငယ်တဲ့ desktop တစ်ခုဖြစ်ပြီး 6.5" ပတ်ပတ်လည်သာရှိကာ Apple ရဲ့ Mac Mini (သို့) HP ရဲ့ Pavilion Mini အရွယ်မျိုးပဲဖြစ်ပါတယ်။ ဒါ့အပြင် HP ဟာ ဒါတွေကို တစ်ခုပေါ်တစ်ခုဆင့် ထပ်ပြီးလိုအပ်တဲ့ အပိုပစ္စည်းကို ထပ်ဖြည့်နိုင်ဖို့ စီစဉ်ခဲ့ပါတယ်။ အခြေခံ unit ဟာ 2 လက်မ သာသာသာမြင့်ပြီး Intel Core i7 processor ထိထောက်ပံ့ပေးနိုင်ကာ လုံခြုံရေးအတွက်လက်ဗွေဖတ်တဲ့ scanner ကိုထည့်သွင်းနိုင်ပါတယ်။ ဒါကို HP Colla boration Cover တပ်ဆင်နိုင်ပြီး Skype video အတွက် touch ပါဝင်လာမှာဖြစ်ပါတယ်။ Audio Module မှာတော့ မိုက်ခရိုဖုန်း ၂ ခုနဲ့ Bang & Olufsen စပီကာ optic disc dirve စတာတွေပါဝင်ပါတယ်။ ဒါကြောင့် လိုတဲ့အစိတ်အပိုင်းကိုပဲ ဝယ်ယူပြီး လုပ်ငန်းသုံး desktop တစ်ခုကိုကောင်းကောင်းဖန်တီးယူနိုင်မှာဖြစ်ပါတယ်။ စက်တင်ဘာမှာ စတင်ရောင်းချမှာဖြစ်ပြီး 429 ဒေါ်လာကနေ 999 ဒေါ်လာထိ တပ်ဆင်တဲ့ပစ္စည်းပေါ်မူတည်ပြီး ကျသင့်မယ်လို့ သိရပါတယ်။

## Garmin Fenix Chronos

Garmin ဟာ အကောင်းစားနာရီအတွက် နာမည်ထွက်လေ့မရှိပေမယ့် နောက်ဆုံးမှာ အားကစားနာရီကောင်းကောင်းကိုထုတ်လုပ်ခဲ့ပါတယ်။ Fenix Chronos ဟာ ဒေါ်လာ 1500 တန်တဲ့ multisport GPS နာရီဖြစ်ပြီး တိုက်တေနီယမ်ကိုယ်ထည်နဲ့ လက်ပတ်၊ အထူးခံနိုင်ရည်ရှိမယ့် sapphire crystal display, နှလုံးခုန်နှုန်းတိုင်းပေးနိုင်မယ့် sensor နဲ့ အခြားသော tracking များစွာပါဝင်ပါတယ်။ မာကျောမှုရှိပြီးပေါ့ပါးပေမယ့် ဈေးကြီးသလို နာရီကလည်း ကြီးလွန်းပါတယ်။ Chronos ကို စတီးလ်နဲ့လည်းရွေးချယ်ခွင့်ပေးထားပြီး သားရေလက်ပတ်နဲ့ ဒေါ်လာ 900၊ 316 L စတီးလ်လက်ပတ်နဲ့က ဒေါ်လာ 1000 ဈေးရှိပါတယ်။ Garmin ရဲ့ အဆင့်မြင့် Fenix 3 GR အတိုင်း အခြေခံတည်ဆောက်ထားပြီး အဲဒီ့လုပ်ဆောင်နိုင်စွမ်းအားလုံးပါဝင်ခဲ့ပါတယ်။ Chronos ဟာ ပြောရရင် Fitness နဲ့ပတ်သက်တဲ့အပိုင်းမှာ Fenix 3 HR နဲ့အတူတူပဲဖြစ်ပြီး ပိုမိုပါးလွှာတဲ့ကိုယ်ထည် ပါဝင်ခဲ့ပါတယ်။ Chronos ရဲ့ဘက်ထရီဟာ 180 mAh ပဲရှိတာမို့ သေးငယ်သွားခဲ့ပြီး GPS သုံးခဲ့ရင် 13 နာရီအသုံးခံကာ နာရီနဲ့ tracker အဖြစ်ပဲသုံးရင် တစ်ပတ်အသုံးခံပါလိမ့်မယ်။ Ultra Trac mode ကတော့ GPS သုံးရင်း ဘက်ထရီကို 25 နာရီထိ မြှင့်တင်နိုင်ပါတယ်။



## Neato D3 Connected

တရုတ်ဖုန်စုပ်စက်တွေဟာ ဒေါ်လာ 700 ဝန်းကျင်ရှိကြပေမယ့် Neato D3 ကတော့ 399 ဒေါ်လာပဲရှိတာကို IFA 2016 ပွဲမှာပြသသွားခဲ့ပါတယ်။ ဒါဟာ တွေ့ရသမျှထဲမှာ ဈေးအသက်သာဆုံးစက်ရုပ်ဖုန်စုပ်စက်ဖြစ်ပါတယ်။ Neato ရဲ့ mobile app ကနေတစ်ဆင့် WiFi သုံးကာ ချိတ်ဆက်နိုင်ပြီး ဖုန်း၊ tablet ကနေတစ်ဆင့် ထိန်းချုပ်ကာ စေခိုင်းနိုင်ပါတယ်။ Neato D3 ဟာ လျှပ်စစ်စွမ်းအင်ကို Li-ion ဘက်ထရီကရယူပြီး ကုမ္ပဏီရဲ့လက်ရှိထိပ်တန်း Botvac Connected က စနစ်နဲ့ တူညီပါတယ်။ Neato D3 ဟာ Neato ရဲ့ laser navigation နည်းပညာကိုသုံးကာ ကြမ်းပြင်တွေမှာ ဖုန်ကင်းစင်ဖို့လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ D3 ဟာ Neato ရဲ့အဆိုအရ အခန်းများစွာကို ဝင်ထွက်သွားလာနိုင်မှာဖြစ်ပြီး အားတစ်ခါသွင်းထားရုံနဲ့ စတုရန်းပေ 1800 ကို ရှင်းလင်းပေးနိုင်မှာဖြစ်ပါတယ်။ ဈေးသက်သာစေဖို့အတွက် ကိုလည်း ဘက်ထရီကို လျှော့ချနိုင်ခဲ့ပြီး Standard Filter ကိုသာ သုံးစွဲခဲ့တာကို တွေ့ရပါတယ်။ အောက်တိုဘာလ ၂၀၁၆ မှာ US၊ ဥရောပတို့မှာ စတင်ရောင်းချမှာဖြစ်ပြီး တရုတ်နဲ့ဂျပန်ကိုတော့ နှစ်ကုန်ပိုင်းမှပဲရောက်လာမယ်လို့ သိရပါတယ်။




## Lenovo Yoga Tab 3 Plus

Lenovo Yoga Tab 3 Plus ဟာ 2016 အတွက် ကြေညာခဲ့ပြီး မနှစ်ကထက် ဈေးသက်သာခဲ့ပါတယ်။ Lenovo ရဲ့ 10.1" Yoga Tab 3 plus ဟာ ဖျော်ဖြေရေးသီးသန့်လိုဖြစ်နေပြီး မနှစ်ကလို ပရိုဂျက်တာပါဝင်မလာခဲ့ပါဘူး။ ဒါပေမဲ့ ဒေါ်လာ ၃၀၀ နဲ့ပဲစတင်ရောင်းချမှာမို့ ဒါကိုဖယ်ထုတ်ခဲ့ပါတယ်။ Lenovo မှာ တစ်ပါတည်းပါဝင်တဲ့ Kickstand ဒေါက်ကို ဆက်ထည့်ပေးခဲ့ပြီး ဒါဟာထောက်ထားရုံတင်မကဘဲ မီးဖို၊ အိပ်ခန်း စတာတွေမှာပါ ချိတ်ထားနိုင်ပါတယ်။ Lenovo ရဲ့ Yoga Tab 3 Plus မှာ 1.1" 2K (2560 x1600 pixels) display ပါဝင်ခဲ့ပြီး JBL စပီကာ ၄ ခုကို ရှေ့ဘက်မှာ ထားခဲ့ပါတယ်။ အဓိက ကင်မရာဟာ 13MP ဖြစ်ပြီး ရှေ့ဘက်မှာ 5MP ကင်မရာပါဝင်ပါတယ်။ Tab 3 Plus အတွက် Qualcomm ရဲ့ Snapdragon 652 processor ကိုသုံးထားပြီး RAM 3GB နဲ့ memory 32GB ပါဝင်ပါတယ်။ ရေစိုဒဏ်အချို့ခံနိုင်တဲ့ IP 52 rating ဖြစ်ပြီး အနက်နဲ့ မီးခိုးရောင် ၂ မျိုး ရနိုင်ပါတယ်။ အောက်တိုဘာမှာရောင်းချမယ်လို့ သိရပါတယ်။



## Alcatel's Vision VR Headset

Alcatel ဟာ IFA 2016 မှာ ကွဲပြားတဲ့ VR headset တစ်ခုကိုပြသခဲ့ပြီး ဖုန်းနဲ့မချိတ်ဆက်ဘဲ 360 ဒီဂရီကင်မရာနဲ့ ချိတ်ဆက်တာကို တွေ့ခဲ့ရပါတယ်။ Alcatel ရဲ့ Vision VR headset ဟာ ဖုန်းကို အားမကိုးဘဲ OLED display နှစ်ခုပါဝင်ကာ သီးခြားရပ်တည်သုံးစွဲနိုင်ပါတယ်။ Headset ဟာ ကြိုးမဲ့ဖြစ်ပြီး ဘက်ထရီနဲ့ချိတ်ဆက်မှာဖြစ်ကာ headset ရဲ့နောက်ထပ်မှာရှိနေပါတယ်။ Alcatel ရဲ့ဘက်ထရီအရ ၃ နာရီ သုံးစွဲနိုင်မှာဖြစ်ပြီး headset အားမျက်မှန်တပ်ထားလည်း အခက်အခဲမရှိသုံးစွဲနိုင်ဖို့ရှိပါတယ်။ ပြဿနာက ဒီ headset နဲ့ဘာသွားကြည့်မှာလဲလို့ စဉ်းစားရမှာဖြစ်ပြီး VR content တွေ နည်းပါးလွန်းပါသေးတယ်။ Alcatel ဟာ ဒီအတွက် VR ဖန်တီးနိုင်ဖို့ အခြားကုမ္ပဏီများနဲ့ မိတ်ဖက်ထားပြီး VR ဗီဒီယို 100 နဲ့ ဂိမ်း 50 ကို နှစ်ကုန်ခါနီး headset ရောင်းတဲ့အချိန်မှာရနိုင်မယ်လို့ဆိုခဲ့ပါတယ်။ ဒေါ်လာ 550 ကနေ 670 ဝန်းကျင်ကျသင့်မယ်လို့ပဲ မသဲမကွဲဆိုပါသေးတယ်။



## Fitbit Charge 2




Fitbit ရဲ့ ရောင်းအကောင်းဆုံး tracker ဟာ Fitbit Charge HR ဖြစ်ပြီး ယခုအခါ အဲဒါရဲ့နောက်မျိုးဆက်ကို မဖြစ်မနေထုတ်လုပ်ခဲ့ကာ Charge 2 ဟာယခင်အတိုင်းပဲ ဒေါ်လာ 150 ဈေးသတ်မှတ်ခဲ့ပါတယ်။ ဒီဇိုင်းကို အဓိကပြောင်းလဲခဲ့ပြီး စတီးကိုယ်ထည်နဲ့ လက်ပတ်ကြိုးတွေကို လဲလှယ်နိုင်လာတာကြောင့် အပိုပစ္စည်းတွေထပ်ထည့်နိုင်လာပါတယ်။ Charge 2 ရဲ့လုပ်ဆောင်နိုင်စွမ်းအများစုဟာ Charge HR နဲ့ ဆင်တူခဲ့ပြီး ဘက်ထရီသက်တမ်း၊ heart rate အလိုအလျောက်ခြေလှမ်းနဲ့ ချိတ်ဆက်မှုအာရုံခံခြင်း စတာတွေဟာ ပြန်လည်ပါဝင်ခဲ့ပါတယ်။ ဒီဇိုင်းအရပိုမိုကောင်းမွန်လာပြီး OLED အဖြူ၊ အမည်း display ကလည်း Charge HR ထက် အချက်အလက်တွေကို ပိုမိုဖော်ပြပေးနိုင်ပါတယ်။ ဆိုးတာကတော့ Charge 2 ဟာ ရေစိုမခံတာဘဲဖြစ်ပြီး GPS လည်းမပါဝင်ဘဲ ဒီတွက်ဖုန်းရဲ့ GPS ကိုပဲအားကိုးရပါတယ်။

## Samsung Gear S3



Samsung ဟာ Gear စမတ်နာရီအသစ်ကိုပြသခဲ့ပြီးကြီးမားတဲ့အားကစားနာရီတစ်ခုနဲ့ဆင်တူတယ်လို့ ထင်ရပါတယ်။ Gear S3 ဟာ ပိုပြီးစတိုင်ကျလာခဲ့ပြီး စတီးကိုယ်ထည်နဲ့ 22 mm နာရီလက်ပတ်တို့ပါဝင်ခဲ့ပါတယ်။ နေ့စဉ်ဝတ်ဆင်နေကျလုပတဲ့ နာရီတစ်ခုနဲ့တူပါတယ်။ ဆွစ်နာရီဒီဇိုင်းမှာ Yvan Arpa ရဲ့လက်ရာကြောင့် အထူးလှပခဲ့ပြီး နာရီမျက်နှာပြင်တွေကလည်းတောက်ပမှုအပြည့်ရှိခဲ့ပါတယ်။ Gear S3 ဟာကိုယ်ပိုင် Tizen OS ကိုပဲသုံးစွဲထားပြီး Android ဖုန်းတွေနဲ့တော့ တွဲဖက်အလုပ်လုပ်နိုင်ပါတယ်။ 42 mm Apple Watch ထက်တောင် ကြီးမားလာတာကို တွေ့ရပါတယ်။ ဒီလိုကြီးမားခြင်းက 380mAh ဘက်ထရီပါဝင်လို့ဖြစ်ပြီး 4 ရက်ထိအသုံးခံကာနာရီတိုင်းမှာ GPS ပါဝင်လာပါတယ်။




Model နှစ်ခုမှာ Classic ဟာ ပေါ့ပေါ့ပါးပါးသုံးစွဲဖို့ဖြစ်ပြီး Frontier ကတော့အကြမ်းခံကာအားကစားလုပ်ဖို့အတွက်ဖြစ်ပါတယ်။ အဝေးကကြည့်ရင် ကွာခြားမှုမရှိဘဲ အတော်တူညီပါတယ်။ သီးခြားရပ်တည်သုံးစွဲနိုင်တဲ့ စမတ်နာရီကိုလိုချင်ရင် S3 Franter မှာ LTE version သက်သက်ရှိပါတယ်။ Data network လည်းပိုမိုမြန်ဆန်လာတာကြောင့် Spotify ကို streaming နဲ့သုံးတာ ပိုကောင်းလာနိုင်ပါတယ်။ Gear S3 မှာ Fit 2 တို့လိုပဲ အလိုအလျောက်အာရုံခံနိုင်တဲ့ activity tracking ပါဝင်တာကြောင့် လုပ်ဆောင်နိုင်စွမ်းတွေ ပိုမိုစုံလင်လာခဲ့ပါတယ်။

ဖုန်းခေါ်ဆိုမှုပြုလုပ်ဖို့ မိုက်ခရိုဖုန်းနဲ့ စပီကာပါဝင်လာခဲ့ပြီး Gear S3 ဟာ Samsung Pay ကို ထောက်ပံ့ပေးနိုင်လာပါတယ်။ 1.3" Super AMOLED 360 x 360 display ပါဝင်ပြီး GorillaGlass 3 နဲ့ဖုံးအုပ်ကာကွယ်ပေးထားတဲ့အပြင် ခြစ်မိတဲ့ဒဏ်ကိုပါ ထပ်မံကာကွယ်ပေးထားပါတယ်။ Exynos 7270 processor 1.0 GHz dual-core processor ကိုသုံးထားပြီး storage 4 GB ပါဝင်ပါတယ်။ IP 68 ရေစိုဒဏ်ကို ခံနိုင်ပြီး Spotify app streaming ကို ခွင့်ပြုထားပါတယ်။ Classic နဲ့ Frontier model ၂ မျိုးအနေနဲ့ထုတ်လုပ်မှာဖြစ်ပါတယ်။



## Asus ZenWatch 3

Asus ဟာ ZenWatch 3 ကို IFA 2016 မှာကြေညာသွားခဲ့ပြီး ဒေါ်လာ 250 ဝန်းကျင်ရှိမယ်လို့ သိရပါတယ်။ စက်ဝိုင်းပုံ 1.39" AMOLED screen ပါဝင်ပြီး 287 ppi ရှိကာ 9.95 mm ထူပါတယ်။ ခပ်ပြေပြေလေးပဲကွေးထားတဲ့ Corning Gorilla Glass နဲ့ဖုံးအုပ်ပေးထားပြီး အကာအကွယ်ရရုံမက သမားရိုးကျ နာရီတစ်ခုနဲ့ပိုတူတဲ့ ခံစားချက်ကိုပေးနိုင်ပါတယ်။ Screen ပေါ်မှာ နာရီပုံစံ ၅၀ လောက်ရွေးနိုင်ပြီး တချို့ face တွေက widget ကိုပါထောက်ပံ့ပေးထားတာကြောင့် ရာသီဥတု၊ notification စတာတွေကို သိနိုင်ပါတယ်။ နာရီမျက်နှာပြင်ပုံစံပြောင်းလဲဖို့အတွက်ကတော့ ဖုံးထဲက ZenWatch Manager app ကို သုံးရပါတယ်။ Android Wear စမတ်နာရီတွေမှာ ခလုတ်တစ်ခု၊ နှစ်ခုပဲရှိပေမယ့် Zen Watch မှာတော့ သုံးခုထိပါဝင်ပြီး app တွေဖွင့်ဖို့ သုံးနိုင်တာကို တွေ့ရပါတယ်။ Asus ရဲ့အလိုအရ 340 mAh ဘက်ထရီဟာ ၂ ရက်အသုံးခံမှာဖြစ်ပြီး နာရီနောက်မှာ အပိုတပ်ကပ်လို့ရတဲ့ 200 mAh ဘက်ထရီအပိုပစ္စည်းကိုလည်း လိုအပ်ရင် ထပ်မံဝယ်ယူနိုင်ဦးမှာဖြစ်ပါတယ်။ ZenWatch 3 မှာ Snapdragon Wear 2100 processor ကို ပထမဆုံးသုံးခဲ့ပြီး Hyper Charge နည်းပညာအသစ်ပါဝင်ကာ 15 မိနစ်အားသွင်းရုံနဲ့ ၆၀ % အားဖြည့်သွင်းပေးနိုင်ပါတယ်။ ရေဒဏ်ခံနိုင်တဲ့ IP 67 rating ပါဝင်ပြီး Android နဲ့ iPhone နှစ်မျိုးလုံးအတွက် သုံးစွဲနိုင်ပါတယ်။



စာမျက်နှာ ၄၀ သို့ . . .


ASUS
IN SEARCH OF INCREDIBLE
Golden Power Technology
Your Reliable Supplier
GEFORCE GTX 1060
$370
ASUS DUAL-GTX1060-06G
3-Years Warranty
NVIDIA GEFORCE GTX
VR READY
OC EDITION
6GB GDDR5 MEMORY
GPU Tweak
Real-time Graphics Tuning and Live Streaming
Golden Power Technology Ltd.
မြန်မာပြည် တရားဝင် ကိုယ်စားလှယ်
Yangon Showroom & Service Center
No.15, Baho Road, Sanchaung Township, Yangon.
Tel : (01) 2304848
sales@gpt-mm.com, support@gpt-mm.com | www.gpt-mm.com
Mandalay Showroom & Service Center
Unit-16, Block-1, 73 Street, Between Thazin Street and
Ngu Shwe War Street, Chanmya Thazi Township, Mandalay.
Tel: (02)2000117~118, 09-910-43-803, 0940-260-20-20, 0973-214926


LB-LINK
300Mbps Wireless
ADSL2 + Modem Router
Model : BL-WMR8300
750Mbps Wireless
Dual Band 11AC Router
Model : BL-WDR3750
300Mbps High Gain
Wireless N Router
Model : BL-WR4300H
300Mbps Universal
WiFi Range Extender
Model : BL-WA730RE
150Mbps Nano Wireless N USB Adapter
Model : BL - WN151
LB-LINK 150Mbps
300Mbps Nano Wireless N USB Adapter
Model : BL-WN2210
150Mbps High Gain Wireless N USB Adapter
Model : BL-WN190AH
LB Link For Internet
သင့် Internet အတွက် WiFi ဖြန့်ချိမှုအား အကောင်းဆုံး Router များကို သင့်တော်သောဈေးနှုန်းဖြင့် လိုချင်ပါသလား ?
LB Link မှ လူကြီးမင်းတို့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေပါပြီ . . .
"Router များကို 3 Years Warranty ပေးထားပြီး လှည်းတန်း၊ စံရိပ်ငြိမ်၊ ဆင်ရေတွင်း၊ ဆိပ်ကမ်းသာလမ်းနှင့် ၃၈ လမ်းရှိ Computer ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ"
STERLING SILVER SOLUTIONS CO.,LTD မှ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လက်လီလက်ကားဖြန့်ချိရောင်းချပေးနေပါပြီ။
SSS Computer Sales & Services ➤ E-51, Sakawar 4 Street, FMI City, Hlaing Tharyar Tsp, Yangon. HP : 09 783885800, 09 261616124

# TOP NEW GADGET 2016













### 1. NuBrilliance Handheld Microdermabrasion System

တစ်နေ့တာလုံးရုန်းကန်လှုပ်ရှားပြီးတဲ့နောက်မျက်နှာမှာဖုန်မှုန့်နဲ့အညစ်အကြေးမိတ်ကပ်အကြွင်းအကျန်တွေရှိနေတတ်ပါတယ်။ ထိုကဲ့သို့သောကိစ္စရပ်များကိုကူညီပေးနိုင်မယ့်ယခုပစ္စည်းလေးဟာ သင့်မျက်နှာပေါ်ရှိ အညစ်အကြေးတွေကို ဖယ်ရှားရှင်းလင်းပေးမှာဖြစ်ပြီး ချောမွေ့မှုကိုခံစားရစေမှာပါ။ မည်သည့်အသားအရည်အမျိုးအစားကိုမဆိုအသုံးပြုနိုင်မှာဖြစ်ပြီး ၎င်းမှာ Normal, Fine နဲ့ Precision Grain Surfaces ၃ ခုပါရှိပါတယ်။ ၎င်းကိုမျက်နှာ၊ လည်ပင်း၊ ခြေလက်တွေအတွက်ပါ အသုံးပြုနိုင်ပြီး ၁၁၉ ဒေါ်လာဖြင့် ဝယ်ယူနိုင်ပါတယ်။

### 2. Pablo The Pufferfish Nightlight

ညအခါမှာအမှောင်ကြောက်တတ်သူတွေအတွက် အဖော်မွန်ကောင်းလေးပါ။ ကလေးသူငယ်များကြိုက်နှစ်သက်စေမယ့်ပုံစံလေးဖြစ်ပြီး ချစ်စရာကောင်းပါတယ်။ ၎င်းကို AAA Batteries ၃ လုံးဖြင့် အသုံးပြုပေးထားပြီး LED Life Time 100,000 Hours ရှိတာကြောင့် စိတ်တိုင်းကျအသုံးပြုနိုင်ပါတယ်။ စွမ်းအင်ကိုချွေတာနိုင်ရန်အတွက် အသုံးပြုပြီး တစ်နာရီကြာရင် အလိုအလျောက်ပိတ်သွားနိုင်မည်ဖြစ်ကာ စတာလင်ပေါင် ၉ • ၉၉ ဖြင့်ဝယ်ယူနိုင်ပါတယ်။ အိပ်ခန်းထဲမှာလည်းအသုံးပြုနိုင်တဲ့အပြင် ဧည့်ခန်းထဲမှာလည်း အလှဆင်ပစ္စည်းအဖြစ် အသုံးပြုနိုင်ပါတယ်။

### 3. Super Retro Gamer 4 Port USB Hub

နည်းပညာတွေတိုးတက်နေတဲ့ခေတ်မှာ Data တွေရွှေ့ပြောင်းတာနဲ့ဖုန်းတွေအားသွင်းဖို့အတွက် USB Hub တွေဟာ အင်မတန်အရေးပါလာပါတယ်။ ယခုထုတ်လုပ်ပေးလိုက်တဲ့ USB Hub ဟာဆိုရင်အပေါက် ၄ ပေါက် ပါရှိတာကြောင့် တစ်ပြိုင်နက်တည်းအသုံးပြုနိုင်ကာ အသုံးပြုရမြန်ဆန်အဆင်ပြေပါတယ်။ ၎င်းကို ၁၂ • ၉၉ ဒေါ်လာဖြင့်ဝယ်ယူနိုင်ကာ ရုံးသုံးအတွက်ဖြစ်စေ၊ ကျောင်းသုံးအတွက်ဖြစ်စေ၊ Data များကို Transfer လုပ်ဖို့အဆင်ပြေစေပါတယ်။ အရွယ်အစားလည်းသေးငယ်တာကြောင့် နေရာမရွေးအလွယ်တကူသယ်ဆောင်အသုံးပြုနိုင်တဲ့ပစ္စည်းလေးဖြစ်ပါတယ်။

### 4. Perfect Kitchen Pro Smart Scale

ဟင်းချက်တဲ့အခါပါဝင်တဲ့ပစ္စည်းတွေရဲ့အရေအတွက်အလိုက် အရသာပြောင်းလဲတတ်ပါတယ်။ အချိုးအဆတိတိကျကျထည့်ဖို့လိုရင်တော့ မှန်ကန်အောင် တိုင်းတာနိုင်တဲ့ပစ္စည်းလေးကို လိုအပ်လာပါပြီ။ အိမ်ရှင်မများစိတ်ကြိုက်ဖြစ်စေမယ့်အပြင် စားသောက်ဆိုင်ဖွင့်ထားသူများအတွက်ပါ အဆင်ပြေစေပြီး စားဖိုမှူးတွေအတွက်လည်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ၎င်းကို ၁၂၉ • ၉၅ ဒေါ်လာဖြင့်ဝယ်ယူနိုင်ကာ အရည်အသွေးကောင်းမွန်တာကြောင့် ဈေးအနည်းငယ်ကြီးပါတယ်။ အရသာရှိလှတဲ့ဟင်းလျာကို ချက်ပြုတ်နိုင်ဖို့ကူညီပေးမှာဖြစ်တာကြောင့် ဝယ်ယူသင့်ပါတယ်။

### 5. Enchanted Light-Up Unicorn Slippers

Unicorn ဟာ ဒဏ္ဍာရီထဲမှာ နာမည်ကြီးတဲ့သတ္တဝါတစ်ကောင်ဖြစ်ပြီး ယင်းပုံစံကိုအတုယူကာ မီးအိမ်ကို တီထွင်ပေးထားပါတယ်။ ထူးခြားဆန်းပြားတဲ့ပုံစံအသွင်အပြင်ဖြင့် ဖန်တီးပေးထားကာ ကလေးသူငယ်များအကြိုက်ဖြစ်စေမယ့်ပုံစံလေးဖြစ်ပါတယ်။ ၎င်းကို CR 2023 Batteries ဖြင့်အသုံးပြုပေးထားပြီးသင့်နေအိမ်မှာ အလှဆင်ပစ္စည်းအနေနဲ့ရော မီးအိမ်အနေနဲ့ပါ အသုံးပြုနိုင်ပါတယ်။ ၎င်းကို စတာလင်ပေါင် ၃၄ • ၉၉ ဖြင့်ဝယ်ယူနိုင်မှာဖြစ်ပြီး ထူးဆန်းတဲ့ဒီဇိုင်းလေးကြောင့် ဆွဲဆောင်မှုရှိစေမှာဖြစ်ကာ ကလေးတွေအကြိုက်ဖြစ်စေမှာဖြစ်ပါတယ်။













### 6. WalabotDIY

3D ပုံရိပ်ဖမ်းကိရိယာဖြစ်ပြီး အရာဝတ္ထုတွေကို scan ရိုက်ယူပေးနိုင်တဲ့ ကိရိယာဖြစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်သားတွေအတွက် အိမ်ဆောက်တဲ့အခါနံရံတွေနဲ့ အခြားပစ္စည်းကိရိယာတွေရဲ့အောက်ဘက်မှာရေပိုက်တို့၊ ဝိုင်ယာကြိုးတို့ရှိမရှိကိုစစ်ဆေးဖို့အတွက် scan ရိုက်ပြီးဖောက်ထွင်းကြည့်ရှုနိုင်ပါတယ်။ နံရံတွေကိုလွန်နဲ့ဖောက်တဲ့အခါမှာလျှပ်စစ်ဝိုင်ယာကြိုးတွေကိုထိမိတာတွေမရှိအောင်ကူညီပေးနိုင်ပါတယ်။ Android 5.0 နဲ့အထက်ရှိတဲ့စမတ်ဖုန်းတွေနဲ့တွဲသုံးနိုင်ပြီး scan ရိုက်လိုက်တဲ့ပုံတွေကိုစမတ်ဖုန်းမှာပြသပေးပါတယ်။ ဈေးနှုန်းက ၂၉၉ ဒေါ်လာပါ။

### 7. Word-Writer BL-80

ဂျပန်ဘာသာစကားလေ့လာနေသူတွေအတွက်ဂျပန်စာကိုရေးသားရာမှာအထောက်အကူဖြစ်ဖို့အတွက်အသုံးပြုနိုင်တဲ့ကိရိယာဖြစ်ပါတယ်။ Hiragana, Katakana နဲ့ kangi တို့ပါဝင်တဲ့ သီးခြားအက္ခရာ ၃ မျိုးပါရှိပါတယ်။ လက်ရေးမူတွေရေးပေးနိုင်သလို လက်ရေးလက်သားတွေကရှင်းလင်းတိကျပြီး ပြီးပြည့်စုံမှုရှိစေပါတယ်။ ရောမအက္ခရာနဲ့လျှပ်စစ်ပညာရပ်ဝေါဟာရတွေ၊ ရုရှားနဲ့ဘူလ်ဂေးရီးယားအက္ခရာနဲ့ ဂရိအက္ခရာတို့ကိုပါရေးသားနိုင်ပါတယ်။ Marker၊ မင်ဗူးနဲ့ ဘောလ်ပင် ထည့်စရာနေရာ ၂ ခုတို့ပါရှိပြီး ဈေးနှုန်းကတော့ ၁၁၀၀ ဒေါ်လာကျသင့်ပါမယ်။

### 8. Satechi Wireless Charging Pad

Qi Wireless Charing နည်းပညာရတဲ့မိုဘိုင်း device တွေကိုမြန်ဆန်စွာအားသွင်းပေးနိုင်တဲ့ အားသွင်းကိရိယာဖြစ်ပါတယ်။ အလူမီနီယံနဲ့ပြုလုပ်ထားပြီး ကျစ်လျစ်ပါးလွှာတဲ့အားသွင်းကိရိယာဖြစ်ပါတယ်။ Qi နည်းပညာရတဲ့ Samsung Galaxy Note, LG နဲ့ HTC စမတ်ဖုန်းတွေကိုကြိုးမဲ့စနစ်နဲ့မြန်ဆန်စွာအားသွင်းပေးနိုင်ပါတယ်။ ပုံမှန်ကြိုးမဲ့အားသွင်းကိရိယာတွေထက် အားသွင်းနှုန်း ၁ • ၄ ဆပိုမိုမြန်ဆန်ပါတယ်။ ၇ • ၈ မီလီမီတာထူပြီး အားသွင်းနှုန်းမြန်သလောက် အပူစွန့်ထုတ်မှုနည်းပါတယ်။ ဈေးနှုန်းကတော့ ၂၄ • ၉၉ ဒေါ်လာပါ။

### 9. Smartphone Projector 2.0

သင့်စမတ်ဖုန်းမှာရှိတဲ့ဗီဒီယိုတွေကိုစမတ်ဖုန်းပေါ်မှာပဲကြည့်ရှုနေရတာ အားမရတဲ့သူတွေအတွက် စမတ်ဖုန်းပရိုဂျက်တာဖြစ်ပါတယ်။ စမတ်ဖုန်းထဲကနှစ်သက်ရာဗီဒီယိုတွေကိုနံရံပေါ်မှာထိုးပြီးပိုမိုကျယ်ပြန့်တဲ့မျက်နှာပြင်နဲ့ အားပါးတရကြည့်ရှုနိုင်စေမယ့် စမတ်ဖုန်းပရိုဂျက်တာပဲဖြစ်ပါတယ်။ မြင်ကွင်းကို ၈ ဆအထိချဲ့ပေးနိုင်တဲ့အရည်အသွေးမြင့်မှန်ဘီလူးကိုအသုံးပြုထားပါတယ်။ အကြမ်းခံတဲ့ကတ်ထူသားနဲ့ပြုလုပ်ပေးထားတာဖြစ်တဲ့အတွက် ခေတ်ဟောင်းပရိုဂျက်တာပုံစံမျိုးရှိပါတယ်။ ဈေးနှုန်းကတော့ ၁၉ ။ ၉၉ ပေါင်ဖြစ်ပါတယ်။

### 10. ROCCAT Skeltr Smart RGB Keyboard

ဖုန်းနဲ့ tablet မှာအတူတကွစာရိုက်နိုင်တဲ့စမတ်ဆက်သွယ်ရေး RGB ကီးဘုတ်ဖြစ်ပါတယ်။ စာရိုက်တဲ့ကီးဘုတ်အဖြစ်သာမက သင့်ရဲ့ device တွေအတွက် dock တစ်ခုအဖြစ်ထားပြီးတော့လည်းအသုံးပြုနိုင်ပါတယ်။ ကီးဘုတ်ပေါ်မှာမြောင်းတွေပါပြီး အဲဒီမှာစမတ်ဖုန်းတို့၊ tablet တို့ကိုစိုက်ပြီးအသုံးပြုနိုင်ပါတယ်။ ဖုန်းနဲ့ headset ကိုတွဲသုံးပြီးတော့လည်း ဂိမ်းကစားရင်းနဲ့ဖုန်းခေါ်ဆိုနိုင်သလို သင့်ဖုန်းထဲကသီချင်းတွေကို တိုက်ရိုက်နားဆင်နိုင်ပါတယ်။ ဈေးနှုန်းကတော့ ဒေါ်လာ ၁၀၀ ပါ။

# Apple မှ စက်တင်ဘာ ၇ ရက်ပွဲအတွက် ဖိတ်ကြားမှု စတင်ပြုလုပ်




Apple သည် စက်တင်ဘာ ၇ ရက်နေ့ပွဲအား တရားဝင်ကြေညာခဲ့ပြီဖြစ်ကာ အများစုက ထိုပွဲသည် iPhone 7 အတွက် ပွဲဖြစ်ကြောင်းသိရှိထားကြသည်။ ထို့အပြင် ထိုဖုန်းကို စက်တင်ဘာ ၁၆ ရက်တွင် စတင်ရောင်းချလိမ့်မည်ဟုလည်းဆိုခဲ့သည်။ နောက်ဆုံးမျိုးဆက် iPhone တွင် တိုးတက်မှုများစွာ ဖြစ်ကြရမည်ဟု ကြိုတင်သတင်းများ ထွက်ပေါ်ခဲ့ပြီး dual-lens ကင်မရာစနစ်၊ ဖိအားကိုသိနိုင်သော home ခလုတ်၊ စတီရီယိုအသံ၊ ရေစိုဒဏ်ခံနိုင်မှုနှင့် storage 32GB အနည်းဆုံး ပါဝင်လိမ့်မည်ဟု ဆိုကြသည်။ Apple မှ 3.5mm headphone jack ကို ဖယ်ရှားနိုင်သည်ဟုလည်း ခန့်မှန်းမှုများရှိခဲ့သည်။ Apple ၏ ဖိတ်စာတွင် ထူးထူးခြားခြားဘာမှမပါဘဲ "See you on 7th" ဟုသာ ရေးထားသည်။ ဆန်ဖရန်စစ္စကိုတွင် နံနက် ၁၀ နာရီ၌ ကျင်းပမည်ဖြစ်သည်။ iPhone အသစ်တွင် အဓိကပါဝင်လာနိုင်သော အချက်များမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းဖြစ်ပြီး ပိုမိုပါးလွှာလာနိုင်သည်ဟုလည်း ယူဆကြသည်။ Screen အရွယ်အစားကိုမူ iPhone 6 series ပုံစံအတိုင်းသာရှိဦးမည်ဟုဆိုကြသည်။ Apple သည် lightning connector (သို့) Bluetooth ကိုသာ အသံစနစ်အတွက် သုံးရန်ရည်ရွယ်၍ 3.5mm headphone jack ကိုဖယ်ရှားခဲ့ပါက ရဲရင့်သော ခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ သို့သော် အချို့ကမူ ပထမပိုင်းတွင် ပြောင်းလဲနိုင်ရန်အတွက် adapter ပါဝင်မည်ဟုခန့်မှန်းကြသည်။ Apple အနေဖြင့် iPhone 7 အား စမတ်ဖုန်းရောင်းအား ပြန်တက်လာစေရန် အားကိုးရမည်ဖြစ်သည်။ ခန့်မှန်းချက်များအရ iPhone 7 ကို ဝယ်ရန် စောင့်မျှော်နေကြသော Apple ပရိသတ်များစွာရှိကြောင်းသိရသည်။ ၇ ရက်နေ့ပွဲသည် Apple အား Watch အသစ်နှင့် ကွန်ပျူတာ၊ laptop အသစ်စသည်တို့ပါ ပြသရန်အတွက် အခွင့်အရေးရစေမည်ဖြစ်သည်။

• • •

# Asus မှ ROG PC Gaming Gear အသစ်များကို ပြသခဲ့



Asus ၏ Repbulic of Gamers သည် IFA တွင် စိတ်ဝင်စားဖွယ်ပစ္စည်းများကို ပြသသွားခဲ့သည်။ ထိုအထဲတွင် ROG 3D Mod PC Build သည် စိတ်ဝင်စားဖွယ်ဖြစ်ခဲ့ပြီး Asus Auro RGB Lighting နည်းပညာနှင့် 3D print အစိတ်အပိုင်းများ ပေါင်းစပ်ထားခြင်းဖြစ်သည်။ Water cooling ပါဝင်ပြီး ROG Rampage V Edition 10 motherboard နှင့် ROG Strix GTX 1080 ဂရပ်ဖစ်ကတ်တို့ပါဝင်သည်။ အခြား 3D print ပစ္စည်းများအဖြစ် ROG Claymore gaming ကီးဘုတ်နှင့် ROG Spatha gaming mouse တို့ကိုလည်းတွေ့ကြရသည်။ XG Station ကိုလည်း အဆင့်မြှင့်တင်မှုပြုလုပ်ခဲ့ပြီး ROG XG Station 2 သည် VR ဂိမ်းကစားနိုင်သော laptop ဖြစ်လာမည်ဟုဆိုထားကာ 600 W 80 PLUS Gold PSU ပါဝင်ခဲ့ပြီး AMD နှင့် Nvidia ၏ GPU အသစ် များပါဝင်လာခဲ့သည်။ Thunderbolt 3 အပြင် XG Station 2 ၌ USB 3.0 port ၄ခုလည်း ပါဝင်ခဲ့သည်။ Intel ၏ 6th gen Core processor ပါဝင်သော desktop သုံးမျိုးကိုလည်း ပြသသွားခဲ့ပြီး ROG GT51 တွင် Intel Core i7-6700 K နှင့် Nvidia GTX 1080 အား 2.Way SLI ဖြင့် နှစ်ကတ်သုံးကာ 4K gaming အား ထောက်ပံ့ပေးခဲ့သည်။ ROG G20 compact 9.5 litre PC မှာမူ Skylake i7 processor နှင့် ဖြစ်ပြီး Nvidia GTX 1080 ထိ သုံးစွဲနိုင်သည်။ ထို့နောက် ASUS G11 gaming PC ဖြစ်ပြီး G20 နှင့်ဆင်တူသော်လည်း ပုံမှန် tower PC တစ်ခုအဖြစ် တည်ဆောက်ခဲ့ကာ LED အလင်းရောင် effect များပါဝင်ခဲ့သည်။ Laptop အတွက်မူ ROG သည် ပါးလွှာပေါ့ပါးသော ROG G 701 VI ကို ပြသခဲ့ပြီး ၁.၃ လက်မသာထူကာ Nvidia GTX 1080ပါဝင်သည်။ ကမ္ဘာ့အပါးလွှာဆုံး gaming laptop ဟုဆိုခဲ့သည်။ Overlock လုပ်နိုင်သော Intel Core i7 processor လည်း ပါဝင်ပြီး G-SYNC ထောက်ပံ့ပေးထားသည့် 120Hz screen ပါဝင်ခဲ့သည်။ ထို့အပြင် Asus ROG Hypercool triple-copper thermal module နှင့် anti-ghosting gaming ကီးဘုတ်များပါဝင်သည်။ မော်နီတာတစ်ခုကိုလည်းပြသခဲ့ပြီး ROG Swift PG 258 Q သည် 24.5" Full HD resolution ရှိကာ 1ms response time ရှိပြီး 240Hz refresh rate ရှိကာ G-SYNC ကို ထောက်ပံ့ပေးထားပြီး ဘေးဘောင်များ အထူးပါးလွှာခဲ့သည်။

# Sony မှ Xperia XZ ဖုန်းအား IFA တွင်ပြသခဲ့



Sony Xperia XZ သည် Xperia X ၏နောက်မျိုးဆက်ဖြစ်ပြီး ဒီဇိုင်း စွမ်းဆောင်ရည်၊ ကင်မရာ၊ ဘက်ထရီသက်တမ်းစသည့် စွမ်းဆောင်ရည်များပေါ်တွင် အဓိကအခြေခံတည်ဆောက်ခဲ့သည်။ ဒီဇိုင်းသစ် Looped surface နှင့် အရောင်သစ် Forest blue တို့ကို စတင်မိတ်ဆက်ခဲ့သည်။ ဖုန်းအား ALKALEIDO ဟုခေါ်သော အလူမီနီယံဖြင့်ပြုလုပ်ထားပြီး လက်ထဲတွင် ကိုင်တွယ်ရအဆင်ပြေစေသည်။ Xperia XZ တွင် 5.2" IPS display ပါဝင်ကာ 1080p resolution ရှိပြီး Snapdragon 820 chipset အား 3 GB RAM ဖြင့် တွဲဖက်သုံးစွဲထားသည်။ Storage 32GB ရှိပြီး micro SD ဖြင့် 200GB ထိ ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ USB Type-C နဲ့ စတီရီယိုစပီကာတို့ ပါဝင်လာပြီး Xperia ထိပ်တန်းဖုန်းပီပီ ရေစိုဒဏ်လည်းခံနိုင်ခဲ့ပါတယ်။ Xperia XZ ရဲ့ အဓိကဆွဲဆောင်မှုတစ်ခုက 23MP ကင်မရာဖြစ်ပြီး f/2.0 lens နဲ့ဖြစ်ပါတယ်။ XZ အတွက် Sony ဟာ IM x 300 sensor ကိုဖန်တီးပေးခဲ့ပြီး autofocus စနစ်အသစ်ကိုသုံးခဲ့ပါတယ်။ Color detection, phase detection နဲ့ laser-assist ကိုသုံးပြီး အကွာအဝေးကိုသိနိုင်ကာ လှုပ်ရှားနေတဲ့အရာများကို ခြေရာခံနိုင်ပါတယ်။ Triple image sensing လို့ခေါ်ပြီး ဓာတ်ပုံ၊ ဗီဒီယိုတွေမှာ အမြဲတိကျတဲ့ focus ကို ရစေနိုင်ပါတယ်။ OIS မပါဘဲ Steady Shot Intelligent Active Mode ကို 5-axis gyroscope နဲ့အတူ တည်ငြိမ်မှုရှိဖို့ ထောက်ပံ့ပေးထားပါတယ်။ 4 K ဗီဒီယိုရိုက်ကူးပေးနိုင်ပြီး 2x lossless zoom ကိုလည်း ထောက်ပံ့ပေးထားပါတယ်။ XZ မှာ 2900mAh ဘက်ထရီနဲ့ Quick Charge 3.0 တို့ ပါဝင်ပါတယ်။ Xperia XZ ကို အောက်တိုဘာမှာ စတင်ဖြန့်ချိမှာဖြစ်ပြီး ဈေးနှုန်းအတိအကျကို မသိရသေးပါဘူး။

# Lenovo K6, K6 Power နှင့် K6 Note တို့အား တရားဝင်ထုတ်လုပ်



IFA ပွဲတွင် Lenovo သည် K6 ဖုန်းများအား ပြသသွားခဲ့ပြီး model ၃ ခုပါဝင်ကာ ရိုးရှင်းသော Lenovo K6, K6 Power နှင့် K6 Note တို့ဖြစ်ပြီး specs အများအပြားမှာတူညီခဲ့သည်။ ဖုန်းသုံးခုစလုံးအတွက် Snapdragon 430 ကိုသုံးစွဲထားပြီး octa-core CPU ဖြစ်ကာ Cortex A53 cores ၄ခု 1.5GHz နှင့် ကျန် cores ၄ခုမှာ 1.2GHz မြန်နှုန်းအသီးသီးရှိကြသည်။ lenovo K6 တွင် RAM 2GB နှင့် storage ကို 16GB (သို့) 32GB ရွေးချယ်နိုင်မည် ဖြစ်သည်။ K6 Power မှာမူ 2GB/ 16GB နှင့် 3GB/32GB ပုံစံကွဲပြားသွားပြီး K6 Note တွင်မူ 32GB storage တစ်မျိုးတည်းသာပါဝင်ပြီး RAM ကိုမူ 3GB (သို့) 4GB ရွေးချယ်နိုင်မည်ဖြစ်သည်။ Model သုံးမျိုးစလုံးအတွက် micro SD ကတ်အား ထည့်သွင်းသုံးစွဲနိုင်မည်ဖြစ်သည်။ K6 နှင့် K6 Power တို့တွင် ၅ လက်မ display ပါဝင်ပြီး K6 Note တွင်မူ 5.5" display ပါဝင်ခဲ့ပြီး အားလုံးမှာ Full HD resolution ရှိကြကာ ဘက်ထရီမှာ K6 အတွက် 3000mAh, K6 Power အတွက် 4000mAh ဖြစ်ပြီး K6 Note နှင့် တူညီခဲ့ကြောင်း သိရသည်။ ကင်မရာမှာ K6 နှင့် K6 Power တူညီပြီး 13MP ကင်မရာများဖြစ်ကာ K6 Note တွင် 16MP နှင့် Phase detection AF တို့ ပါဝင်ခဲ့သည်။ သုံးမျိုးစလုံးတွင် 8MP selfie ကင်မရာများ တပ်ဆင်ထားသည်။ Dual-SIM, LTE စသည်တို့ပါဝင်ကာ ကျောဘက်တွင် Fingerprint sensor နှင့် Dolby Atmos တို့ပါဝင်ခဲ့သည်။ Android Marshmallow ကို သုံးစွဲထားပြီး ဖုန်းအားလုံးမှာ ယူရို ၁၅၀ မှ ၂၃၀ ကြားတွင်ရှိမည်ဖြစ်သည်။

# TP-Link မှ Neffos X1 နှင့် Neffos X1 Max စမတ်ဖုန်းများအား ပြသခဲ့



TP-Link သည် wireless network ပစ္စည်းများနှင့်သာ လူသိများသော်လည်း ယခုအခါ Neffos စမတ်ဖုန်းသစ် ၂လုံးကိုထုတ်လုပ်ခဲ့ပြီး Android ဖုန်းများဖြစ်ကြောင်း သိရှိရသည်။ Neffos X1 နှင့် X1 Max တို့သည် တူညီသောအချက်များစွာရှိပြီး အဓိကကွာခြားချက်မှာ အရွယ်အစားသာဖြစ်သည်။ X1 တွင် ၅လက်မအရွယ် 720p display ပါဝင်ကာ Sony IMX 298 sensor ပါဝင်သည့် f/2.0 13MP ကင်မရာ phase detection AF နှင့် dual -tone LED flash တို့ပါဝင်သည်။ ရှေ့ဘက်တွင် 5MP ကင်မရာပါဝင်ပြီး MediaTek ၏ AF နှင့် daul-tone LED flash တို့ပါဝင်သည်။ ရှေ့ဘက်တွင် 5MP ကင်မရာပါဝင်ပြီး MediaTek ၏ Helio P10 chipset ကိုသုံးထားကာ 1.8GHz octa-core CPU ဖြစ်ပြီး Mail T 860 GPU ပါဝင်သည်။ 4G LTE နှင့် dual-SIM သုံးစွဲမှုကို ထောက်ပံ့ပေးထားပြီး ကျောဘက်တွင်ပါဝင်ကာ Fingerprint sensor သည် ၀.၂စက္ကန့်အတွင်း သိရှိနိုင်မည်ဟုဆိုသည်။ Android 6.0 Marshmallow အား သုံးစွဲထားသည်။ Version ၂ မျိုးရှိမည်ဖြစ်ကာ RAM 2GB storage 16GB နှင့် RAM 3GB, storage 32GB တို့ဖြစ်ကြသည်။ မည်သို့ဖြစ်စေ micro SD ထည့်သွင်းခွင့်ပေးထားပြီး 2250mAh ဘက်ထရီအားသုံးစွဲထားသည်။ Neffos 1 x Max သည် 5.5" 1080p display ပါဝင်ခဲ့ပြီး 3000mAh ဘက်ထရီပါဝင်ကာ 3GB/ 32GB နှင့် 4GB/ 64GB နှစ်မျိုးကွဲပြားမည်ဖြစ်သည်။ ကျန် specs များမှာမူ X1 နှင့်အတူတူပင်ဖြစ်သည်။ ဖုန်းနှစ်လုံးစလုံးအား ယခုနှစ်ကုန်ပိုင်းတွင် စတင်ရောင်းချမည်ဟုသိရသည်။

• • •

# Intel မှ Laptop များအတွက် သတ္တမမျိုးဆက် 'Kaby Lake' Core CPUs များကို ဖြန့်ချိခဲ့




Intel သည် လူအများစောင့်မျှော်လျက်ရှိသည့် Kaby Lake သတ္တမမျိုးဆက် Core processor ၏ ပထမဆုံး chip ကိုစတင်ထုတ်လုပ်ပေးခဲ့ပြီး Y series နှင့် U series chip များသည် laptop နှင့် အခြားသေးငယ်ပါးလွှာသော devices များတွင် သုံးနိုင်မည်ဖြစ်သည်။ ယခင်ကထက် စွမ်းဆောင်ရည်ပိုမိုကာ 4K ဖျော်ဖြေရေး၊ ဂိမ်းစသည်တို့တွင် အားသာလာမည်ဟု Intel မှဆိုခဲ့သည်။ Intel ၏ အဆိုအရ 14nm+ သတ္တမမျိုးဆက် Intel Core processor သည် စွမ်းဆောင်ရည် 12% ပိုမိုနိုင်ပြီး web နှင့်ဆိုင်သောကိစ္စများတွင် Skylake ထက် 19% ပိုမိုသာလွန်မည်ဟုဆိုခဲ့သည်။ Intel ၏ သတ္တမမျိုးဆက် Core processor များသည် 4K UHD နှင့် 360 ဒီဂရီဗီဒီယိုများ editing နှင့် sharing တွင် ၅နှစ်သက်တမ်းရှိ PC အဟောင်းတစ်ခုထက် ၁၅ ဆ ပိုမိုမြန်ဆန်ကြောင်းလည်းသိရသည်။ အားတစ်ခါသွင်းရုံမျှဖြင့် 4K ဗီဒီယိုအား ၉နာရီထိ ကြည့်ရှုနိုင်မည်ဟုလည်းဆိုသည်။ Core i7-7500 U သည် 4K ဗီဒီယိုဖွင့်ချိန်တွင် 5% သာ CPU ကိုသုံးစွဲပြီး ပါဝါ ၀.၅-၀.၀သာ သုံးစွဲကြောင်းတွေ့ရသည်။ ဂိမ်းကစားရန်အတွက် CPU နှင့် တွဲဖက်ပါဝင်သောဂရပ်ဖစ်ကိုသာ အားကိုးရသူများအတွက်လည်း တိုးတက်မှုများကိုတွေ့နိုင်သည်။ ၅နှစ်ကြာပြီဖြစ်သော PC နှင့်ယှဉ်ပါက Kaby Lake သည် ဂိမ်းအတွက် frame rates ၃ဆတိုးတက်လာကြောင်း တွေ့ရသည်။ Y နှင့် U series chip အားလုံးသည် Gen 3 PCIe ကို ထောက်ပံ့ပေးနိုင်ပြီး Thunderbolt 3 သည် ပြင်ပမှ ဂရပ်ဖစ်ချိတ်ဆက်မှု၊ မော်နီတာချိတ်ဆက်မှုများကို လွယ်ကူစေပြီး 100W AC ပါဝါကို ထောက်ပံ့ပေးနိုင်ပြီး USB မြန်နှုန်း 40Gbps ထိရှိလာမည်ဖြစ်သည်။ Desktop Kaby Lake ကိုတော့ ဖန်နဝါရီလထဲထိ စောင့်ဆိုင်းရမှာဖြစ်တယ်လို့ သိရပါတယ်။ Mobile 7th gen Intel processors တွေကိုတော့ စက်တင်ဘာထဲမှာပဲ စတင်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

• • •


ပြတ်သားကြည်လင်တဲ့
အမြင်
တွေကိုပိုင်ဆိုင်စေဖို့
iiCARE
Lutein & Bilberry Extract
မျက်စိညောင်းခြင်း
မျက်ကြောတင်းခြင်း
မျက်စိကျိန်းခြင်း
အမြင်မှုန်ဝါးခြင်း
မျက်စိခြောက်သွေ့ခြင်း
မျက်ရည်ပူကျခြင်းများအတွက်...
အိုင်းကဲ
မနက်တစ်လုံး ညတစ်လုံး (သို့)
ဆရာဝန်ညွှန်ကြားသည့်အတိုင်း
အစာစားပြီးသောက်ရန်
MEGA We care
iiCARE
Bilberry Extract
Bilberry သီး၊ လူတင်း၊ ဘီတာကယ်ရိုတင်းတို့ ပေါင်းစပ်ပါဝင်တဲ့ သဘာဝမျက်စိအားဆေး ဖြစ်ပါတယ်။
MEGA
We care
Human Wellness